ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက် ဗုဒ္ဓဟူးနေ့၊ (24-2-2016) (၈၄၈၆)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## အက်စ်တိုးနီးယားနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ရက်တွင် ကျရောက်သော အက်စ်တိုးနီးယား သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အက်စ်တိုးနီးယားသမ္မတ နိုင်ငံ သမ္မတ မစ္စတာ တိုးမာစ် ဟင်းဒရစ်ခ်အီဗက်ခ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ရက်တွင် ကျရောက်သော အက်စ်တိုးနီးယား သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အက်စ်တိုးနီးယား သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ တာဗီရိုင်ဗာ(စ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## (၈)ကြိမ်မြောက်အာရှ-ပစိဖိတ်မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးများဆိုင်ရာညီလာခံ၏ အရေးပါမှုများဆွေးနွေး

စာမျက်နှာ » ၃

## သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(က)တည်ဆောက်ပြီးစီးမှုနှင့် နိုင်ငံတကာကုမ္ပဏီကြီးများမှ လာရောက်ရင်းနှီးမြှုပ်နှံမှု ကိစ္စရပ်များဆွေးနွေး

စာမျက်နှာ » ၃

# သမိုင်းရာဇဝင်တွင် သစ္စာမဲ့သည့် လုပ်ရပ်များကြောင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီး သူ့ကျွန်ဘဝကျရောက်ခဲ့ ယင်းသစ္စာမဲ့မှု၏ အကျိုးဆက်အပြစ် ပဋိပက္ခများကို ယနေ့တိုင် ဖြေရှင်းနေရဆဲဖြစ်

စာမျက်နှာ » ၈

# မြန်မာနိုင်ငံအထက်ပိုင်းရှိ မလိခမြစ်ဖျားတွင် ရုတ်တရက်ရေကြီးမှုဖြစ်ပေါ် ကချင်ပြည်နယ်တွင် နောက်နှစ်ရက်အတွင်း မိုးထစ်ချုန်းရွာမည်ဟုခန့်မှန်း



**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၃**

ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၂ နာရီခန့်မှ စတင်ကာ ကချင်ပြည်နယ် မလိခမြစ်ဖျားတွင် မကြုံစဖူးထူးခြားစွာ ရုတ်တရက် ရေကြီးမှုဖြစ်ပေါ်ခဲ့ပြီး မလိခမြစ်ကမ်းဘေးတွင် ရွှေပြောင်းအလုပ်သမားများအဖြစ် အလုပ်လုပ်ကိုင်နေသူ ၁၀၀၀ ကျော်ခန့် ရေကြီးမှုဒဏ်ခံခဲ့ရကြောင်း ယင်းဒေသတွင် လက်ရှိ အလုပ်လုပ်ကိုင်လျက်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

“အခုအချိန်က ရေခန်းချိန်လည်း ဖြစ်နေတော့ ဘယ်သူမှ သတိမထားမိကြဘူး။ ရေကြီးတဲ့အချိန်က အားလုံး အိပ်ပျော်နေတဲ့ အချိန်ဖြစ်လို့ ပစ္စည်းတွေ သယ်ယူဖို့တောင် မလုပ်နိုင်ကြပါဘူး။ အဲဒီမလိခမြစ်ရေ ရုတ်တရက် ရေကြီးမှု ဖြစ်လာခဲ့တာကြောင့် မြစ်ကမ်းနံဘေးမှာရှိတဲ့ ဈေးဆိုင်တွေနဲ့ မလိခမြစ်ရိုးတစ်လျှောက် အလုပ်လုပ်နေကြတဲ့ လုပ်ငန်းရှင်တွေလည်း ပစ္စည်းဆုံးရှုံးမှုတွေ ရှိခဲ့ပါတယ်။ ရေကြီးကြီးချင်းသိလိုက်လို့ ကျွန်တော်တို့ နေတဲ့နေရာနဲ့ မိုင် ၃၀ လောက်ဝေးတဲ့ လုပ်ငန်းရှင်များအား အချိန်မီ

စာမျက်နှာ ၃ ကော်လံ ၅ သို့ ✻

## ဧရာဝတီမြစ်ရေ ဆက်လက် မြင့်တက်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ဧရာဝတီမြစ်ရေသည် ဖေဖော်ဝါရီ ၂၂ ရက်ည ၁၀ နာရီခွဲ အချိန်တိုင်းထွာချက်အရ မြစ်ကြီးနားမြို့တွင် ၅၀၃ စင်တီမီတာသို့ ရောက်ရှိခဲ့ပြီး ၁၆ နာရီအတွင်း ၁၂ ပေခန့် မြင့်တက်ခဲ့သည်။

အဆိုပါမြစ်ရေသည် နောက်တစ်ရက်မှ သုံးရက်အတွင်း ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ခုနစ်ပေမှ ရှစ်ပေခန့်၊ နောက်သုံးရက်မှ ငါးရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ငါးပေမှ ခြောက်ပေခန့်နှင့် နောက်ခြောက်ရက်မှ ၁၁ ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် လေးပေမှ ငါးပေခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ကြောင်းများအတွင်း သွားလာနေကြမည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများ အနေဖြင့်လည်း မြစ်ရေရုတ်တရက်တိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ အကြံပြုထားသည်။

**(ကြေးမုံ)**



**ကြေးမုံ စာတည်းရှုထောင့်** ၂၄-၂-၂၀၁၆၊ ဗုဒ္ဓဟူးနေ့

# သဘာဝကပေးသော အကျိုးကျေးဇူး

ယနေ့မိုးလေဝသသတင်းထုတ်ပြန်ချက်အရ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၌ ၁၂ ပေခန့်မြင့်တက်ခဲ့ကြောင်း၊ နောက်ရက်များတွင် ဗန်းမော်မှ မြန်မာနိုင်ငံအလယ်ပိုင်း မြို့အသီးသီးအလိုက်မှ မြန်မာနိုင်ငံအောက်ပိုင်း ဇလွန်မြို့အထိ ဧရာဝတီမြစ်ရေ ရှစ်ပေ၊ ခုနစ်ပေ၊ ခြောက်ပေ၊ ငါးပေ၊ လေးပေ၊ သုံးပေအထိ အဆင့်ဆင့်မြင့်တက်လာမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန် ထားသည်။

ဧရာဝတီမြစ်၏ ရေအရင်းအမြစ်များတည်ရှိရာမှာ မြန်မာနိုင်ငံမြောက်ဖျားပိုင်း ရေခဲတောင်ဒေသဖြစ်သည်။ ရေခဲတောင်ဒေသတွင် နှစ်စဉ်နိုဝင်ဘာလဝန်းကျင်တွင် ရေခဲများ စတင်ကျဆင်းလေ့ရှိပြီး နောက်တစ်နှစ်ဧပြီလမတိုင်မီ ရာသီဥတု ပူနွေးလာချိန်တွင် ရေခဲများအရည်ပျော်လေ့ရှိသည်။ အဆိုပါရေများသည် အရင်းအမြစ်များအဖြစ် ကချင်ပြည်နယ်မြောက်ဖျားမှ ချောင်းနှင့်မြစ်လက်တက်များမှတစ်ဆင့် ဧရာဝတီမြစ်အတွင်းသို့ ဆင်းသက်လေ့ရှိသည်။

ယခုနှစ် ဆောင်းရာသီမှာ အအေးလည်းပိုသောကြောင့် မလိရေခဲတောင်တွင် ရေခဲများပိုမိုကျဆင်းသည်။ ဇန်နဝါရီလကျော်လွန်သည်နှင့် ရေခဲအရည်ပျော်မှုကို စတင်ကြုံတွေ့ရသည်။ မြန်မာနိုင်ငံမြောက်ဖျားပိုင်း ရေခဲတောင်ဒေသမှ စတင်စီးဆင်းလာသည့် ပူတာအိုမြို့နယ် ဇီယာဒမ်းရွာအနောက်ဘက်မှ ချောင်းငယ်များသည် မလိခမြစ်အတွင်းသို့စီးဝင်ပြီး ခါကာဘိုဒေသဘက်မှ ချောင်းငယ်များမှာ မေခမြစ်အတွင်းသို့စီးဝင်ကာ အဆိုပါမြစ်နှစ်ခုပေါင်းဆုံရာမှ ဧရာဝတီမြစ်အတွင်း ရေများကျဆင်းသည်။

၂၀၀၉ ခုနှစ်က ရေခဲပျော်ဆင်းမှု နည်းပါးခဲ့ပြီး မိုးလည်းနည်းပါးခဲ့သည့်အတွက် ဧရာဝတီမြစ်တွင် ရေနည်းပါးမှု၊ မြစ်ရေကြီးမှု မရှိသလောက် နည်းပါးမှုတို့ကို ကြုံတွေ့ခဲ့ရသည်။ ယခုနှစ်မှာ ရေခဲကျဆင်းမှုကောင်းပြီး ရေဝေရေလဲဒေသ မြစ်အထက်ပိုင်းတွင်လည်း မိုးရွာသွန်းမှုကောင်းခဲ့ရာ ဧရာဝတီမြစ်မှာ ရေပုံမှန်ရှိနိုင်သည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ ရေခဲတောင်၏ သဘာဝပတ်ဝန်းကျင်အပြောင်းအလဲသည် ဧရာဝတီမြစ်ကြီး ရေကောင်းခြင်း၊ မကောင်းခြင်းနှင့် သက်ဆိုင်သဖြင့် ဧရာဝတီသည် ကျွန်ုပ်တို့၏ အသက်သွေးကြောဖြစ်သည်။

ထိုအချိန်တွင် အနောက်ဘက်မှလာသော လေပွေလှိုင်းများအရှိန်ကြောင့် မြန်မာနိုင်ငံဒေသအချို့တွင် မိုးရွာသွန်းမည်ဟု မိုးလေဝသနှင့်ဇလဗေဒဌာနမှ အသိပေးထားပြန်သည်။ ယခုကာလနွေဦးအစတွင် ပူပြင်းခြောက်သွေ့သော အယ်လ်နီညိုရာသီဥတုကြောင့် မြစ်ချောင်းများ ရေခန်းခြောက်နိုင်ပြီး မြန်မာနိုင်ငံရှိပြည်သူများ စိုက်ပျိုးရေ၊ သောက်သုံးရေအတွက် အခက်အခဲရှိနိုင်သောကြောင့် ရေပြတ်လပ်မှုနှင့်မကြုံတွေ့နိုင်ရေး ကြိုတင်ပြင်ဆင်မှုများကို နယ်မြေဒေသအလိုက် ဆောင်ရွက်နေသည်ကို တွေ့ရသည်။ ပြည်သူများအနေဖြင့်လည်း ရေပြတ်လပ်မှုဖြစ်မည်ကို စိုးရိမ်ပူပန်နေကြသည်။

ယခုစိုးရိမ်ဖွယ်မရှိနိုင်တော့ဟု ဆိုရမည်ဖြစ်သည်။ သဘာဝကပေးသော မြန်မာနိုင်ငံ၏ ကံကောင်းခြင်းလက်ဆောင်ဟု ဆိုနိုင်သည်။ သို့သော် ရေကြီးရေလျှံမှု၊ စိုက်ပျိုးသီးနှံများပျက်စီးမှု၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်တတ်သော ကျန်းမာရေးထိခိုက်မှုတို့ကို အထူးသတိထားရမည်ဖြစ်သည်။

ထိုအခြေအနေကောင်းများ တစ်ဖက်ကရှိလာချိန်တွင် မြစ်ချောင်းရေများ မညစ်ညမ်းစေရေးကိုလည်း အသိတရားရှိရှိဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်။ အထူးသဖြင့် မြန်မာနိုင်ငံအထက်ပိုင်းတွင် မြေသယံဇာတများကို ထုတ်ယူအသုံးချသောကြောင့် မြစ်ချောင်းများအတွင်းသို့ စွန့်ပစ်အညစ်အကြေးများ၊ အနည်အနှစ်များ ကျဆင်းလျက်ရှိသည်ကို ဝေဟင်အထက်မှ ကြည့်လျှင်မြင်နိုင်သည်။ ကြည်လင်သော စိမ်းပြာရောင်ရေ၏အနားသတ်များတွင် နောက်ကျိသော ရွှံ့နွံရောင်အဝါရည်များ စီးဆင်းနေသည်။

မြန်မာနိုင်ငံအလယ်ပိုင်း၊ အထက်ပိုင်းမှ မြစ်ချောင်းရေများ ကြည်လင်သန့်ရှင်းနေပါက စိုက်ပျိုးရေသာမက သောက်သုံးရေအတွက်ပင် စိတ်ပူပင်စရာလိုမည်မထင်ချေ။ အမှန်တကယ်တွင်လည်း ဧရာဝတီမြစ်ကို အမှီပြုနေထိုင်ကြသော ကျေးလက်နေပြည်သူများသည် ထိုမြစ်ရေနှင့်ပင် စိုက်ပျိုးရေ၊ သောက်သုံးရေကို အသုံးပြုနေကြဆဲဖြစ်သည်။ ဧရာဝတီမြစ်သည် ကျွန်ုပ်တို့မြန်မာနိုင်ငံသားအားလုံး၏ အသက်သွေးကြောကျေးဇူးရှင်ပင်ဖြစ်သည်။

ဧရာဝတီရှင်သန်နေသရွေ့၊ ဧရာဝတီကြည်လင်လန်းဆန်းနေသရွေ့ ကျွန်ုပ်တို့မြန်မာနိုင်ငံသားများအားလုံး ရှင်သန်နေမည်ဟု ယုံကြည်ပါသည်။ ။

## ကမ္ဘာ့ကင်းထောက်အဖွဲ့ စတင်တည်ထောင်သူ၏ မွေးနေ့အထိမ်းအမှတ်အခမ်းအနားနှင့် ဒဂုံတက္ကသိုလ် တက္ကသိုလ်အခြေခံအဆင့် ကင်းထောက်သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ကမ္ဘာ့ကင်းထောက်အဖွဲ့ စတင်တည်ထောင်သူ၏ မွေးနေ့အထိမ်းအမှတ် (Founder's Day and World Thinking Day) အခမ်းအနားနှင့် ဒဂုံတက္ကသိုလ် တက္ကသိုလ်အခြေခံအဆင့် ကင်းထောက်သင်တန်းဆင်းပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကမ္ဘာ့ကင်းထောက်အဖွဲ့ စတင်တည်ထောင်သူ၏ မွေးနေ့အထိမ်းအမှတ် (Founder's Day and World Thinking Day) အဖြစ် ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ကမ္ဘာ့အမျိုးသမီး ကင်းထောက်အဖွဲ့ချုပ် ဥက္ကဋ္ဌတို့က ပေးပို့သည့် သဝဏ်လွှာကို မြန်မာနိုင်ငံအမျိုးသားကင်းထောက်အဖွဲ့ အထွေထွေအတွင်းရေးမှူး ဦးသီဟတင်က ဖတ်ကြားပြီး ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလှငွေးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားကင်းထောက်အဖွဲ့ကင်းထောက်ချုပ် ဒေါက်တာတင်ညိုက ယနေ့သည် ကမ္ဘာ့ကင်းထောက်အဖွဲ့ကို တည်ထောင်ခဲ့သည့် ကမ္ဘာ့ကင်းထောက်ချုပ်ကြီး ရောဘတ်ဗေဒဲန်ပိုဝဲလ် (Robert Baden Powell) ၏ မွေးနေ့အား ကမ္ဘာ့ကင်းထောက်အဖွဲ့ တည်ထောင်သူနေ့ဟု တစ်ကမ္ဘာလုံးတွင် ကျင်းပသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း ဒဂုံတက္ကသိုလ် ကင်းထောက်သင်တန်းဆင်းပွဲနှင့်အတူ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်အဖွဲ့ ဒုတိယကင်းထောက်ချုပ် ဒေါ်ခင်စောဥမ္မာက အမျိုးသမီးကင်းထောက်လှုပ်ရှားမှုများကို ပြောကြားသည်။



ယင်းနောက် ပါမောက္ခချုပ် ဒေါက်တာလှငွေးက သင်တန်းဆင်းကျောင်းသားကျောင်းသူများအား သင်တန်းဆင်းလက်မှတ်များကို လည်းကောင်း၊ သီဟကင်းထောက်ကြီး ဦးအေးကျော်က ကင်းထောက်ခြေနုတံဆိပ်များကို လည်းကောင်း ပေးအပ်သည်။

ထို့နောက် သင်တန်းဆင်းကျောင်းသား ကျောင်းသူများက ကင်းထောက်သီချင်းများဖြစ်သော "World Song" နှင့် "Messenger of Peace"သီချင်းများ သီဆိုကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**ကိုလတ်(သတင်းစဉ်)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၇၉၉၀၀၀ | - | ၇၉၉၀၀၀ |
| မန္တလေး(ရွှေဈေး) | ၇၉၈၅၀၀ | - | ၇၉၈၅၀၀ |

| စက်သုံးဆီဈေးနှုန်း | ရန်ကုန် | မန္တလေး |
|---|---|---|
| (က) ဒီဇယ် တစ်လီတာ | ၄၆၀/၄၈၀ ကျပ်၊ | ၅၀၀/၅၂၀ ကျပ် |
| (ခ) အောက်တိန်း 95တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၇၀/၇၂၀ ကျပ် |
| (ဂ) အောက်တိန်း 92 တစ်လီတာ | ၅၂၀/၅၃၀ ကျပ်၊ | ၅၈၀/၆၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် တစ်လီတာ | ၅၀၀/၅၂၀ ကျပ်၊ | ၅၅၀/၅၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၃၇၃ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၁၄ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၂၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၃၅.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၆၂.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၉.၃၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၄.၅၄၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၅.၇၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၀၁၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၉၄.၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၀.၆၆ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၉၄.၁၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၂.၄၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# နမ့်ဆန်မြို့ ပြန်လည်တည်ဆောက်ရေးစီမံကိန်း စတင်

**သီပေါ ဖေဖော်ဝါရီ ၂၃**

ဖေဖော်ဝါရီ ၄ ရက်က မီးလောင်မှုဖြစ်ပွားခဲ့သော နမ့်ဆန်မြို့မှ မီးလောင်ပြင်ရှင်းလင်းရေးလုပ်ဆောင်မှုများမှာ ဖေဖော်ဝါရီ ၂၁ ရက်က ပြီးစီး၍ စခန်းသိမ်းပြီဖြစ်သည်။ ယခုဆက်လက်၍ မြို့ပြစီမံကိန်းအသစ်ဖြင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။

ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့ပူးပေါင်း၍ အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ မြို့ပြစီမံကိန်းကိုလည်း ပထမအဆင့်အနေဖြင့် လမ်းနေရာချဲ့ထွင်ခြင်း၊ နေအိမ်များကို တတ်နိုင်သမျှ နောက်သို့ဆုတ်ပေးခြင်း၊ တစ်အိမ်နှင့်တစ်အိမ်ကြား သင့်မျှသော အကွာအဝေးတွင် ပြန်လည်ဆောက်လုပ်ခြင်း၊ လမ်းနေရာအပါအဝင် မျက်နှာချင်းဆိုင်နေအိမ် တစ်အိမ်နှင့်တစ်အိမ် အကွာအဝေးကို ပေ ၃၀ အထိ ချထားခြင်း၊ ဒုတိယအဆင့်တွင် မြို့ရှောင်ပတ်လမ်းဖောက်ခြင်း၊ တံတားများ တည်ဆောက်ခြင်း၊ တတိယအဆင့်တွင် လူနေအိမ်များ ဆောက်လုပ်နေထိုင်နိုင်မည့် တောင်စွယ်နေရာများ၌ နေရာချဲ့ထွင်ခြင်း စသည်တို့ကို ရေးဆွဲဆောင်ရွက်သွားမည်ဟု သိရသည်။

နမ့်ဆန်မြို့တွင် ဖြစ်ပွားခဲ့သော မီးဘေးကြောင့် အိမ်ခြေ ၂၀၉ လုံး ဆုံးရှုံးပြီး အိမ်ထောင်စုပေါင်း ၃၀၀ ခန့်မှာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ မီးဘေးသင့်ပြည်သူများကို နိုင်ငံတော်အစိုးရ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုကူညီရေးပရဟိတအဖွဲ့များနှင့် စေတနာရှင် ရဟန်းရှင်လူပြည်သူများက လုပ်အား၊ ငွေအား၊ ပစ္စည်းအား၊ စေတနာအားများဖြင့် တစ်ခဲနက် ဝိုင်းဝန်းကူညီလှူဒါန်းခဲ့ကြသဖြင့် ယခုကဲ့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ဆောလျင်စွာ စတင်ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူတွေအပေါ် နိုင်ငံတော်အစိုးရကအစ ရဟန်းရှင်လူပြည်သူစေတနာရှင်တွေက ယနေ့အထိ တစ်ခဲနက် ဝိုင်းဝန်းကူညီပေးခဲ့ကြလို့ မျက်ရည်ကျသည်အထိ အထူးပင်ဝမ်းသာပီတိဖြစ်ရပါတယ်။ ဒီလိုစေတနာမေတ္တာတွေကို မျက်ဝါးထင်ထင် တွေ့မြင်ခံစားရလို့လည်း အားငယ်ဝမ်းနည်းစိတ်တွေပျောက်ပြီး အားတက်ဝမ်းသာခဲ့ရပါတယ်။ နမ့်ဆန်မြို့ကို မရောက်ဖူး၊ မမြင်ဖူး၊ မသိဖူးတဲ့ စေတနာရှင်တွေက တကူးတက လာရောက်ကူညီလှူဒါန်းပေးခဲ့ကြတာတွေကိုလည်း သားစဉ်မြေးဆက်အထိ ဘယ်တော့မှ မမေ့မပျောက်တော့ဘဲ အမြဲသတိတရရှိနေမှာပါဆိုတာ မီဒီယာကတစ်ဆင့် ပြောပြပေးပါဗျာ။ စေတနာရှင်၊ အလှူရှင်တွေရဲ့ကူညီမှုတွေကြောင့် ခုဆိုရင် နမ့်ဆန်မှာ ပြာပုံဘဝကနေ ပြန်လည်အလှဆင်ဖို့ အားယူနိုးထနေပါပြီလို့လည်း အားလုံးကို အသိပေးလိုက်ပါတယ်"ဟု နမ့်ဆန်မြို့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်ကျော်က မီဒီယာသို့ ပြောခဲ့သည်။

**(သီပေါကိုလတ်)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

# (၈)ကြိမ်မြောက် အာရှ-ပစိဖိတ် မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးများဆိုင်ရာညီလာခံ၏ အရေးပါမှုများဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စ ယိုရီကိုယာဆုကာဝါ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူမှုဆိုင်ရာလုပ်ငန်းစဉ်များ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးနှင့် (၈)ကြိမ်မြောက် အာရှ-ပစိဖိတ် မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးများဆိုင်ရာညီလာခံ၏ အရေးပါမှုများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**



# သီလဝါအထူးစီးပွားရေးဇုန်အပိုင်း(က) တည်ဆောက်ပြီးစီးမှုနှင့် နိုင်ငံတကာကုမ္ပဏီကြီးများမှ လာရောက်ရင်းနှီးမြှုပ်နှံမှု ကိစ္စရပ်များဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာန နိုင်ငံတကာရေးရာ ဒုတိယဝန်ကြီး မစ္စတာ တာကာယူကီယူအီဒါ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(က) တည်ဆောက်ပြီးစီးမှုနှင့် နိုင်ငံတကာကုမ္ပဏီကြီးများမှ လာရောက်ရင်းနှီးမြှုပ်နှံမှု အခြေအနေ၊ ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်ရေးအတွက် မြန်မာ-ထိုင်း-ဂျပန် သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ အထူးစီးပွားရေးဇုန်များအား အထောက်အကူပြုနိုင်မည့် မိတ်ဖက်စက်မှုလုပ်ငန်းများအဖြစ် ဒေသန္တရစက်မှုလုပ်ငန်းများ အားပေးမြှင့်တင်ရေး၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘဏ္ဍာရေး၊ လူ့စွမ်းအားအရင်းအမြစ်၊ အခြေခံအဆောက်အအုံ၊ သတင်းအချက်အလက်နှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုနယ်ပယ် အသီးသီးတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးဟံစိန်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်တို့ တက်ရောက်ကြပြီး ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်း ဝန်ကြီးဌာန နိုင်ငံတကာရေးရာ ဒုတိယဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ မစ္စတာ အိချိရိုမာရူယာမလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

**✻ မြန်မာနိုင်ငံအထက်ပိုင်းမှ**

ဖုန်းဆက်အကြောင်းကြားခဲ့ခြင်းကြောင့် ပြင်ဆင်ချိန်ရတော့ ဆုံးရှုံးမှုသိပ်မရှိဘူး။ မလိခမြစ်ဖျားပိုင်းမှာရှိတဲ့သူတွေကတော့ ဆုံးရှုံးမှုများတယ်”ဟု လည်း ဆက်လက်ပြောပြသည်။

ရုတ်တရက်ရေကြီးမှုဖြစ်ပေါ်ခဲ့သည့် ဒေသအခေါ် ‘လယန်’ဒေသတွင် ဒေသခံများအပြင် မြန်မာနိုင်ငံ တစ်နံတစ်လျားမှ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် လာရောက်အလုပ်လုပ်ကိုင်နေသူများလည်းရှိပြီး နွေရာသီရေခန်းချိန်ရောက်ရှိလာပြီဖြစ်၍ သယ်ယူပို့ဆောင်ရေးနှင့် သွားလာရေးအဆင်ပြေစေရန် မြစ်ကမ်းနံဘေးသို့ ပြောင်းရွှေ့နေထိုင်ကြကြောင်းသိရသည်။ အဆိုပါပြောင်းရွှေ့နေထိုင်သူများသည် ပွင့်လင်းရာသီနှင့် ရေကျချိန်ဖြစ်သည့် ဒီဇင်ဘာလမှ ဧပြီလအထိ မြစ်ကမ်းနံဘေးတွင် နေထိုင်ကြကြောင်းသိရသည်။

ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက စတင်ကာ ရုတ်တရက်ကြီးခဲ့သည့်ရေသည် ညနေ ၆ နာရီအရောက်တွင် တစ်ပေခန့်ကျဆင်းသွားခဲ့ကြောင်းနှင့် နောက်ပိုင်းတွင် သိသာထင်ရှားသည့် ရေအတက်/အကျကို မတွေ့ခဲ့ရကြောင်း မလိခမြစ်ဖျားတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် ရွှေ့ပြောင်းအလုပ်သမားတစ်ဦးက ပြောပြသည်။

ယနေ့မိုးလေဝသ သတင်းထုတ်ပြန်ချက်အရ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၌ ၁၂ ပေခန့်မြင့်တက်ခဲ့ကြောင်း၊ နောက်ရက်များတွင် ဗန်းမော်မှ မြန်မာနိုင်ငံအလယ်ပိုင်း မြို့အသီးသီးအလိုက်မှ မြန်မာနိုင်ငံအောက်ပိုင်း ဇလွန်မြို့အထိ ဧရာဝတီမြစ်ရေ ရှစ်ပေ၊ ခြောက်ပေ၊ ငါးပေ၊ လေးပေအထိ အဆင့်ဆင့်မြင့်တက်လာမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

ဧရာဝတီမြစ်၏ ရေအရင်းအမြစ်များတည်ရှိရာမှာ မြန်မာနိုင်ငံ မြောက်ဖျားပိုင်း ရေခဲတောင်ဒေသဖြစ်သည်။ ရေခဲတောင်ဒေသသည် နှစ်စဉ် နိုဝင်ဘာလဝန်းကျင်တွင် ရေခဲများစတင်ကျဆင်းလေ့ရှိပြီး နောက်တစ်နှစ် ဧပြီလ မတိုင်မီရာသီဥတုပူနွေးလာချိန်တွင် ရေခဲများအရည်ပျော်လေ့ရှိသည်။ အဆိုပါရေများသည် အရင်းအမြစ်များအဖြစ် ကချင်ပြည်နယ်မြောက်ဖျားမှ ချောင်းနှင့်မြစ်လက်တက်များမှတစ်ဆင့် ဧရာဝတီမြစ်အတွင်းသို့ ဆင်းသက်လေ့ရှိသည်။

ယင်းသို့ မလိခမြစ်ဖျားပိုင်းတွင် ရုတ်တရက်ရေကြီးမှုမဖြစ်ပေါ်မီ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကလည်း အချိန်အခါမဟုတ်မိုးရွာနိုင်မည့် သတိပေးချက်များနှင့် ထူးခြားမြစ်ရေအခြေအနေတို့ကို ထုတ်ပြန်ကြေညာခဲ့ရာ မလိခမြစ်တည်ရှိရာ ကချင်ပြည်နယ်တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ကြောင်းနှင့် ထူးခြားမြစ်ရေအခြေအနေအဖြစ် မြစ်ကြီးနားတွင် ၂၁၈ စင်တီမီတာမှ ၂၉၈ စင်တီမီတာအထိရှိကြောင်း ဖော်ပြထားခဲ့သည်။ ထို့ပြင် ဖေဖော်ဝါရီ ၂၃ ရက်တိုင်းထွာချက်အရလည်း ကချင်ပြည်နယ်တွင် နောက်နှစ်ရက်အတွင်း မိုးထစ်ချုန်းရွာသွန်းမှုများ နေရာကျဲကျဲမှ နေရာစိပ်စိပ် ဖြစ်ပေါ်နိုင်ကြောင်းလည်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

“မြစ်ကြီးနားဘက်ရေကြီးတာနဲ့ပတ်သက်ပြီး မြစ်ရေထူးခြားချက်တွေထုတ်ခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပုံမှန်အားဖြင့် သုံးကြိမ်တိုင်းတာပါတယ်။ မနက် ၆ နာရီခွဲ၊ မွန်းလွဲ ၁၂ နာရီခွဲနဲ့ ညနေ ၆ နာရီခွဲပါ။ မွန်းလွဲ ၁၂ နာရီခွဲလောက်မှာ တိုင်းထွာချက်အရ ရေဟာ နှစ်ပေခွဲလောက်စတက်လာတယ်။ အဲဒီလိုထူးခြားလာလို့ဆိုပြီး တစ်နာရီတစ်ကြိမ်နှုန်းနဲ့ တိုင်းတာပါတယ်။ အဲဒီမှာလည်း တစ်နာရီကို တစ်ပေခွဲနှစ်ပေလောက်အထိ တက်လာတာတွေ့ရတယ်။ ညနေပိုင်းရောက်တဲ့အခါမှာ ခုနစ်ပေခွဲလောက်အထိတက်လာတယ်။ အဲဒီအချိန်မှာလည်း ဆက်တက်နေတုန်းပဲ။

ဧရာဝတီမြစ်အထက်ပိုင်းမှာဆိုရင် မချမ်းဘောမှာ မြစ်ရေတိုင်းတာရေးစခန်းရှိပါတယ်။ ကျန်တဲ့အထက်ပိုင်းမှာတော့ မြစ်ရေတိုင်းတာရေးစခန်း မရှိပါဘူး။ မြန်မာနိုင်ငံအထက်ပိုင်းမှာ မိုးရွာတဲ့အနေအထားတွေ တွေ့ရတယ်။ တချို့နေရာတွေဆို ခုနစ် မီလီမီတာ၊ ရှစ် မီလီမီတာလောက်ပဲရွာတာတွေ့ရတယ်။ အဲဒါကတော့ ကျွန်တော်တို့ မြစ်ရေတိုင်းတာရေးစခန်းရှိတဲ့နေရာတွေပါ။ မတိုင်းတာနိုင်တဲ့ တောင်ပေါ်ဒေသတွေဆိုရင်တော့ အဲဒီနေရာတွေက အချက်အလက်တွေကို မရနိုင်သလို သိလည်းမသိနိုင်ပါဘူး။ ဒါပေမယ့် မြစ်ရေကတော့ သိသိသာသာတက်လာတယ်။ အဲဒါကြောင့် မြစ်ကြီးနားကနေ ဗန်းမော်၊ ကသာ၊ မန္တလေး၊ စစ်ကိုင်း၊ ညောင်ဦး၊ မြင်းမူ စသဖြင့် တောက်လျှောက်ဆိုသလို အောက်ပိုင်း ဟင်္သာတအထိ တချို့က သောင်ထွန်းမှုတွေ ဖြစ်ပေါ်ပါတယ်။ လုပ်ကိုင်စားသောက်သူတွေရှိတယ်။ ညဘက်ဆိုအိပ်တာ၊ စိုက်ပျိုးရေးလုပ်တာတွေရှိတယ်။ အဲဒီအချိန် ရုတ်တရက်ဆိုသလို ရေထိုးပြီးတက်လာတာ သူတို့မသိဘူး။ မသိတဲ့အတွက် ထူးခြားမြစ်ရေသတင်းဆိုပြီး ဘယ်နှရက်အတွင်းမှာ ဘယ်မြို့ကိုတော့ ဘယ်လောက်ထိတက်နိုင်တယ်ဆိုပြီး ထုတ်ပြန်ပါတယ်။ ဒီနေ့ညအထိဆိုရင် မြစ်ရေက ၁၁ ပေ၊ ၁၂ ပေလောက်အထိ တက်နေတယ်။ မြစ်ကြီးနားဘက်မှာတော့ ပြန်ကျနေပြီလို့ သိရပါတယ်”ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယခုနှစ်တွင် အယ်လ်နီညိုရိုက်ခတ်မှုပြင်းထန်မည်ဟု နိုင်ငံတကာမိုးလေဝသဗဟိုနှင့် အခြားသောမိုးလေဝသဌာနများက သတိပေးထုတ်ပြန်ထားပြီး မြန်မာနိုင်ငံတွင်လည်း ၂၀၁၆ အယ်လ်နီညိုနှစ်၏ အစပထမအဖြစ် အပူချိန်လွန်ကဲခြင်းနှင့် ရေကြီးခြင်း၊ မိုးများလွန်းခြင်းနှင့် မိုးနည်းလွန်းခြင်းစသည့် အစွန်းတရားနှစ်ခုကို ရောက်နေသည့် အစွန်းရောက်ရာသီဥတုဖြစ်စဉ်များ ကြုံတွေ့နေရပြီဖြစ်ကြောင်းနှင့် မိုးခေါင်သည့်နေရာများတွင် မိုးခေါင်တတ်ပြီး ရေကြီးသည့်နေရာများတွင် ရေကြီးတတ်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က အယ်လ်နီညိုဖြစ်စဉ်နှင့် စပ်လျဉ်း၍ ပြောကြားထားသည်။

သတင်း-နိုင်လင်းကြည်၊ ဓာတ်ပုံ-မလိကြယ်စင်

# မြောက်ကိုရီယားအမျိုးသမီးဘောလုံးအသင်း ဂျပန်နိုင်ငံသို့ သွားရောက်



၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်ပြိုင်ပွဲဝင် မြောက်ကိုရီးယားအမျိုးသမီးဘောလုံးအသင်းကို တွေ့ရစဉ်။

**ပြုံယမ်း ဖေဖော်ဝါရီ ၂၃**

မြောက်ကိုရီးယား အမျိုးသမီးဘောလုံးအသင်းသည် ဘရာဇီးနိုင်ငံတွင် ကျင်းပမည့် ရီယိုဒီဂျနေရိုးအိုလံပစ်ပြိုင်ပွဲအတွက် နောက်ဆုံးအဆင့် ခြေစစ်ပွဲယှဉ်ပြိုင်ကစားရန် ဂျပန်နိုင်ငံသို့ ထွက်ခွာသွားပြီဖြစ်သည်။

ဂျပန်နိုင်ငံက မြောက်ကိုရီးယားနိုင်ငံအပေါ် ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုစည်းကမ်းအသစ်များတွင် မြောက်ကိုရီးယားနိုင်ငံသားများ ဂျပန်နိုင်ငံတွင်းသို့ ဝင်ရောက်လာခြင်းကို တားမြစ်ပိတ်ပင်ထားသည့် စည်းကမ်းတစ်ခုပါဝင်သည်။ သို့သော် ဂျပန်အစိုးရက ခြွင်းချက်အနေဖြင့် မြောက်ကိုရီးယားအမျိုးသမီးဘောလုံးအသင်းကိုမူ နိုင်ငံတွင်းသို့ ဝင်ရောက်ခွင့်ပြုရန် ဆုံးဖြတ်ခဲ့သည်။ အဆိုပါအမျိုးသမီးဘောလုံးအသင်း၏ အိုလံပစ်ပြိုင်ပွဲအတွက် ခြေစစ်ပွဲကိုလာမည့် တနင်္လာနေ့တွင် အိုဆာကာမြို့၌ ကျင်းပသွားမည်ဖြစ်သည်။

မြောက်ကိုရီးယား အမျိုးသမီးဘောလုံးအသင်းသည် ဂျပန်နိုင်ငံသို့ သွားရောက်ရန် မြို့တော်ပြုံယမ်းမှ တရုတ်နိုင်ငံ ပေကျင်းမြို့တော်သို့ ဖေဖော်ဝါရီ ၂၃ ရက်တွင် ဆိုက်ရောက်လာခဲ့သည်။ ပေကျင်းလေဆိပ်သို့ ရောက်ရှိလာသည့် အားကစားသမားများသည် သတင်းထောက်များ၏ မေးမြန်းချက်များကို တစ်စုံတစ်ရာပြန်လည်ဖြေကြားခြင်းမရှိဘဲ လေယာဉ်ပေါ်မှ ဆင်းပြီးနောက် မြောက်ကိုရီးယားသံရုံးက စီစဉ်ထားသည့် ဘတ်စ်ကားပေါ်သို့ တက်ရောက်သွားခဲ့ကြသည်။ ပေကျင်းမြို့ရှိ ဂျပန်သံရုံးက မြောက်ကိုရီးယားအမျိုးသမီးဘောလုံးအသင်းနှင့် အသင်းတာဝန်ရှိသူများအတွက် ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးသွားမည်ဖြစ်သည်။

မြောက်ကိုရီးယား အမျိုးသမီးဘောလုံးအသင်းသည် ဂျပန်၊ တရုတ်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ ဗီယက်နမ်အသင်းတို့နှင့် ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။ အဆိုပါအသင်းများအနက် ထိပ်ဆုံးနှစ်သင်းသာလျှင် အိုလံပစ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

ဂျပန်အမျိုးသမီးဘောလုံးအသင်းသည် မြောက်ကိုရီးယား အမျိုးသမီးဘောလုံးအသင်းနှင့် မတ် ၉ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

# ဘီတယ်လ်စ်အဖွဲ့ဝင်ကြယ်ပွင့်ဟောင်း ဂျွန်လင်နွန်၏ဆံခွေ ကန်ဒေါ်လာ ၃၅၀၀၀ ဖြင့် လေလံပွဲ၌ရောင်းချ





**နယူးယောက် ဖေဖော်ဝါရီ ၂၃**

လွန်ခဲ့သောနှစ် ၅၀ နီးပါးက နာမည်ကျော်အဆိုတော် ဂျွန်လင်နွန်၏ဦးခေါင်းမှညှပ်ယူထားခဲ့သည့် ဆံခွေတစ်ခုကို လေလံတစ်ခု၌ အမေရိကန်ဒေါ်လာ ၃၅၀၀၀ ဖြင့် ရောင်းချလိုက်ကြောင်း သိရသည်။

ဘီတယ်လ်စ်အဖွဲ့ဝင်ကြယ်ပွင့်မှာ ရုပ်ရှင်ကားတစ်ကား ရိုက်ကူးရန်ပြင်ဆင်နေချိန်တွင် ညှပ်ယူထားခဲ့သော အဆိုပါ ၁၀ စင်တီမီတာအရှည်ရှိသော ဆံခွေကို ဖေဖော်ဝါရီ ၂၀ ရက်က အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်တွင်ကျင်းပသောလေလံပွဲ၌ ဗြိတိန်အခြေစိုက် စုဆောင်းသူတစ်ဦးက ဝယ်ယူခဲ့ခြင်းဖြစ်သည်။

ဂျာမန်ဆံသပညာရှင်တစ်ဦးက ယင်းဆံခွေကို ၁၉၆၆ ခုနှစ်က "How I Won the War" ဆိုသော အဖြူအမည်း ဟာသရုပ်ရှင်ကား စတင်မရိုက်ကူးမီ ဂျွန်လင်နွန်ထံမှ ညှပ်ယူခဲ့ခြင်းဖြစ်ပြီး ဆယ်စုနှစ်ငါးခုနီးပါးကြာ ထိန်းသိမ်းထားခဲ့ခြင်းဖြစ်သည်။ အဆိုပါဆံခွေမှာ လေလံပွဲ၌ ဂျွန်လင်နွန်၏ဆံပင်အတွက် ပမာဏအများဆုံး ဈေးပေးကမ်းလှမ်းမှုဖြစ်ကြောင်း လေလံကုမ္ပဏီက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**

# ဂွါတာနာမို အကျဉ်းစခန်းပိတ်သိမ်းမည့် သမ္မတအိုဘားမား၏ အစီအစဉ် ကွန်ဂရက်သို့ တင်သွင်းဖွယ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၃**

ဂွါတာနာမို ပင်လယ်အော်ရှိ အမေရိကန်စစ်ဘက်ဆိုင်ရာအကျဉ်းစခန်းကို ပိတ်သိမ်းမည့် သမ္မတ ဘားရက်အိုဘားမား၏ အစီအစဉ်ကို ကာကွယ်ရေးဌာနက ဖေဖော်ဝါရီ ၂၃ ရက်တွင် ကွန်ဂရက်လွှတ်တော်သို့ တင်သွင်းမည်ဟု မျှော်လင့်ရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဂွါတာနာမိုပင်လယ်အော်ရှိ အမေရိကန် ရေတပ်စခန်း၌ ဖွင့်လှစ်ထားသောစစ်ဘက်ဆိုင်ရာ အကျဉ်းစခန်းကို ပိတ်ပေးမည်ဟု သမ္မတအိုဘားမားက ၂၀၀၉ ခုနှစ်တွင် သမ္မတရာထူးတာဝန်၌ စတင်ထမ်းဆောင်စဉ်ကပင် ကတိပြုခဲ့သည်။ အိုဘားမားသည် လာမည့် ဇန်နဝါရီလတွင် သမ္မတရာထူးသက်တမ်းကုန်ဆုံးချိန်မတိုင်မီ ယင်းကတိကဝတ်နှင့်အညီ အကောင်အထည်ဖော်ရန်လိုလားကြောင်း သတင်းတွင်ဖော်ပြသည်။

ဂွါတာနာမို အကျဉ်းစခန်းပိတ်သိမ်းရန် အသေးစိတ်အဆိုပြုချက်နှင့်ပတ်သက်၍ ဖေဖော်ဝါရီ ၂၃ ရက်ထက်နောက်မကျဘဲ ကွန်ဂရက်လွှတ်တော်သို့ တင်ပြရန် အိုဘားမားအစိုးရအဖွဲ့က ရည်မှန်းထားကြောင်း ကာကွယ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ကြီးဂျက်ဖ်ဒေးဗစ်က ပြောကြားသည်။

**ရိုက်တာ။**

# ဆီးရီးယားအပစ်အခတ်ရပ်စဲရေး အစီအစဉ် အမေရိကန်နှင့် ရုရှား ထုတ်ပြန်ကြေညာ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၃**

စစ်မက်ဖက်ပြိုင်တိုက်ခိုက်မှုများ ဖြစ်ပွားနေသည့် ဆီးရီးယားနိုင်ငံတွင် ကျင့်သုံးမည့်အပစ်အခတ်ရပ်စဲရေး အစီအစဉ်တစ်ရပ်ကို အမေရိကန်နှင့် ရုရှားနိုင်ငံတို့က ဖေဖော်ဝါရီ ၂၂ ရက်တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း၊ ယင်းထုတ်ပြန်ချက်အရ ဖေဖော်ဝါရီ ၂၇ ရက်တွင် အပစ်အခတ်ရပ်စဲမှု စတင်မည်ဖြစ်ကြောင်း၊ ငါးနှစ်နီးပါးကြာ ဖြစ်ပွားနေသည့် ဆီးရီးယားနိုင်ငံတွင်းမှ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးအတွက် တစ်ခုတည်းသော မျှော်လင့်ချက်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အဆိုပါအပစ်ရပ်ရေးအစီအစဉ်တွင် ကုလသမဂ္ဂအဖွဲ့က အကြမ်းဖက်အဖွဲ့များအဖြစ်သတ်မှတ်ထားသော အစ္စလာမ္မစ်နိုင်ငံထူထောင်ရေး (အိုင်အက်စ်)အဖွဲ့၊ နူစရာတပ်ဦးအဖွဲ့နှင့်အခြားသော အကြမ်းဖက်အဖွဲ့အစည်းများ အကျုံးဝင်ခြင်းမရှိပေ။ အပစ်အခတ်ရပ်စဲရေးအတွက် ဆီးရီးယားအစိုးရတပ်ဖွဲ့နှင့် အတိုက်အခံတပ်ဖွဲ့များထံမှ ကတိကဝတ်ပြုမှုရရှိရန် စောင့်ဆိုင်းနေဆဲဖြစ်သည်။ အပစ်အခတ်ရပ်စဲရေး ချိုးဖောက်မှုများရှိလာပါက မည်သို့တုံ့ပြန်မည်ကို မေးခွန်းထုတ်မှုများရှိနေကြောင်း သတင်းတွင် ဖော်ပြသည်။

အမေရိကန်နှင့် ရုရှားနိုင်ငံတို့ ပူးတွဲထုတ်ပြန်ကြေညာသည့် အပစ်အခတ်ရပ်စဲရေးအစီအစဉ်အရ ဆီးရီးယားနိုင်ငံတွင်းမှ မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းမဆို လက်နက်ကိုင်ပဋိပက္ခအား စေ့စပ်ညှိနှိုင်းရေးအတွက် ပါဝင်နိုင်ပြီး အပစ်အခတ်ရပ်စဲရေးပြုလုပ်ပါမည်ဟု ရုရှားသို့မဟုတ် အမေရိကန် တာဝန်ရှိသူများထံ ကတိပြုရန်လိုအပ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ ဖေဖော်ဝါရီ ၁၂ ရက်က နိုင်ငံတကာ ဆီးရီးယားအထောက်အကူပြုအဖွဲ့၏ အစည်းအဝေးတွင် ဆီးရီးယား၌ တိုက်ခိုက်မှုများရပ်စဲရေးကိစ္စကို ဆွေးနွေးခဲ့ကြသည်။

**ဆင်ဟွာ။**



# တရုတ်သို့တင်ပို့မည့် ပင်လယ်လိပ်ငယ်များ အင်ဒိုနီးရှားအကောက်ခွန်ဌာန သိမ်းဆည်းရမိ

**ဂျကာတာ ဖေဖော်ဝါရီ ၂၃**

တရုတ်နိုင်ငံသို့ ပင်လယ်လိပ်သားပေါက်များ မှောင်ခိုတင်ပို့ရောင်းချရန် ကြိုးပမ်းမှုကို အင်ဒိုနီးရှားအကောက်ခွန်ဌာနကဖြိုခွင်းလိုက်နိုင်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာ ဆင်ခြေဖုံးရှိ အဆောက်အအုံတစ်လုံးအတွင်း သိုလှောင်ကန်များဖြင့် လျှို့ဝှက်ထားရှိသော ပင်လယ်လိပ်သားပေါက်များကို ရှာဖွေတွေ့ရှိခဲ့ရသည်။

ဂျကာတာလေဆိပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရန် စီစဉ်ထားသော ပင်လယ်လိပ်များဖြစ်ကြောင်း လေဆိပ်အကောက်ခွန် တာဝန်ရှိသူများက ပြည်ပသို့ ပင်လယ်လိပ်မှောင်ခိုတင်ပို့မှုကို တားဆီးနိုင်ခဲ့ကြောင်း သတင်းဌာနများက ရေးသားဖော်ပြသည်။

ပင်လယ်လိပ်အမျိုးအစားနှစ်မျိုးမှာ အကောင်ရေ ၄၆၀၀ ခန့်ရှိပြီး ဂျကာတာဆင်ခြေဖုံးရှိ အဆောက်အအုံတွင် သိုဝှက်ထားရှိခဲ့သည်ကို စစ်ဆေးတွေ့ရှိခဲ့သည်။

အဆိုပါ ပင်လယ်လိပ်ငယ်များကို တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ကျိုးမြို့သို့လေယာဉ်ဖြင့် တင်ပို့ရန်စီစဉ်ထားကြောင်း အကောက်ခွန်ဌာနတာဝန်ရှိသူများက ပြောကြားသည်။

ပြည်ပသို့ ခိုးထုတ်မည့် ယင်းပင်လယ်လိပ်မျိုးများမှာ မျိုးသုဉ်းမည့်ဘေးအန္တရာယ်ရှိနေခြင်းကြောင့် ဥပဒေဖြင့် ကာကွယ်စောင့်ရှောက်ထားသော ပင်လယ်လိပ်မျိုးများဖြစ်ကြကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ဆင်ဟွာ။**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးဝင်းမြင့် သံအမတ်ကြီးများအား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H. E. Mr. Nicholas Coppelအား ယနေ့မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး H. E. Mr. Robert Chua အား**(အောက်ပုံ)** ညနေ ၃ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယား သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Lee Baek–soon အား ညနေ ၃ နာရီခွဲတွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**





# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း သံအမတ်ကြီးများအား သီးခြားစီလက်ခံတွေ့ ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

**ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H.E. Mr. Robert Chua အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**

တွေ့ဆုံစဉ် ပညာရေးဆိုင်ရာ စွမ်းရည်မြှင့်တင်မှု အစီအစဉ်နှင့် လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အလားတူ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျ သံအမတ်ကြီး H.E. Mr. Nicholas Coppel အား ယနေ့ညနေ ၃ နာရီတွင် လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတကာဆက်ဆံရေး လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူးနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဖွဲ့စည်းရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union- MPU) ဖွဲ့စည်းရေးညှိနှိုင်းအစည်းအဝေးကိုယနေ့မွန်းလွဲ ၁၂နာရီခွဲတွင်နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ပြည်ထောင်စုလွှတ်တော်နာယကနှင့်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကနှင့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများ၊ လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော် နာယကနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယခုဆောင်ရွက်သော အစည်းအဝေးသည် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကာလအတွက် မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ ပြန်လည်ဖွဲ့စည်းရေးညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ ပထမအကြိမ် လွှတ်တော်သက်တမ်းကာလတွင် ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့သည် ပထမအကြိမ် လွှတ်တော်များနှင့်အတူ သက်တမ်းကုန်ဆုံးခဲ့ပြီးဖြစ်၍ ပြန်လည်ဖွဲ့စည်းနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများက ဆွေးနွေးညှိနှိုင်းပြီး သဘောထားပေးကြရန်ဖြစ်ကြောင်းပြောကြားသည်။



ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားရာတွင် MPU သည် ယခင်ပါလီမန်ခေတ်က ဖွဲ့စည်းခဲ့သည့် အဖွဲ့အစည်းဖြစ်ပြီး ပထမအကြိမ် လွှတ်တော်သက်တမ်းကာလတွင်လည်း ပြည်ထောင်စုအဆင့်လွှတ်တော်များနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အဆင့် လွှတ်တော်များ ညှိနှိုင်းဆွေးနွေးပြီး ပူးပေါင်းဖွဲ့စည်းခဲ့ပါကြောင်း၊ ဒီမိုကရေစီကျင့်စဉ်ကို ချောချောမွေ့မွေ့အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရေးနှင့် လွှတ်တော်အသီးသီး၏ လုပ်ငန်းတာဝန်များ အဆင်ပြေချောမွေ့စွာ ညှိနှိုင်းပူးပေါင်းလုပ်ဆောင်နိုင်ရေးအတွက် MPU သည် ဖွဲ့စည်းဆောင်ရွက်သင့်သည့် အဖွဲ့အစည်းတစ်ရပ် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကနှင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌတို့က အကြံပြုဆွေးနွေးခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများက မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (MPU) ဖွဲ့စည်းရေးကိစ္စနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခြင်းများ ပြုလုပ်ကြပြီး ဖွဲ့စည်းရန် သဘောတူညီခဲ့သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကနှင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌတို့က တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# သမဝါယမတက္ကသိုလ်(သန်လျင်)မိသားစု စတုတ္ထအကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ



**သန်လျင် ဖေဖော်ဝါရီ ၂၃**

သမဝါယမတက္ကသိုလ်(သန်လျင်)၏ တက္ကသိုလ်မိသားစု စတုတ္ထအကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ဒက္ခိဏဆောင်ရှေ့ မြက်ခင်းပြင်၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် တက္ကသိုလ်ရှိအထူးပြုဘာသာရပ်ဌာနငါးခုနှင့် အထောက်အကူပြုဘာသာရပ်ခြောက်ခုတို့မှ ဆရာ ဆရာမများ၊ ပထမနှစ်သင်တန်းမှ မဟာဘွဲ့သင်တန်းများအထိ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲကြသည်။

အဆိုပါပြိုင်ပွဲတွင် သမဝါယမတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ်ဒေါက်တာရီရီဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ပြိုင်ပွဲစည်းကမ်းများအား သင်တန်းရေးရာဌာနမှူး ဦးသန့်ဇင်ဦးက ရှင်းလင်းပြောကြားကာ ဘာသာရပ်ဌာနအလိုက် ပြိုင်ပွဲဝင်အဖွဲ့များအား ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု သုံးဆုအားရွေးချယ်၍ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် သင်ကြား/စီမံဌာနမှူးတို့က ဆုချီးမြှင့်ခဲ့ကြသည်။

**(ကြေးမုံ)**



**မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်းက ကြီးမှူးကျင်းပသည့် အကြိမ်(၂၀)မြောက် မြန်မာ့ရိုးရာ ထမနဲပွဲကို ဖေဖော်ဝါရီ ၂၃ ရက် (တပို့တွဲလပြည့်နေ့)က အသင်းတည်ရှိရာ ရန်ကုန်မြို့ ဒဂုံမြို့နယ် စံကားဝါလမ်းရှိ အသင်းရုံး၌ ကျင်းပစဉ်။ ခင်မောင်ဝင်း(ကြေးမုံ)**

# ဂုဏ်ယူဖွယ်ရာ ကျွန်တော်တို့ရွာ

တက္ကသိုလ် - မင်းလွင်ဦး

ကျွန်တော်တို့ရွာလေးသည် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်၌ ပါဝင်ပြီး ရန်ကုန်မြို့၏ တောင်ဘက် ၃၆ မိုင်ဝေးသော ပင်လယ်ကမ်းခြေအစွန်မှာ တည်ရှိပါသည်။

ကျွန်တော်တို့ကျေးရွာလေးသည် အခြားမြို့နယ်၊ ကျေးရွာများနည်းတူ ခေတ်ပေါင်း၊ စနစ်ပေါင်းများစွာကို တွေ့ကြုံဖြတ်ကျော်ခဲ့ရပါသည်။ မိုင်ပေါင်းများစွာ ဝေးကွာသော မန္တလေးမြို့မလွန် ဈေးဆန်လှူအသင်းကြီးနှင့် ရွာပတ်သက်ရန်အကြောင်း ကိစ္စမှာ ၁၃၄၀ ခုနှစ်မတိုင်မီအထိ အိပ်မက်ပင် မမက်ဖူးခဲ့ပါချေ။

၁၃၄၀ ခုနှစ်မတိုင်မီ ကျွန်တော်တို့ကျေးရွာလေး၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေကို အနည်းငယ်တင်ပြလိုပါသည်။ ဂျပန်နိုင်ငံတွင် စတင်ပေါ်ပေါက်သော ကျည်ဆန်ရထားဆိုလျှင် တစ်နာရီကို မိုင် ၃၀၀ ကျော်ပြေးပါသည်။ ကျွန်တော်တို့ ရွာနှင့် ရန်ကုန်အကွာအဝေး ၃၆ မိုင်ဆိုလျှင် ခုနစ်မိနစ်အချိန်ဖြင့် ဖြတ်သန်းရောက်ရှိနိုင်ပေလိမ့်မည်။ ဂျပန်တွင် ခုနစ်မိနစ်သွားသောခရီးကို ကျွန်တော်တို့ရွာမှ ရွာသူရွာသားတို့သည် တစ်နေကုန်သွားရပါသည်။ ကျွန်တော်တို့ရွာမှ ရန်ကုန်မြို့သို့သွားသောခရီးစဉ်ကို တင်ပြပါမည်။

နံနက် ၄ နာရီအိပ်ရာမှထ၍ ကူးတို့လှေစီးရပါသည်။ ကူးတို့လှေမှတစ်ဆင့်ချောင်းဝတွင် သင်္ဘောစီးရပါသည်။ သင်္ဘောက ရန်ကုန်သို့တိုက်ရိုက်မောင်း၍ မရပါ။ လမ်းတစ်ဝက် ဝါးဘလောက်သောက်ဆိုသော ရွာတွင်ရပ်ကာ ရေစောင့်ရပါသည်။ ထိုစဉ်က သခွတ်မြစ်သည် ကောစပြုနေပြီဖြစ်ရာ ဝါးဘလောက်သောက် အနီးမြစ်ထဲဝယ် ရေကျချိန်ဆိုလျှင်ရေတစ်စက်မျှ မရှိတော့ဘဲ ကုန်းပေါ်နေတတ်သည်။ ရေတက်လာသောအခါမှသာ ဆက်လက်ခုတ်မောင်း၍ ရန်ကုန်သို့မိုးချုပ်မှရောက်ပေသည်။

ယခုအခါတွင် ရွာနှင့်ရန်ကုန်သည် ကွန်ကရစ်ကားလမ်းပေါက်သွားပြီဖြစ်၍ ရွာမှရန်ကုန်တစ်ဖက်ကမ်းဒလသို့ ကားစီးမည်ဆိုလျှင် ၁ နာရီ ၁၅ မိနစ်သာကြာပေသည်။ အသွားအပြန်ကားစီးချိန်သက်သက်အားဖြင့် နှစ်နာရီခွဲသာကြာပေမည်။ ယခင်က အသွားအပြန် နှစ်ရက်ခရီးကို ယခု နှစ်နာရီခွဲဖြင့် နှိုင်းယှဉ်ကြည့်ရန်ဖြစ်ပါသည်။

သတင်းဆက်သွယ်ရေးအနေဖြင့် ယခင်က လူကြုံဖြင့် စာပေးမည်ဆိုပါက နှစ်ရက်ကြာမှ အကြောင်းပြန်ချက်ကို ပြန်လည်ကြားသိနိုင်ပေမည်။ ယခုအချိန်တွင် တယ်လီဖုန်းခလုတ်လေးများကို နှိပ်လိုက်ခြင်းအားဖြင့် စက္ကန့်ပိုင်းအတွင်း အပြန်အလှန်ဆက်သွယ်နိုင်ပြီဖြစ်ပါသည်။

ကျွန်တော် အဓိကတင်ပြလိုသည်မှာ လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်က ကျွန်တော်တို့ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေး ခက်ခဲကြမ်းတမ်းသည့်အကြောင်းဖြစ်ပါသည်။ ထိုကဲ့သို့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲလှသောအချိန်အခါ ၁၃၄၁ ခုနှစ်က ကြခတ်ကုန်းကြီးကျေးရွာ မလွန်ဆန်လှူအသင်းထောက်ကို စတင်ဖွဲ့စည်းခဲ့ပါသည်။ ဥက္ကဋ္ဌသည် ကျွန်တော့်အဖေဖြစ်၍ အတွင်းရေးမှူးနှင့်ဘဏ္ဍာထိန်းများသည် ကျွန်တော့်ဦးလေးများဖြစ်ပါသည်။ မလွန်ဆန်လှူမဏ္ဍပ်ကို ကျွန်တော့်ဦးလေး အိမ်ရှေ့တွင်ထိုး၍ မလွန်ဆန်လှူတရားဟောဆရာတော်များက ကျွန်တော့် ဦးလေးအိမ်တွင် ကျိန်းစက်ကြပါသည်။

ကြခတ်ကုန်းကြီးကျေးရွာ မလွန်ဆန်လှူအသင်းထောက်သည် ကျွန်တော်တို့ အမျိုးတစ်စု စုပေါင်းတည်ထောင်ထားသော အသင်းဟုဆိုလျှင်လည်း မှားမည်မထင်ပါ။

သို့ဖြစ်၍ ကျွန်တော့်အနေဖြင့် မလွန်ဆန်လှူအသင်းထောက်တွင် ထဲထဲဝင်ဝင်ရှိလှပြီး ထိုစဉ်ကအကြောင်းလေးများကို အသေးစိတ်မှတ်မိနေခဲ့ပါသည်။

ထိုစဉ်က ကျွန်တော်သည် စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရပြီးပြီဖြစ်၍ ကွမ်းခြံကုန်းမြို့နယ် စီမံကိန်းရုံးတွင် အလုပ်ဝင်နေပြီဖြစ်ပါသည်။ ကျွန်တော်တို့ကျေးရွာသို့ တိပိဋကဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ကြွရောက်ခဲ့ဖူးပါသည်။ ကြွရောက်ခဲ့သည်မှာ တစ်နှစ်မက သုံးနှစ်ဆက်တိုက်ကြွရောက်ခဲ့ပါသည်။ ရန်ကုန်မှသည် အင်္ဂလုံးဟူသော ကျေးရွာသို့ ကတ္တရာခင်းကားလမ်းပေါက်ပါသည်။ ရန်ကုန်မှ တိပိဋကဆရာတော်ကြီးသည် ကတ္တရာလမ်းအတိုင်း အင်္ဂလုံးသို့ကြွတော်မူသည်။

အင်္ဂလုံးနှင့် ကျွန်တော်တို့ရွာကား ၁၂ မိုင်ခန့်ဝေးပြီးလျှင် ဘာကားလမ်းမှမရှိသော စပါးစိုက်ပျိုးသည့် လယ်ကွင်းပြင်ကြီး ခြားထားသည်။ ကြခတ်ကုန်းကြီးရွာ မလွန်ဆန်လှူအသင်းထောက် အမှုဆောင်လူကြီးများသည် ဘတ်စ်ကားကြီးတစ်စီးငှားကာ ဆရာတော်ကြီးအား အင်္ဂလုံးမှ ပိုးလောင်းကျေးရွာသို့ လယ်ကွင်းပြင်ကြီးကို ဖြတ်ကာပင့်ဆောင်ကြရပါသည်။ ဆန်ကောထဲ ဇီးဖြူသီးကို ထည့်လှိမ့်သကဲ့သို့ လူးကာ၊ လိမ့်ကာ ဖုန်အလုံးလုံးနှင့်ဖြစ်ပါသည်။ ပိုးလောင်းသို့ရောက်သော် ပိုးလောင်းချောင်းကြီးကို ဖြတ်ကျော်ရပါသည်။ ထိုစဉ်က ပိုးလောင်းချောင်းကြီးသည်ကောလှ ကောခင် အခြေအနေဖြစ်သည်။ ရေက သိပ်မနက်လှ။ သို့သော် လူဆင်းသွားလျှင် ရွှံ့ညွန်များက ခါးထိအောင်ကျွံလေသည်။

မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသသည် ပိုးလောင်းချောင်းကို ဖြတ်ကျော်ရာတွင် လူထမ်းသော ဝေါယာဉ်ဖြင့်ဖြတ်ကျော်ရပါသည်။ လူတစ်ဦးထဲသွားလျှင်ပင် မနည်းအားစိုက်ဖြတ်ကျော်ရသော ချောင်းဖြစ်လေရာ လူထိုင်နေသော ဝေါယာဉ်ကို ထမ်း၍ ဖြတ်ကျော်ရသော ဒုက္ခကို စဉ်းစားကြည့်ရန်ဖြစ်ပါသည်။

သို့သော် ကြခတ်ကုန်းကြီးရွာသားတို့သည် ဒုက္ခကို ဒုက္ခဟုမမြင်။ ဆရာတော်ကြီးအား ထမ်းပိုးကြရသည်မှာ ကုသိုလ်ရသည်ဟု ဘာသာရေးအမြင်ဖြင့် သူ့ထက်ငါအလု အယက်ထမ်းပိုးကြလေသည်။ များစွာပျော်ရွှင်ဖွယ်၊ အားရကျေနပ်ဖွယ်ကောင်းလှပါသည်။

ယခုကဲ့သို့ အစွန်အဖျားကျေးရွာများသို့ ကြွချီသာသနာပြုရသည်ကို မင်းကွန်းဆရာတော်ကြီးမှာလည်း များစွာကျေနပ်အားရနေပုံရပါသည်။ ရွှင်လန်းဝမ်းသာစွာပင် တရားရေအေးအမြိုက်ဆေးများကို တိုက်ကျွေးတော်မူခဲ့ပေသည်။ ထိုစဉ်က ဆရာတော်ကြီး၏ ပုံရိပ်များကို မျက်စိထဲတွင်မြင်ယောင်နေမိပါသည်။ ကျွန်တော်တို့ ရွာကလေးသို့ သပိတ်အိုင်ဆရာတော် အရှင်ဉာဏိဿရလည်း ကြွရောက်ခဲ့ဖူးပါသည်။ ဦးသူရိယာဘိဝံသ ရွှေမြိုင်ဆရာတော်၊ မြစကြာဆရာတော်တို့လည်း ကြွရောက်ခဲ့ဖူးပါသည်။

ကွမ်းခြံကုန်းမြို့ပေါ်အမှတ် (၁) ရပ်ကွက်မှ မလွန်ဆန်လှူအသင်းထောက်သည် ကြခတ်ကုန်းကြီးကျေးရွာ အသင်းထောက်ဖွဲ့ပြီးမှ ဖွဲ့စည်းရသော ညီတော်အသင်းဖြစ်ပါသည်။ ကွမ်းခြံကုန်းမြို့နယ်တွင် ကွမ်းခြံကုန်းမြို့ပေါ် အသင်းထောက်အဖွဲ့နှင့် ကြခတ်ကုန်းကြီးကျေးရွာအသင်းထောက်အဖွဲ့ဟု နှစ်သင်းသာရှိပါသည်။ ကြခတ်ကုန်းကြီးကျေးရွာ အသင်းထောက်အဖွဲ့သည် နောင်တော်ကြီးအသင်းဖြစ်ပါသည်။

ဤသို့ဖြင့် မလွန်ဆန်တော်အလှူပွဲများကို ခြိမ့်ခြိမ့်သဲကျင်းပလာခဲ့ရာ ကိုးနှစ်ကြာပြီး ၁၃၄၉ ခုနှစ်တွင် အကြောင်းအမျိုးမျိုးကြောင့် ကြခတ်ကုန်းကြီးကျေးရွာ မလွန်ဆန်လှူအသင်းထောက် ပျက်သုဉ်းခဲ့ရပါသည်။ ထို့နောက် ကြားကာလတွင် ၁၆ နှစ်ကြာခဲ့သည်။ ၁၃၆၆ ခုနှစ်သို့ရောက်သောအခါ ဒုတိယအကြိမ် ကြခတ်ကုန်းကြီးကျေးရွာ မလွန်အသင်းထောက်အဖွဲ့ကိုဖွဲ့စည်းဆောင်ရွက်ခဲ့သည်မှာ ယခုနှစ်ပါဆိုလျှင် ၁၂ နှစ်ရှိပြီဖြစ်ပါသည်။ ထို ၁၂ နှစ်ကာလအတွင်း ဆွမ်းဆန်တော်များကို စုပေါင်းလှူဒါန်းခဲ့ရာ တစ်နှစ်ထက်တစ်နှစ် ပို၍သာများပြားလာခဲ့ပါသည်။ နောက်ဆုံးစာရင်းအရ ၁၃၇၆ ခုနှစ်တွင် လှူဒါန်းခဲ့သော ဆွမ်းဆန်တော်အရေအတွက်သည် ခွဲဝင်အိတ်ပေါင်း ၁၅၁၇ အိတ်ရှိသည်ကို တွေ့ရှိရပါသည်။

**ကျွန်တော်တို့ ကွမ်းခြံကုန်းရွာကလေးသည် အိမ်ခြေသုံးရာကျော် ရှိ၍ အားလုံး လယ်သမားနှင့် လယ်လုပ်သားများသာဖြစ်ပါသည်။ တစ်ချိန်တစ်ခါက လမ်းပန်းဆက်သွယ်ရေးလွန်စွာခက်ခဲ၍ ယခုအခါတွင် ရန်ကုန်နှင့် ကွန်ကရစ်လမ်းဆက်သွယ်ကာ လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်ချောမွေ့ခဲ့ပြီဖြစ်ပါသည်။**

ကြခတ်ကုန်းကြီးကျေးရွာ မလွန်ဆန်လှူအသင်းထောက် တည်ထောင်စက ကြွရောက်တော်မူခဲ့သော မင်းကွန်းတိပိဋကဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီးလည်း ပျံလွန်တော်မူခဲ့လေပြီ။

ဥက္ကဋ္ဌလုပ်ခဲ့သော စာရေးသူ၏ဖခင်အပါအဝင် အမှုဆောင်လူကြီး ကိုးဦးလည်းကွယ်လွန်ခဲ့ကြပါပြီ။ ဓမ္မကထိက ကိုယ်တော်များဖြတ်ကူးခဲ့သည့် ပိုးလောင်းချောင်းကြီးသည်လည်း တိမ်ကောပျောက်ကွယ်ခဲ့ပါပြီ။ ရှေးခေတ်ဟောင်း အောက်မေ့ဖွယ်ပင်ဖြစ်ပါသည်။ တရားအမြင်ဖြင့်ကြည့်ပါမူ ဖြစ်လျှင်ပျက်တတ်သော တရားသဘောကို ထင်ရှားစွာ သက်သေပြနေကြခြင်းဖြစ်ပေသည်။

ကျွန်တော်တို့ ကွမ်းခြံကုန်းရွာကလေးသည် အိမ်ခြေသုံးရာကျော်ရှိ၍ အားလုံး လယ်သမားနှင့် လယ်လုပ်သားများသာဖြစ်ပါသည်။ တစ်ချိန်တစ်ခါက လမ်းပန်းဆက်သွယ်ရေးလွန်စွာခက်ခဲ၍ ယခုအခါတွင် ရန်ကုန်နှင့် ကွန်ကရစ်လမ်းဆက်သွယ်ကာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ချောမွေ့ခဲ့ပြီဖြစ်ပါသည်။

ရွာသူ ရွာသားများသည် ရိုးသားကြသည်။ ကြိုးစားကြသည်။ အလုပ်လုပ်ရာတွင် လုံ့လ၊ ဝီရိယ အလွန်ကောင်းကြသည်။ ကြခတ်ကုန်းရွာသားတို့ လုံ့လ၊ ဝီရိယကောင်းပုံဖြစ်ရပ်ကလေးတစ်ခုကို တင်ပြပါမည်။ ကျွန်တော်တို့ရွာဝယ် အလှူသော်လည်းကောင်း၊ မင်္ဂလာဆောင်သော်လည်းကောင်းရှိ၍ နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း ကြွရောက်ပါဟု ဖိတ်ကြားခံရသည်ဆိုပါစို့။ နံနက် ၈ နာရီလောက်ရှိလျှင် မသွားပါနှင့်တော့။ နံနက် ၅ နာရီလောက်ကတည်းက ဧည့်သည်များ ရောက်ရှိစားသောက်နေရာ နံနက် ၇ နာရီခွဲခန့်ဆိုလျှင် ပရိသတ်အတော်နည်းသွားပေပြီ။ ၈ နာရီခန့်ဆိုလျှင် ကျွေးပြီး၊ မွေးပြီး ထမင်းကျွေးရုံသည် ဖျက်သိမ်းပြီးနေပေပြီ။

၈ နာရီမှ သွားရောက်သော ပုဂ္ဂိုလ်သည် ပိတ်ထားသော ထမင်းကျွေးရုံကိုသာ တွေ့ရမည်ဖြစ်ပါသည်။ ထိုမျှ လုံ့လ၊ဝီရိယကောင်းပါသည်။ အလှူအတန်း၊ သာရေး၊ နာရေးများတွင် မည်သူမျှမဖိတ်ခေါ်ရ။ ဗျို့မဟစ်ရ။ မဏ္ဍပ်ထိုးသောနေ့တွင် လုပ်အားပေးရန်ရောက်ရှိလာသူများမှာ လူတစ်ရာလည်းမကပါ။ နှစ်ရာလည်းမကပါ။ လွန်စွာချစ်စဖွယ်ကောင်းသောဓလေ့ ဖြစ်ပါသည်။

နောက်ထူးခြားသော အချက်တစ်ခုမှာ ထူးချွန်ထင်ရှားသော ပုဂ္ဂိုလ်များပေါ်ထွက်ခဲ့ခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ရွာမှ အထူးကုဆရာဝန်ကြီးနှစ်ဦး ပေါ်ထွန်းခဲ့သည်။ တစ်ဦးမှာ ရန်ကုန်ဆေးရုံကြီး နှလုံးရောဂါကုဌာနမှ နှလုံးရောဂါ အထူးကုသမားတော်ကြီးဖြစ်ပါသည်။ နောက်ဆရာဝန်ကြီးတစ်ဦးမှာ တောင်ကြီးဆေးရုံမှ ဆေးရုံအုပ်ကြီးပင် ဖြစ်ပါသည်။ နိုင်ငံတော်အဆင့် စာပေဆု (၄) ကြိမ်ရသောစာရေးဆရာတစ်ဦးလည်းပေါ်ထွန်းခဲ့ပါသည်။ မန္တလေးမြို့ မလွန်ဆန်လှူအသင်းတရားဟော ဓမ္မကထိက အောင်မြေဘုံစံကျောင်းတိုက်ဆရာတော် အရှင်တေဇနိယသည် ကြခတ်ကုန်းကြီးကျေးရွာ ဇာတိသားဖြစ်ပါသည်။

နောက်ထူးခြားချက်တစ်ခုမှာ ကွမ်းခြံကုန်းမြို့နယ်တွင် ကျေးရွာပေါင်း ငါးဆယ်ကျော်ရှိသည့်အထဲမှ ကြခတ်ကုန်းကြီးကျေးရွာသည် တစ်ခုတည်းသောကျေးရွာအဆင့် မလွန်ဆန်လှူအသင်းထောက်ဖြစ်ပါသည်။ သို့သော် ကြခတ်ကုန်းကြီးကျေးရွာသည် ဆန်လှူသောလုပ်ငန်းကို တစ်ဦးတည်းမဆောင်ရွက်ပါ။ ပတ်ဝန်းကျင်ကျေးရွာသုံးဆယ်ကျော်၏စေတနာကိုရယူကာ ဆန်လှူဒါန်းမှုများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်စေခဲ့ပါသည်။

ဤကဲ့သို့ လုံ့လ၊ ဝီရိယရှိသော၊ ဤကဲ့သို့ ထူးချွန်ထက်မြက်သူများပေါ်ထွက်ခဲ့သော ပင်လယ်ကမ်းခြေအစွန်အဖျားမှ ကျွန်တော်တို့ ကြခတ်ကုန်းကြီးရွာကလေးသည် စစ်ကိုင်း၊ မင်းကွန်း၊ မင်းဝံတောင်ရိုးကြီးသုံးရပ်နှင့် မန္တလေး ခြောက်မြို့နယ်မှ သံဃာ၊ သာမဏေ၊ သူတော်၊ သီလရှင်တို့အတွက် ဆွမ်းဆန်တော်များ တစ်နှစ်ထက်တစ်နှစ် တိုးပွားရရှိရေးအတွက် စွမ်းစွမ်းတမံ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ။

## ရတနာပုံတက္ကသိုလ်(မန္တလေး) သိပ္ပံသုတေသနအထောက်အကူပြုပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၃**

ရတနာပုံတက္ကသိုလ်(မန္တလေး)၏ (၁၆)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် သိပ္ပံသုတေသနအထောက်အကူပြုပြပွဲနှင့် ဘာသာရပ်ပေါင်းစုံမှ ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၃ ရက်ထိ ကျင်းပခဲ့ပြီး ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက စတင်ကျင်းပခဲ့သည်။

“လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်နိုင်ရေးက တက္ကသိုလ်တွေမှာ တာဝန်ရှိပါတယ်။ တက္ကသိုလ်များက ပညာရေးပြုပြင်ပြောင်းလဲရေးမှာ ခေတ်နဲ့အညီ ပါဝင်ဆောင်ရွက်ရမှာဖြစ်ပြီး အရည်အချင်းပြည့်မီတဲ့ ပညာရေးစနစ်ဖြစ်ထွန်းလာဖို့ နိုင်ငံတကာနဲ့ချိတ်ဆက်ပြီး သုတေသနလုပ်ငန်းတွေ ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်”ဟု ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (မန္တလေးရုံးခွဲ) ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြောသည်။

ရတနာပုံတက္ကသိုလ်အနေဖြင့် ခေတ်နှင့်အညီ ပညာရေးကဏ္ဍ တိုးတက်စေရန် နိုင်ငံတကာနှင့် ချိတ်ဆက်၍ ပညာရပ်ဆိုင်ရာဖလှယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့တွင် ဆောင်ရွက်နေကြောင်း၊ စာပေ၊ ဂီတ၊ အနုပညာ လှုပ်ရှားမှုများတွင်လည်း တက်ကြွစွာဆောင်ရွက်လျက် မျိုးဆက်သစ်လူငယ်များအား ပြုစုပျိုးထောင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် စာကြည့်တိုက်နှင့် သုတပညာမဟာဘွဲ့သင်တန်းတွင် ပထမဆုရရှိသူ မနှင်းနုနုငယ်အား စည်သူဒေါက်တာဦးသော်ကောင်းက ဆုချီးမြှင့်ခဲ့ပြီး ထောက်ပံ့ပေးသည့် ကုမ္ပဏီများအား ဂုဏ်ပြုဆုတံဆိပ်များပေးအပ်ခဲ့သည်။ နည်းပညာရပ်ပြခန်းများနှင့် အခြားပြခန်းများသို့ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ရတနာပုံတက္ကသိုလ်(မန္တလေး)ကို ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၂ ရက်က တက္ကသိုလ်အဖြစ် ဖွင့်လှစ်ခဲ့ပြီး ဇွန်လမှာ စတင်ဖွင့်လှစ်သင်ကြားခဲ့ရာ ကျောင်းသား ကျောင်းသူ ၄၈၀၀ ကျော်ဖြင့် ဝိဇ္ဇာအထူးပြုဘာသာရပ် ၁၁ ခုနှင့် သိပ္ပံဘာသာအထူးပြုဘာသာရပ် ခုနစ်ခု စုစုပေါင်း ၁၈ ခု သင်ကြားပို့ချပေးနိုင်ခဲ့ရာမှ ယခုအချိန်၌ ဝိဇ္ဇာဘာသာအထူးပြု ၁၃ ခု၊ သိပ္ပံဘာသာ အထူးပြု ၁၁ ခု စုစုပေါင်း၂၄ ခု သင်ကြားပို့ချပေးနေပြီဖြစ်ကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# အယ်လ်နီညိုရာသီဥတုနှင့်ပတ်သက်သည့် အရေးကြီးအဆို ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ သဝဏ်လွှာ (၂)ခု မှတ်တမ်းတင်ခြင်းနှင့် အယ်လ်နီညိုရာသီဥတုနှင့်ပတ်သက်သည့် အရေးကြီးအဆိုအား ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ အောက်လွှတ်တော် (State Duma) ဥက္ကဋ္ဌ H.E. Mr. Sergei E. Naryshkin ထံမှပေးပို့သော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာနှင့် ဗီယက်နမ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Nguyen Sinh Hung ထံမှ ပေးပို့သော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာတို့ကို မှတ်တမ်းတင်သည်။

ယင်းနောက် မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း တင်သွင်းထားသည့် **"ကမ္ဘာ့ရာသီဥတုပြောင်းလဲလာခြင်းနှင့် ၂၀၁၆ ခုနှစ်တွင် ဖြစ်ပေါ်လာမည့် အယ်လ်နီညို (El Nino) အကျိုးသက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝန်းဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်စီမံဆောင်ရွက်နိုင်ရေးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကို ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးတို့က ဆွေးနွေးကြသည်။

**အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး**က ပြင်းထန်သည့် အယ်လ်နီညိုရာသီဥတု နောက်ဆက်တွဲဆိုးကျိုးကို ခံစားရနိုင်သည့် အရှေ့တောင်အာရှနိုင်ငံများအသီးသီးသည် ဖြစ်ပေါ်လာနိုင်သည့်အရာများကို ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ NGO များနှင့်ပေါင်းစပ်ပြီး နိုင်ငံအသီးသီးတွင် ရေချိုရေသန့် လုံလောက်စွာရရှိရေးဆောင်ရွက်ခြင်း၊ လူနှင့်တိရစ္ဆာန်အစားအစာ ကြိုတင်စုဆောင်းခြင်း၊ အပူချိန်မြင့်မားသည့်အတွက် ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲကျန်းမာရေးပြဿနာများကို ကြိုတင်ကာကွယ်ရန် အစီအမံများထားရှိခြင်း၊ ငတ်မွတ်ခေါင်းပါးမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရာဇဝတ်မှုများကို မည်သို့ဖြေရှင်းမည်ဆိုသည့် ကြိုတင်စီမံမှုများကို စီမံထားကြပြီးဖြစ်ကြောင်း မီဒီယာများမှတစ်ဆင့် ကြားသိရကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ရုတ်တရက်ဖြစ်ပေါ်လာနိုင်သည့် လျှပ်စီးခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းကျခြင်း၊ တောမီးလောင်ခြင်း စသည့်ဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက မည်သို့ဖြေရှင်းကြမည်ဆိုသည့်အစီအမံများကို သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက စီမံချက်များရေးဆွဲထားပြီးဖြစ်ကြောင်း၊ စီမံချက်များအသီးသီး ရေးဆွဲပြီးသော်လည်း ဇာတ်တိုက်လေ့ကျင့်မှုမျိုးမရှိသည်ကို တွေ့ရပါကြောင်း၊ ဇာတ်တိုက်လေ့ကျင့်မှုမရှိသည့်အတွက် သဘာဝဘေးများဖြစ်ပေါ်သည့်အခါ လိုအပ်သည်ထက်ပို၍ ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရပါကြောင်း၊ နိုင်ငံတော်အရန်ဆန်သိုလှောင်မှု ဆောင်ရွက်ရာတွင်လည်း ဆန်ရောင်းချမှုဥပဒေ သို့မဟုတ် မူဝါဒများ ချမှတ်ပြဋ္ဌာန်းပြီး ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးသည်။

**နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင်**က ယခုနှစ်တွင် အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်နေသည့်အတွက်ကြောင့် ယခင်နှစ်များထက် မိုးနည်းမှုနှင့် ပူပြင်းခြောက်သွေ့မှုကို ခံစားရမည်ဖြစ်ကြောင်း၊ ယခုအချိန်၌ပင် ရေပြတ်လပ်မှုများ နေရာတော်တော်များများ၌ စတင်ဖြစ်ပေါ်နေပြီဖြစ်ကြောင်း၊ မီးလောင်ကျွမ်းမှုများသည်လည်း မကြာခဏဆိုသလိုဖြစ်ပေါ်နေကြောင်း၊ သေချာစွာ ကြိုတင်ပြင်ဆင်ထားမှုမရှိပါက ယခုနှစ် နွေရာသီတွင် ဘေးဒုက္ခများ ခံစားကြုံတွေ့ရနိုင်ကြောင်း၊ ထို့ကြောင့် မကြာမီဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို တာဝန်ရှိသူများက သေချာစွာကြိုတင်ပြင်ဆင်ထားမှသာလျှင် ပြည်သူလူထုအနေဖြင့် ထိခိုက်မှုနည်းနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးသည်။

**ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး**က မြန်မာနိုင်ငံ ငါးလုပ်ငန်းရှင်များအသင်းက အယ်လ်နီညိုကြောင့် ငါးလုပ်ငန်းများ ထိခိုက်နိုင်သည်ဟု ပြောပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံခြားဝင်ငွေကို ၂၀၁၅ ခုနှစ်က အမေရိကန်ဒေါ်လာ ၈၆ သန်း ရှာပေးသည့် ငါးတင်ပို့မှုတန်ဖိုးကို ယခုနှစ်တွင် ပြည့်မီနိုင်ရန် စိုးရိမ်နေရသည့်အနေအထားဖြစ်ပါကြောင်း၊ အလားတူ မြန်မာနိုင်ငံ အလယ်ပိုင်း မိုးနည်းဒေသများတွင် စိုက်ပျိုးလေ့ရှိသည့် ပဲမျိုးစုံစိုက်ပျိုးရေးလုပ်ငန်းများသည်လည်း မိုးခေါင်မှုများကြောင့် ထိခိုက်ပျက်စီးနိုင်သည့်အတွက် ပြည်ပပဲမျိုးစုံတင်ပို့မှုသည် ယခုနှစ်တွင် ယခင်နှစ်များလောက် တင်ပို့နိုင်တော့မည့်အခြေအနေတွင် မရှိပါကြောင်း၊ ပြည်သူများ၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝလုံခြုံမှုရှိအောင် ဆောင်ရွက်ရန်မှာ လွှတ်တော်အသီးသီးနှင့် နိုင်ငံတော်အစိုးရ၏ တာဝန်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးအောင်ကျော်မိုး**က ယခုအယ်လ်နီညိုကြောင့် ၂၀၁၅ ခုနှစ် ဒုတိယနှစ်ဝက်တွင် ကမ္ဘာတစ်ဝန်းလုံး၌ လူ ၂၀၀၀၀ ကျော်သေဆုံးခဲ့ပြီး အမေရိကန်ဒေါ်လာ ၆၄ ဘီလီယံခန့်ဆုံးရှုံးခဲ့ရပါကြောင်း၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဒေသအချို့၌ ပုံမှန်အပူချိန်ထက် ၁၂ ဒီဂရီစင်တီဂရိတ်အပူချိန်မြင့်မားခဲ့ပါကြောင်း၊ အယ်လ်နီညိုကြောင့် မြန်မာနိုင်ငံရှိ ဒေသတော်တော်များများတွင် ရေရှားပါးမှုများဖြစ်ပေါ်နိုင်ခြင်းကြောင့် ရေကိုအလေအလွင့်မဖြစ်အောင် သတိပြုသင့်ပါကြောင်း၊ အယ်လ်နီညိုသည် မီးလောင်မှုကိုအားပေးသည့်အတွက် မီးဘေးအန္တရာယ်ကျရောက်မှုမရှိစေရန် ဒေသအားလုံး၌ အများပြည်သူသိရှိစေရန် သတိပေးကြေညာချက်များ ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အယ်လ်နီညို၏ အကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာမည့် အန္တရာယ်များကို ပြည်ထောင်စုအစိုးရကဦးဆောင်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ အစိုးရများနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများအချိတ်အဆက်မိမိပူးပေါင်းပြီး ဒေသအလိုက် တာဝန်ယူဖြေရှင်းဆောင်ရွက်ရာတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်းပါဝင်သင့်ပါကြောင်း ဆွေးနွေးသည်။

ယနေ့အစည်းအဝေးကို နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်ပြီး အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ဆက်လက်ကျင်းပရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**



**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး ဒသမနေ့ ကျင်းပစဉ်။** (သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

# ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဖွဲ့စည်းရေး ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ **ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီကို လွှတ်တော်က အတည်ပြုဖွဲ့စည်းခြင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဖွဲ့စည်းရေး**တို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ**၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုလည်းကောင်း၊ ကော်မတီဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်၊ အတွင်းရေးမှူးအဖြစ် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်းတို့အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့်လည်းကောင်း ဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၌** ကော်မတီဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၊ အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်တို့အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းရန် လျာထားကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။




**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့ကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်ပြီး ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

### အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီအဖွဲ့ဝင်များစာရင်း (၂၃ - ၀၂ -၂၀၁၆)

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) | ဦးဆန်းမြင့် | ဥက္ကဋ္ဌ |
| ၂။ | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) | ဦးဝင်းကြိုင် | အဖွဲ့ဝင် |
| ၃။ | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) | ဦးဌေးဦး | ။ |
| ၄။ | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) | ဦးအေးဗိုလ် | ။ |
| ၅။ | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) | ဦးမင်းဆွေနိုင် | ။ |
| ၆။ | ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) | ဦးဘော်ရယ်စိုးဝေ | ။ |
| ၇။ | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) | ဦးဝင်းအောင် | ။ |
| ၈။ | မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) | ဦးကျော်တုတ် | ။ |
| ၉။ | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) | ဦးပြုံးလွင် | ။ |
| ၁၀။ | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) | ဒေါ်နန်းနီနီအေး | ။ |
| ၁၁။ | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) | ဦးဝေစိန်အောင် | ။ |
| ၁၂။ | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) | ဦးခင်မျိုးဝင်း | ။ |
| ၁၃။ | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) | ဦးစိုင်းလုံစံခတ် | ။ |
| ၁၄။ | တပ်မတော်သားကိုယ်စားလှယ် | ဗိုလ်မှူးချုပ်ကိုကိုဝင်း | ။ |
| ၁၅။ | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) | ဦးလှမြင့်(ခ) ဦးလှမြင့်သန်း | အတွင်းရေးမှူး |

# သမိုင်းရာဇဝင်တွင် သစ္စာမဲ့သည့်လုပ်ရပ်များကြောင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီး သူ့ကျွန်ဘဝကျရောက်ခဲ့ ယင်းသစ္စာမဲ့မှု၏ အကျိုးဆက်အဖြစ် ပဋိပက္ခများကို ယနေ့တိုင် ဖြေရှင်းနေရဆဲဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်ရာထူးခန့်ထားရေး ခန်းမဆောင်၌ ဗထူးတပ်နယ်မှ သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကား ပြောကြားသည်။ **(ယာပုံ)**





တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် သစ္စာတရားနှင့်ပတ်သက်၍ **"မင်းမှာသစ္စာ၊ လူမှာကတိ"**ဆိုသည့် စကားရပ်ရှိကြောင်း၊ **သမိုင်းရာဇဝင်တွင် သစ္စာမဲ့သည့် လုပ်ရပ်များကြောင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီး သူ့ကျွန်ဘဝကျရောက်ခဲ့ကြောင်း၊** လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင်လည်း သစ္စာမဲ့သည့်လုပ်ရပ်ဖြစ်သည့် လုပ်ကြံမှုကြောင့် နိုင်ငံ့ခေါင်းဆောင်များ ဆုံးရှုံးခဲ့ရကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း သစ္စာမဲ့သည့် လက်နက်ကိုင်များကြောင့် တိုင်းပြည်ပြိုကွဲမည့်အန္တရာယ်မှ တပ်မတော်က ပေးဆပ်မှုများစွာဖြင့် ထိန်းသိမ်းကာကွယ်ခဲ့ရကြောင်း၊ **ယင်းသစ္စာမဲ့မှု၏ အကျိုးဆက်အဖြစ် ပဋိပက္ခများကို ယနေ့တိုင် ဖြေရှင်းနေရဆဲဖြစ်ကြောင်း၊** အတိတ်သမိုင်းအရ မိမိတိုင်းပြည်အပေါ် သစ္စာမဲ့မှု၊ ပြည်ပနိုင်ငံအပေါ် သစ္စာခံမှု၊ တပ်မတော်အပေါ် သစ္စာမဲ့မှုများကြောင့် နိုင်ငံ့အရေးကိစ္စများတွင် များစွာရှုပ်ထွေးခဲ့ကြောင်း၊ ထိုသို့ထပ်မံမဖြစ်လာစေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ချက်အချို့ထည့်သွင်းထားခြင်းဖြစ်ကြောင်း။

တပ်မတော်၏ လုပ်ငန်းတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးဖြစ်ပြီး ဒို့တာဝန်အရေးသုံးပါးနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူ့အကျိုးစီးပွားဖော်ဆောင်ရန် ဖြစ်ကြောင်း၊ တပ်မတော်၏သမိုင်းကြောင်းသည် နိုင်ငံတော်သမိုင်းကြောင်းနှင့် ခွဲခြား၍မရဘဲ ယှဉ်တွဲနေခဲ့ကြောင်း၊ လက်ရှိအခြေအနေအထိ ရောက်ရှိအောင်လည်း တပ်မတော်အနေဖြင့် အသက်ခန္ဓာ သွေးချွေးများစွာ ပေးဆပ်ခဲ့ရကြောင်း၊ လက်ရှိ ပြည်သူ့ဆန္ဒနှင့်အညီ လျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်း ခိုင်ခိုင်မာမာဖြစ်စေရေး၊ မယိမ်းယိုင်သွားစေရေးသည်လည်း တပ်မတော်၏ အမျိုးသားနိုင်ငံရေးတာဝန်ပင်ဖြစ်ကြောင်း။

နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ရှင်းလင်းပြောကြားရာတွင် **"တိမ်တောင်သဖွယ် မင်းရေးကျယ်"**ဆိုသကဲ့သို့ နိုင်ငံရေးသည် လွန်စွာကျယ်ပြန့်ကြောင်း၊ နိုင်ငံရေးသမား နိုင်ငံရေးပါတီများအနေဖြင့် ယင်းတို့၏ မူဝါဒအရ ပြောဆိုစည်းရုံးမှု၊ လုပ်ဆောင်မှုများ ဆောင်ရွက်ကြကြောင်း၊ နိုင်ငံ့အရေးမှာမူ တိုင်းပြည်၏အကျိုးစီးပွား၊ ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံ့အရေး၊ အမျိုးသားရေးကိုသာ လုပ်ဆောင်ခြင်းဖြစ်ပြီး လွတ်လပ်ရေးရရှိချိန်မှ စတင်၍ တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အမျိုးသားနိုင်ငံရေးအဖြစ် တပ်မတော်မှ ပြည်သူနှင့်လက်တွဲ၍ ဦးဆောင်ခဲ့သည်ကို သမိုင်းအရ တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေမှ မပျက်ယွင်းအောင်၊ ပိုမိုတိုးတက်အောင်၊ ဆက်လက်ကြိုးပမ်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးနှင့်ပတ်သက်၍ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုမရှိပါက မိမိတို့သွားနေသည့် ဒီမိုကရေစီစနစ် ခိုင်မာမှုမရှိနိုင်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအများစုသည် ဒီမိုကရေစီစနစ်ကို ပုံစံအမျိုးမျိုးဖြင့် သွားနေကြကြောင်း၊ ထိုအထဲတွင် လက်နက်ကိုင်ပဋိပက္ခများရှိနေသည့် မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်ကို တည်တည်ငြိမ်ငြိမ်ဖြင့် သွားနိုင်ရန်အတွက် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို အတတ်နိုင်ဆုံး လိုက်လျောလုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ ထို့အပြင် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကိုလည်း စိတ်ရှည်သည်းခံစွာ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ပထမငါးနှစ်သက်တမ်းတွင် ဒီမိုကရေစီခြေကုပ် ရရှိခဲ့ပြီးဖြစ်၍ ဒီမိုကရေစီ ဒုတိယသက်တမ်းတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အား မဖြစ်မနေရရှိအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဗထူးတပ်နယ်မှ အရာရှိကြီးများနှင့် နည်းပြအရာရှိများ၊ သင်တန်းအသီးသီးမှ သင်တန်းသားအရာရှိ ၉၇၂ ဦး၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)မှ ဗိုလ်လောင်းများနှင့် အခြားအဆင့် သင်တန်းသားစစ်သည် စုစုပေါင်း ၁၄၃၂ ဦးတို့ တက်ရောက်ခဲ့ကြပြီး တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းသားအရာရှိများနှင့် ဗိုလ်လောင်းများ၊ သင်တန်းသား စစ်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ **(မြဝတီ)**

# လက်နက်ငယ်များ ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

လက်နက်ငယ်များအား ထိန်းချုပ်ရေးနှင့်စပ်လျဉ်းသည့် အမျိုးသားအဆင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Workshop on Building National Capacity in Small Arms Control) ကို ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေးစင်တာတို့ပူးပေါင်း၍ နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ယနေ့နံနက် ၉ နာရီတွင် စတင်ကျင်းပသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများ၊ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေးစင်တာနှင့် ကုလသမဂ္ဂ လက်နက်ဖျက်သိမ်းရေးဆိုင်ရာရုံးတို့မှ ကျွမ်းကျင်သူများ၊ နိုင်ငံတကာမှ ကျွမ်းကျင်သူပညာရှင်များနှင့် ရန်ကုန်မြို့ရှိ ဗြိတိသျှသံရုံးမှ ကိုယ်စားလှယ်တို့ တက်ရောက်ကြသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးချုပ်ကိုကိုလွင်နှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေးစင်တာမှ ညွှန်ကြားရေးမှူး၏ လက်ထောက်ဖြစ်သူ မစ္စတာအလက်ဇန်ဒါးမီဆစ်တို့က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက အပြန်အလှန်ဆွေးနွေးကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၄ ရက် အထိ နှစ်ရက်ကြာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်းဆောင်ရွက်ရန်အတွက် သတိပေးချက်ထုတ်ပြန်ကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

တပ်မတော်(ရေ)စစ်ရေယာဉ်များသည် ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၂ ရက်အတွင်း ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်းနှင့် လက်နက်များ လေ့ကျင့်ပစ်ခတ်ခြင်းများကို ကိုကိုးကျွန်းရေပြင်တွင် လေ့ကျင့်မည်ဖြစ်သည်။ အဆိုပါ လေ့ကျင့်ခန်းဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၅၆ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၆ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၅၆ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၃ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၃ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၆ မိနစ်စသည့် Coordinates အမှတ်များအား ဆက်ဆွဲထားသည့် ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်သည်။

သို့ဖြစ်၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ငါးမိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀ (တစ်သောင်းငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်း မပြုကြရန် အသိပေးကြေညာထားကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**



# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီအသီးသီး၏ လုပ်ပိုင်ခွင့်များနှင့်ပတ်သက်၍ ပြည့်စွက်သွားမည်

မေး၊ ရေး - ရဲခေါင်ညွန့်၊ ဓာတ်ပုံ - ဖိုးထောင်



ဒေါက်တာရွှေခါးရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U)၏ စတုတ္ထအကြိမ်အစည်းအဝေး ဒုတိယနေ့ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC)၌ ဆက်လက်ကျင်းပသည်။

ဒုတိယနေ့အစည်းအဝေးတွင် ပထမနေ့က ဆွေးနွေးလျက်ရှိသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ဒေသန္တရအဆင့် ရုံးအဖွဲ့လုပ်ငန်းလမ်းညွှန်အား အတည်ပြုနိုင်ရေးဆက်လက်ဆွေးနွေးသည်။ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ရုံးအဖွဲ့လုပ်ငန်းလမ်းညွှန်အရ ခန့်အပ်မည့် အကြီးအကဲရာထူးအသီးသီးအတွက် တာဝန်နှင့် လုပ်ပိုင်ခွင့်များ ဆွေးနွေးနိုင်ခဲ့ကြောင်း MPC မှ သိရသည်။

စတုတ္ထအကြိမ်ကျင်းပသည့် ပြည်ထောင်စုအဆင့် JMC-U အစည်းအဝေးအား ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၈ နာရီတွင် အစည်းအဝေးတတိယနေ့အဖြစ် ဆက်လက်ဆွေးနွေးမည်ဖြစ်သည်။

ယနေ့ ဆက်လက်ပြုလုပ်သည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ ဒုတိယနေ့အစည်းအဝေးတွင် သဘောတူညီချက်ရရှိခဲ့သည့် အရာများနှင့် ဆက်လက်ဆွေးနွေးသွားမည့်အကြောင်းအရာများနှင့် ပတ်သက်၍ ဒေါက်တာရွှေခါးရှိအား မြန်မာ့သတင်းစဉ်မှ မေးမြန်းခဲ့သည်။

**မေး။ ဒီနေ့ JMC-U ဒုတိယနေ့အစည်းအဝေးမှာ ဘယ်လိုအချက်တွေကို ဆွေးနွေးခဲ့ပါသလဲဆရာ။**

ဖြေ။ ဒီနေ့ဆွေးနွေးတာကတော့ ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးရုံးအဖွဲ့နဲ့ပတ်သက်ပြီး အကုန်လုံးဆွေးနွေးလိုက်နိုင်တယ်။ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးရုံးအဖွဲ့အနေနဲ့ ဘာတွေလုပ်ဆောင်ရမယ်ဆိုတဲ့ လုပ်ငန်းလမ်းညွှန်ကိုလည်း ဆွေးနွေးလိုက်နိုင်တယ်။ ဒေသန္တရအဆင့် local Level အတွက်လည်း ဆွေးနွေးတယ်။ အရေးကြီးဆုံးကိစ္စတစ်ခုကတော့ ဒေသခံပြည်သူတွေပါဝင်မှုနဲ့ ပတ်သက်ပြီး အရင်တုန်းက လုပ်ခဲ့ဖူးတဲ့ ဒေသခံတွေရဲ့အမြင်ကို စုစည်းပြီး ထိထိရောက်ရောက်နဲ့ ပါဝင်လာနိုင်အောင် သူတို့ရဲ့ အကြံဉာဏ်တွေ ထိထိရောက်ရောက်ယူပြီး လုပ်ဖို့ နောက်ပိုင်းမှာဆွေးနွေးမယ်လို့ သဘောတူတာရှိတယ်။ အဲဒီတော့ ပြည်ထောင်စုအဆင့် JMC-U၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် JMC-S၊ ဒေသန္တရအဆင့် JMC-L မှာကော စောင့်ကြည့်ရေးနဲ့ပတ်သက်ပြီး သူတို့ရဲ့ လုပ်ပိုင်ခွင့်တွေကိုလည်း ထပ်ပြီးဖြည့်စွက်ဖို့ သဘောတူတယ်။ အတည်ပြုချက်အတွက်ကတော့ JICM အစည်းအဝေးမှာ ကျွန်တော်တို့ပြန်ယူရပါမယ်။

**မေး။ ဒီနေ့ဆွေးပွဲမှာ အတည်ပြုချက်အနေနဲ့ကော ဘာတွေရပါသလဲဆရာ။**

ဖြေ။ အဓိက သုံးချက်ကို ဆွေးနွေးပြီးသဘောတူတယ်လို့ ပြောလို့ရပါတယ်။ ကျွန်တော်ပြောခဲ့သလိုပဲ စောင့်ကြည့်ရေးကော်မတီအားလုံးရဲ့ လုပ်ငန်းတာဝန်ကတော့ရှိတယ်။ လုပ်ပိုင်ခွင့်မှာ စောင့်ကြည့်ရေးနဲ့ ပတ်သက်ပြီး သေသေချာချာဖော်ပြတာတော့ မရှိဘူး။ အဲဒီမှာ ကော်မတီ သုံးခုလုံးနဲ့ ပတ်သက်တဲ့ လုပ်ပိုင်ခွင့်ကို အတိအလင်းပြဋ္ဌာန်းပေးရပါမယ်ဆိုတဲ့အချက် ရရှိတယ်။ ကော်မတီအဆင့်ဆင့်ရဲ့ လုပ်ပိုင်ခွင့်နဲ့ပတ်သက်ပြီး လုပ်ပိုင်ခွင့် အဆင့်ဆင့်ရဖို့ ကျွန်တော်တို့ အခုရေးနေတာဖြစ်တယ်။ ဒုတိယအချက်က ပြည်ထောင်စုအဆင့် JMC-U၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် JMC-S၊ ဒေသန္တရအဆင့် JMC-L ရုံးအဖွဲ့တွေရဲ့ လုပ်ငန်းတာဝန်တွေကို သဘောတူခဲ့တယ်။ တတိယအချက်ကတော့ ဒေသခံပြည်သူများစောင့်ကြည့်တဲ့နေရာမှာ ဘယ်လိုပုံစံနဲ့ ပါဝင်လို့ရမလဲဆိုတဲ့ဟာကို ကျွန်တော်တို့အချင်းချင်း သဘောတူညီချက်ရတာ တစ်ခုရှိတယ်။ အဲ့ဒါကတော့ ဒေသခံတွေရဲ့ အမြင်သဘောထားတွေရယူပြီး သူတို့ရဲ့စုစည်းချက်အပေါ်မှာပဲ ကျွန်တော်တို့ ရေးဆွဲသွားမယ်ဆိုတဲ့အချက်ကို သဘောတူကြပါတယ်။

**မေး။ ပြည်ထောင်စုအဆင့်ဖွဲ့ပြီးပြီ။ တိုင်းဒေသကြီး/ပြည်နယ်အဆင့်လည်း ရှမ်းပြည် ခိုလန်မှာ ဖွဲ့ပြီးပြီ။ ဒေသန္တရအဆင့်ဖွဲ့ဖို့ ဘယ်တော့စမလဲ။ လူဦးရေ ဘယ်လောက်နဲ့ ဖွဲ့မလဲဆိုတာနဲ့ ဒေသန္တရအဆင့် (JMC-L) ကိုရော ဘယ်တော့စဖွဲ့မယ်ဆိုတာ ပြောပေးပါဆရာ။**

ဖြေ။ ပြည်နယ်အဆင့်မှာတော့ အစိုးရဘက်က ၁၀ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဘက်က ၁၀ ဦးနဲ့ အရပ်သားဘက်က ခြောက်ဦးပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာ အစိုးရဘက်က ငါးဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဘက်က ငါးဦးနဲ့ အရပ်သားဘက်က လေးဦး စုစုပေါင်း ၁၄ ဦးပါတယ်။ ဒေသန္တရအဆင့် local Level မှာတော့ ရှစ်ဦးပါမယ်။ အစိုးရဘက်က သုံးဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဘက်က သုံးဦးနဲ့ အရပ်သားဘက်က နှစ်ဦးပါပါမယ်။ ဒေသန္တရအဆင့်အတွက် ပြည်နယ်အဆင့်ကိုတောင် ကျွန်တော်တို့ အားလုံးမလုပ်ရသေးတော့ လာမှာပါ။ မကြာခင်ပေါ့။ အမြန်ဆုံးဖွဲ့ဖြစ်အောင် ကျွန်တော်တို့ ကြိုးစားနေပါတယ်။

**မေး။ တနင်္သာရီတိုင်းဒေသကြီးမှာ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့် ရေးကော်မတီ (JMC-S)ကို ဖွဲ့မယ်။ ဒီအစည်းအဝေးမှာပြောထားတာရှိတော့ ဘယ်တော့လောက် စဖြစ်မလဲဆိုတာလေး သိရမလားဆရာ။**

ဖြေ။ ကျွန်တော်တို့ တနင်္သာရီကို ဖေဖော်ဝါရီ ၂၅ မှာ သွားဖို့ရှိတယ်။ ချက်ချင်းဖွဲ့မယ်လို့တော့ စီစဉ်ထားတယ်။

**မေး။ အခုအစည်းအဝေးမှာ ဆွေးနွေးရမယ့် အချက်တွေက များလွန်းနေတော့ အချိန်လုံလောက်မှု ရှိနိုင်ပါ့ မလားဆရာ။**

ဖြေ။ မှန်ပါတယ်။ အားလုံးပြီးအောင် ဆွေးနွေးဖို့ဆိုမလွယ်လောက်ပါဘူး။ အဲဒါကြောင့် ကျွန်တော်တို့ အလုပ်အဖွဲ့ ဖွဲ့မယ်။ အစည်းအဝေးမှာပဲ လာပြီးဆွေးနွေးတာမဟုတ်ပဲနဲ့ ကြားထဲမှာ ဆွေးနွေးနိုင်မယ့် ဟိုဘက် ဒီဘက်ပါဝင်တဲ့ အလုပ်အဖွဲ့ ဖွဲ့မယ်။ ဒါတွေလုပ်ဖို့ စီစဉ်ထားပါတယ်။

**မေး။ ရှမ်း၊ ကရင်၊ ပဲခူး ကိစ္စတွေ မနက်ဖန်မှာ ဆက်လက်ဆွေးနွေးသွားဖို့ရှိလားဆရာ။**

ဖြေ။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ဆွေးနွေးနိုင်မယ်လို့ မျှော်လင့်ရပါတယ်။

**ကျေးဇူးပါပဲဆရာ။**

***

## နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်

## အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပခဲ့သည့် အဌမအကြိမ် ဒေလီဆွေးနွေးပွဲသို့ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ဖေဖော်ဝါရီ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့သည့် အဌမအကြိမ် ဒေလီဆွေးနွေးပွဲသို့ တက်ရောက်ပြီးနောက် ယနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

အဌမအကြိမ် ဒေလီဆွေးနွေးပွဲကို အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနနှင့်အတူ အိန္ဒိယနိုင်ငံကာကွယ်ရေးဆိုင်ရာ သုံးသပ်လေ့လာရေးဌာန အိန္ဒိယနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်ကြီးများအသင်း အိန္ဒိယနှင့် အာဆီယံနိုင်ငံများမှ အဖွဲ့ဝင်များက ကြီးမှူးကျင်းပခြင်းဖြစ်သည်။

ဒေလီဆွေးနွေးပွဲကို "အာဆီယံ-အိန္ဒိယဆက်ဆံရေး စံနမူနာအစီအစဉ်သစ်တစ်ရပ်"ဟူသည့် ဆောင်ပုဒ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး ရှာရီမာတီ ဆူရှမာ စဝါရက်ဂျ်က အမှာစကားပြောကြားကာ ဖွင့်လှစ်ပေးသည်။

ဆွေးနွေးပွဲတွင် "အနာဂတ်ကို မျှဝေဖို့ ပေါင်းစည်းဆက်သွယ်မှုလမ်းမများကို တည်ဆောက်စို့" နှင့် "ထုတ်ကုန်ကွန်ရက်ပေါင်းစည်းဖို့ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် အိန္ဒိယပေါင်းစည်းစို့" စသည့် ကဏ္ဍနှစ်ခုနှင့်စပ်လျဉ်း၍ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်က ဒေသတွင်း လမ်းပန်းဆက်သွယ်ပေါင်းစည်းမှုခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အာဆီယံပေါင်းစည်းဆက်သွယ်မှုသည် အာဆီယံအသိုက်အဝန်းအတွက် အရေးကြီးသည့် ကဏ္ဍဖြစ်ပါကြောင်း၊ ဒေသတွင်းစီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်စေရေးတွင် အခြေခံအဆောက်အအုံ အရင်းအမြစ်မှာ လွန်စွာအရေးကြီးကြောင်း ပြောကြားသည်။ ဆက်လက်ပြီး ပင်လယ်ရေကြောင်း ပေါင်းစည်းဆက်သွယ်ရေးနှင့် စပ်လျဉ်း၍ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ပို့ဆောင်ရေးစီမံကိန်းနှင့် ထားဝယ်ရေနက်ဆိပ်ကမ်းတို့ကို လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးသည်။ ကုန်းလမ်းပေါင်းစည်း ဆက်သွယ်ရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ဆက်သွယ်သည့် ကုန်းလမ်းမတည်ဆောက်ခြင်း လုပ်ငန်းစဉ်များ၏တိုးတက်မှုအပေါ် ဆွေးနွေးသည်။ ထို့ပြင် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အမြန်လမ်းမကြီးအား ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့နှင့် ချိတ်ဆက်ရန် အလားအလာကောင်းမွန်မှုကို ကြိုဆိုပါကြောင်း၊ ဒေသတွင်းပေါင်းစည်းဆက်သွယ်မှုကို တည်ဆောက်ရာတွင် လိုအပ်လျက်ရှိသည့် အရင်းအမြစ်များကိုရရှိရန် အစိုးရနှင့် ပုဂ္ဂလိကအကျိုးတူပူးပေါင်းဆောင်ရွက်ရေးစနစ်ကို မြှင့်တင်သွားရန်ဖြစ်ကြောင်း ဆွေးနွေးသည်။

ယင်းနောက် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ သွားရောက်ခဲ့ပြီး သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများကို တွေ့ဆုံလျက် နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည့် အစီအမံများနှင့် ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများကို အသိပေးပြောကြားသည်။

ထို့နောက် ဖေဖော်ဝါရီ ၁၉ ရက်တွင် ဗုဒ္ဓဂယာသို့သွားရောက်ခဲ့ပြီး ကုန်းဘောင်ခေတ် ဘကြီးတော်မင်းတရားနှင့် မင်းတုန်းမင်းတို့ တည်ဆောက်ခဲ့ကြသော ကျောက်စာစေတီနှစ်ဆူကို သွားရောက်ကြည့်ရှုလေ့လာခဲ့ပြီး ထိန်းသိမ်းစောင့်ရှောက်ရန်ကိစ္စအား ဘီဟာပြည်နယ်အစိုးရမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ရက်တွင် ကျရောက်သော အက်စ်တိုးနီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အက်စ်တိုးနီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ မာရီနာ ကယ်လ်ဂျူရန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## ယဉ်ကျေးမှုဝန်ကြီးဌာနက ပုဂံဒေသရှိ ဘုရားငါးဆူ၏ ပစ္စယံများပေါ်သို့ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ တက်ရောက်ခွင့် ပြုမည်ဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ(ပုဂံဒေသ)တွင် ဘုရား၊ ပုထိုး၊ စေတီ၊ အုတ်ကျောင်း စသည့် ရှေးဟောင်းအဆောက်အအုံများ ၃၀၀၀ ကျော်ရှိပြီး မြန်မာနိုင်ငံသားအားလုံးနှင့် သက်ဆိုင်နေသည့် ယဉ်ကျေးမှုအမွေအနှစ် ဒေသတစ်ခုလည်းဖြစ်သည်။ ထို့ကြောင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ခရီးသွားကုမ္ပဏီများနှင့် ဧည့်လမ်းညွှန်များ၏ ပန်ကြားချက်အရ ပုဂံဒေသရှိ ရှေးဟောင်းအဆောက်အအုံများအနက် နေဝင်ချိန်မြင်ကွင်းကောင်းမွန်သည့် ရွှေဆံတော်၊ ပြဿဒ်ကြီး၊ တောင်ဂူနီ၊ မြောက်ဂူနီ၊ သစ္စာဝတီ စသည့် ဘုရားငါးဆူ၏ ပစ္စယံများပေါ်သို့ ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ တက်ရောက်ရန်အတွက် ခွင့်ပြုပေးခဲ့ကြောင်း ဖေဖော်ဝါရီ ၂၃ ရက်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဖေ့ဘွတ်ခ်စာမျက်နှာတွင် ဖော်ပြထားသည်။

နှစ်ကာလရှည်ကြာလာသည့် အဆောက်အအုံတို့သည် ခံနိုင်ရည် လျော့နည်းလာခြင်းကြောင့် လူအများအပြားတက်ရောက်မှုအတွက် ဘုရားများ၊ ရှေးဟောင်းအဆောက်အအုံများ ရေရှည်တည်တံ့မှုကို အန္တရာယ်ဖြစ်စေခြင်း၊ တက်ရောက်သူတို့အတွက် အန္တရာယ်ဖြစ်စေခြင်း၊ တက်ရောက်သူများ၏ မလျော်ကန်သည့် ဝတ်စားဆင်ယင်မှု၊ ကခုန်တီးဆိုမှု၊ ဘုရားပေါ်တွင် အိပ်စက်ခြင်း စသည့် ယဉ်ကျေးမှုဖြစ်စဉ်များကို ထိခိုက်ယိုယွင်းစေသည့် အပြုအမူအဖြစ်အပျက်တို့သည် သတိပေးတားမြစ်သည့်ကြားကပင် မလိုလားအပ်သည့် ဖြစ်စဉ်မျိုး မကြာခဏဖြစ်ပွားလျက်ရှိနေခြင်းတို့ကြောင့် မတ်လ ၁ ရက်မှ စတင်ကာ ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ မည်သည့် ဘုရားပစ္စယံများပေါ်သို့မျှ တက်ရောက်ခွင့်ပြုတော့မည်မဟုတ်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၂ ရက်တွင် အသိပေးကြေညာခဲ့သည်။

ထိုသို့ အသိပေးကြေညာခဲ့သော်လည်း ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ဘုရားပုထိုး၊ စေတီများ၏ ပစ္စယံများပေါ်သို့ တက်ရောက်ခွင့်မပြုကြောင်း ဖော်ပြခဲ့သော သတင်းကို ပြန်လည်ရုပ်သိမ်းကာ ရွှေဆံတော်၊ ပြဿဒ်ကြီး၊ တောင်ဂူနီ၊ မြောက်ဂူနီ၊ သစ္စာဝတီစသည့်ဘုရားငါးဆူ၏ ပစ္စယံများပေါ်သို့ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ တက်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၃ ရက်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနက ပြန်လည်ဖော်ပြခဲ့သည်။

**(ကြေးမုံ)**

### * ကျောဖုံးမှ

အဆိုပါတိုက်ပွဲများနှင့်ပတ်သက်ပြီး တိုင်းရင်းသားညီအစ်ကိုအချင်းချင်းအကြား ညှိနှိုင်းဖြေရှင်းနေကြောင်း မြေပြင်သတင်းများအရလည်းကောင်း၊ နှစ်ဖက်အဖွဲ့အစည်းများ၏ ထုတ်ပြန်ကြေညာချက်များအရလည်းကောင်း သိရှိရသည့်အတွက် တပ်မတော်အနေဖြင့် စောင့်ကြည့်ခဲ့ကြောင်း၊ သို့သော် ဒေသခံပြည်သူများအနေဖြင့် ဘေးဒုက္ခများ ပိုမိုကြုံတွေ့လာရသဖြင့် ဖေဖော်ဝါရီ ၁၂ ရက်တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက SSA (ရှက်ဆစ်)အဖွဲ့မှ JMC-S ဒုတိယဉက္ကဌ(၁) ဦးစိုင်းအောင်မြထံသို့ SSA (ရှက်ဆစ်)အဖွဲ့ကို သဘောတူသတ်မှတ်ပေးထားသည့် နေရာသို့ ပြန်လည်ထွက်ခွာစေရန်နှင့် SSA (ရှက်ဆစ်)အဖွဲ့ နယ်မြေကျော်လွန်ဝင်ရောက်ခဲ့မှုအပေါ် ပြင်းထန်စွာကန့်ကွက်ကြောင်း အကြောင်းကြားစာပေးပို့ခဲ့ပြီး မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးဗဟိုဌာန (Myanmar Peace Center)သို့လည်း အကြောင်းကြားခဲ့ကြောင်း သိရှိရသည်။

သို့ရာတွင် SSA (ရှက်ဆစ်)အဖွဲ့အနေဖြင့် သတ်မှတ်နေရာသို့ ပြန်လည်ထွက်ခွာသွားမည်မဟုတ်ကြောင်း အကြောင်းပြန်ကြားခဲ့သည့်အပြင် လက်နက်ကိုင်အင်အားများ ပိုမိုဖြည့်တင်းဝင်ရောက်လာခြင်း၊ ၎င်းအဖွဲ့များ၏ လှုပ်ရှားမှုများသည် ဒို့တာဝန်အရေးသုံးပါးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်စေခြင်းများကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ် အခန်း(၁) ပုဒ်မ(၂၀) (င)အရလည်းကောင်း၊ အခန်း(၇) ပုဒ်မ (၃၄၁)အရလည်းကောင်း ပြဋ္ဌာန်းချက်များနှင့်အညီ နယ်မြေခံတပ်များဖြင့် အဆိုပါနယ်မြေအတွင်း ရောက်ရှိလှုပ်ရှားလျက်ရှိသော လက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ရှင်းလင်းလျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ထိုင်း-မြန်မာ ဆွေးနွေးပွဲမှတစ်ဆင့် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအတွက်

## TR-38 သက်သေခံလက်မှတ် ထုတ်ပေးရေးနှင့် ခြောက်နှစ်သက်တမ်းပြည့် သက်တမ်းတိုးရေးတို့အတွက် သဘောတူညီချက်များရရှိခဲ့

**ထိုင်းနိုင်ငံတွင် ယခုလ ၁၂ ရက်နှင့် ၁၃ ရက်က ကျင်းပပြီးစီးခဲ့သည့် မြန်မာ-ထိုင်း နှစ်နိုင်ငံ အလုပ်သမားရေးရာ ကျွမ်းကျင်သူများဆွေးနွေးပွဲတွင် နှစ်နိုင်ငံညှိနှိုင်းသဘောတူညီချက် အစီအစဉ် (၇)ခု ချမှတ်ဆွေးနွေးခဲ့ကြပြီး မြန်မာအလုပ်သမားများအတွက် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်သည့်အခါ တွေ့ကြုံရသည့် အခက်အခဲများကိစ္စ၊ TR - 38 သက်တမ်းကုန်ဆုံးမည့် အလုပ်သမားများအတွက် သက်သေခံလက်မှတ် Certificate of Identity (CI) ထုတ်ပေးရေးကိစ္စနှင့် (၆)နှစ်သက်တမ်းပြည့် အလုပ်သမားများအတွက် သက်တမ်းတိုးရေးကိစ္စတို့အတွက် သဘောတူညီချက်များရရှိခဲ့ကြသည်။**



အဆိုပါဆွေးနွေးမှုများနှင့် ပတ်သက်၍ “မြန်မာအလုပ်သမားတွေကို သက်သေခံလက်မှတ် Certificate of Identity (CI) ထုတ်ပေးရေးအတွက် ဆွေးနွေးခဲ့တယ်။ ဒုတိယအချက်အနေနဲ့ ဒီသက်သေခံလက်မှတ်ကို ထုတ်ပေးရင် ပွဲစားတွေမရှိအောင် ဘယ်လိုလုပ်ကြမယ်ဆိုတာလည်း ဆွေးနွေးခဲ့တယ်။ ၂၀၁၆ ခုနှစ် မတ်လ ၃၁ ရက်ဆိုရင် ထိုင်းနိုင်ငံမှာ ယာယီနေထိုင်လုပ်ကိုင်ခွင့် (TR-38) သက်တမ်းပြည့်တဲ့ မြန်မာအလုပ်သမားတွေရော(၆)နှစ်ပြည့်တဲ့ အလုပ်သမားတွေရော (၄) နှစ်ပြည့်ပြီး သက်တမ်းတိုးခွင့်မရသေးတဲ့ အလုပ်သမားတွေအတွက်ရော ထုတ်ပေးမယ့်ကိစ္စတွေ ဆွေးနွေးတယ်။ နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော် အလုပ်လုပ်မယ့်ကိစ္စတွေလည်း ဆွေးနွေးတယ်။ ၂၀၁၃ ခုနှစ်က ရေးထိုးခဲ့တဲ့ မြန်မာ-ထိုင်း MoU ရေးထိုးခဲ့တာကို သက်တမ်းတိုး လက်မှတ်ရေးထိုးဖို့ကိစ္စဆွေးနွေးတယ်။

ဒီသက်တမ်းတိုးဖို့ ကိစ္စတွေကိုလည်း နှစ်နိုင်ငံက ညှိနှိုင်းပြီးဖြစ်တယ်။ ဒါနားလည်မှုစာချွန်လွှာ (MoU)အရ နှစ်နိုင်ငံက အလုပ်သမားတွေ စေလွှတ်တဲ့အခါ ကောင်းမွန်စေဖို့ လုပ်ခဲ့ကြတာမှန်ပေမယ့် မလိုလားအပ်တဲ့ပြဿနာတွေ ဖြစ်ပေါ်လာတဲ့အခါ ဒီအပေါ်မှာ အကျိုးအပြစ်ရှာပြီး ပြန်လည်သုံးသပ်ဖို့ ဆွေးနွေးခဲ့တာလည်းရှိပါတယ်”ဟု အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ရှင်းပြသည်။

“သက်သေခံလက်မှတ် (CI) ထုတ်ပေးဖို့အတွက် ထိုင်းနိုင်ငံနဲ့ သဘောတူညီချက်ရရှိခဲ့တယ်။ ၂၀၁၆ ခုနှစ် မတ် ၃၁ ရက်ဆိုရင် ထိုင်းနိုင်ငံမှာ သက်တမ်းပြည့်သွားမယ့် အလုပ်သမားတွေကို သက်သေခံလက်မှတ် (CI)ထုတ်ပေးဖို့ သဘောတူတာဖြစ်ပါတယ်။ ဒီလိုမထုတ်ပေးခင်မှာ ထိုင်းနိုင်ငံဘက်က အလုပ်လုပ်ကိုင်ခွင့် TR-38 ကို အရင်ထုတ်ပေးမယ်လို့ ပြောတယ်။ ဒါကိုထုတ်ပေးပြီးတော့မှ Information Sharing လုပ်ပြီးတော့ မြန်မာကိုပို့ပေးမယ်။ ပြီးတော့မှ မြန်မာကနေ ဆက်ထုတ်ပေးပါ့မယ်ဆိုပြီး ပြောတယ်။ ဒီအတွက် ငွေကုန်ကျမှုတွေမများဖို့ကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။

နှစ်နိုင်ငံအကြား ထပ်ပြီးဆွေးနွေးရတာက ၂၀၁၆ ခုနှစ် မတ်လ ၃၁ ရက်ဆိုရင် အချိန်ကနီးနေပြီ။ CI လက်မှတ်ထုတ်ပေးတာက ဘယ်လောက်ကြာမလဲဆိုတာပါ။ ဒီရက်မှာ သက်တမ်းပြည့်သွားမယ့် အလုပ်သမားက ၄ သိန်းခွဲလောက်ရှိတယ်။ ဒီအတွက် မြန်မာဘက်က မယ်ဆိုင်၊ မဲဆောက်၊ ရနောင်း၊ ကန်ချနပူရီ၊ ဆွန်မွတ်ပရာကန်၊ မဟာချိုင် စတဲ့ ခြောက်နေရာမှာ တစ်နေ့ကိုစခန်းတစ်ခု၊ လုပ်နိုင်တဲ့အင်အားက ၅၀၀ ရှိမယ်ဆိုရင် ခြောက်နေရာအတွက် ၃၀၀၀ ပဲပြီးမယ်။ ၄ သိန်းခွဲရှိတဲ့အတွက် အနည်းဆုံး ၅ လ၊ ဒီထဲမှာ (၄)နှစ်ရော (၆) နှစ်ရော ပြည့်မယ့်အလုပ်သမားတွေပါ ပေါင်းမယ်ဆိုရင် ခြောက်လလောက်အထိ လုပ်ငန်းကြာမယ်”ဟု မြန်မာ-ထိုင်း အလုပ်သမားများအတွက် သဘောတူညီမှုရရှိခဲ့ခြင်းအပေါ် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်က ပြောပြသည်။

ထိုင်းနိုင်ငံမှာ ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (TR-38) သက်တမ်းပြည့် မြန်မာအလုပ်သမားတွေ (၂)နှစ်သက်တမ်းတိုးတာကို ထိုင်းနိုင်ငံအတွင်း နေရာခြောက်နေရာသတ်မှတ်ပြီး တရားဝင်အထောက်အထားရရှိရေး ဆောင်ရွက်ပေးမယ့် လုပ်ငန်းစဉ်ဟာ ခြောက်လလောက်ကြာမယ်ဆိုရင် ၂၀၁၆ ခုနှစ် မတ် ၃၁ ရက်မှာ မြန်မာတွေက သက်တမ်းကုန်နေပြီ။ ဒီအတွက် မြန်မာဘက်က တောင်းဆိုတာက ဒီလိုဆောင်ရွက်ပေးနေတဲ့ ခြောက်လအတွင်းမှာ မြန်မာအလုပ်သမားတွေကို မဖမ်းဆီးဖို့ တောင်းဆိုတယ်။ သူတို့ဘက်က ဒါကိုလုပ်ပေးလို့တော့မရဘူး။ ဒါပေမယ့် မတ် ၃၁ ရက်မှာ TR-38 သက်တမ်းပြည့်တဲ့ မြန်မာအလုပ်သမားတွေကို နောက်ထပ်သက်တမ်း (၂) နှစ်တိုးပေးမယ်။ (၂) နှစ်တိုးပေးပြီး Information ကို မြန်မာကို လွှဲပြောင်းပေးမယ် ပြောပါတယ်။ ဒီအပေါ်မှာ မြန်မာဘက်က ထပ်ပြီးဆွေးနွေးရတာက TR-38 ပေါ်မှာပါတဲ့ နာမည်တွေက ထိုင်းအသံထွက်နဲ့ မြန်မာနာမည်ကို အင်္ဂလိပ်လို ရေးထားတာဖြစ်တဲ့အတွက် မြန်မာနိုင်ငံက နိုင်ငံသားစိစစ်ဖို့ရှာတဲ့အခါမှာ မတွေ့တာမျိုးရှိတယ်။ ဒီအခါမှာ အလုပ်သမားတွေ ဒုက္ခရောက်ပါတယ်။ ဒါ့ကြောင့် အမှားပါရင်ပြင်မယ်၊ ပြင်ပြီးတဲ့ စာရင်းကိုလည်း ထိုင်းဘက်ကို ပြန်ပို့ပေးမယ်လို့ ဆွေးနွေးပါတယ်။ ဒါကို သူတို့က လက်ခံပါတယ်။ ဒါကြောင့် နာမည်နှစ်မျိုးနဲ့ ထွက်တာမျိုးလည်း ရှိနိုင်မယ်”ဟု ရှင်းပြသည်။

“နောက်ပြီး CI နဲ့ TR - 38 ထုတ်မယ့် ငွေပေးတဲ့စနစ်မှာလည်း အလုပ်သမားကိုယ်တိုင်က ထိုင်းနိုင်ငံမှာရှိတဲ့ ဘဏ်တို့ Serviceကောင်တာတို့မှာ ငွေသွင်းပြီး အဲ့ဒီက ထုတ်ပေးတဲ့ စလစ်ယူလာမယ်။ ပြီးတော့ သူတို့ထုတ်ပေးတဲ့စလစ်နဲ့ TR-38 ကတ်ပြားလေးယူလာမယ်။ အဲဒီနှစ်ခုပေးရင် မြန်မာနိုင်ငံက CI ထုတ်ပေးမယ်။ ဒါက နှစ်နိုင်ငံ သဘောတူတာပါ။ မြန်မာဘက်ကလည်း နိုင်ငံသားစစ်ရပါမယ်။

သူတို့ဘက်ကထုတ်ပေးတဲ့ TR-38 ဟာ work permit နဲ့ ဗီဇာသဘောမျိုး သက်ရောက်ပြီး မြန်မာက ထုတ်ပေးမယ့် CI က အသိအမှတ်ပြုမှုတစ်ခု ဖြစ်ရမယ်လို့ ဆွေးနွေးခဲ့တယ်။ မြန်မာက တောင်းဆိုလိုက်တဲ့ CI ထုတ်ပေးမယ့် နေရာတွေကိုတော့ အမြန်ဆုံးအကြောင်းပြန်မယ်လို့ ပြောပါတယ်။

၂၀၁၆ ခုနှစ် မတ် ၃၁ ရက်မှာ TR-38 သက်တမ်းကုန်မယ့် မြန်မာအားလုံးကို သက်တမ်း(၂)နှစ်တိုးမယ်။ ပြီးတော့ (၆) နှစ်နဲ့ (၄) နှစ် ပြည့်ပြီး သက်တမ်းတိုးခွင့်မရသေးတဲ့ အလုပ်သမားအားလုံးပါတယ်။ ဒီလူတွေက work permit နဲ့ရော၊ ဗီဇာနဲ့ရော CI ထုတ်ပေးတဲ့လုပ်ငန်းတွေမှာ အကျုံးဝင်ပါမယ်။

နောက်တစ်ခုက မြန်မာအလုပ်သမားတွေက ထိုင်းနိုင်ငံကို ရောက်ပြီး ရက်ပေါင်း ၉၀ ပြည့်တိုင်း ထိုင်းလဝကမှာသွားပြီး အလုပ်လုပ်ကြောင်းပြရတာရှိတယ်။ ဒီကိစ္စကို အလုပ်သမားတွေက ထိုင်းနိုင်ငံမှာ ဘယ်နေရာဘာရှိလဲမသိဘူး။ ထိုင်းစကားလည်း မကျွမ်းကျင်ဘူး။ အလုပ်ခဏလာလုပ်တာလေ။ ဒီကိစ္စအပေါ်မှာ အလုပ်သမားတွေ တရားမဝင်မဖြစ်စေဖို့ စဉ်းစားပြင်ဆင်ပေးဖို့ ပြောခဲ့တာကို ဆောင်ရွက်ပေးမယ်လို့ သူတို့နဲ့ ဆွေးနွေးခဲ့တာရှိပါတယ်”ဟု ဆက်လက်ရှင်းပြသည်။

“ထိုင်းပဲဖြစ်ဖြစ်၊ ဘယ်နိုင်ငံပဲဖြစ်ဖြစ် ပြည်ပသွားပြီး အလုပ်လုပ်တော့မယ်ဆိုရင် ကိုယ်သွားမယ့်နိုင်ငံက မြန်မာသံရုံးနဲ့ အကူအညီပေးနိုင်မယ့် အဖွဲ့အစည်းတွေ၊ ဆက်သွယ်နိုင်မယ့် ဖုန်းနံပါတ်နဲ့ လိပ်စာတွေကိုလည်း သိထားဖို့လိုအပ်တယ်။ ကျွန်တော်တို့ ထွက်တုန်းကလည်း အချက်အလက်အားလုံးကို စုထားတယ်။ ပြီးတော့ ကိုယ်လုပ်မယ့် အလုပ်ရဲ့သဘောသဘာဝ၊ ရပိုင်ခွင့်၊ အာမခံမှု ဒါတွေရော အားလုံးသိအောင် လုပ်ထားရမယ်။ အဓိကကတော့ အလိမ်အလည် ပွဲစားတွေနဲ့ မတွေ့အောင် သေသေချာချာ စုံစမ်းလေ့လာသင့်တယ်။ လောပြီးမလုပ်ဖို့လည်း အရေးကြီးတယ်။ ကိုယ့်နိုင်ငံမဟုတ်တဲ့ နိုင်ငံတစ်ခုမှာ ကိုယ့်အတွက် လုံခြုံမှုက အဓိကပါ”ဟု ထိုင်းနိုင်ငံတွင် သွားရောက် အလုပ်လုပ်ကိုင်ဖူးသည့် ကိုစိုးက ၎င်း၏အတွေ့အကြုံများကို ပြောပြသည်။

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ အလုပ်သမားစေလွှတ်သည့်အခါ မြဝတီ-မဲဆောက် လမ်းတစ်ခုတည်းကို အဓိကအသုံးပြုလျက်ရှိပြီး ထားဝယ်-ထီးခီး၊ ပူနရွန်-ကန်ချနပူရီလမ်းမှလည်း အဆင်ပြေစွာ သွားရောက်နိုင်သည့်အတွက် အဆိုပါလမ်းကြောင်းမှ အလုပ်သမားများ စေလွှတ်နိုင်ရေးကိုလည်း မြန်မာ-ထိုင်းနှစ်နိုင်ငံ အလုပ်သမားရေးရာ ကျွမ်းကျင်သူများ ဆွေးနွေးပွဲတွင် ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

“ဆွေးနွေးပွဲမှာ အလုပ်သမားကာကွယ်စောင့်ရှောက်ရေးကိစ္စတွေကိုလည်း ဆွေးနွေးခဲ့တယ်။ ဒီလိုဆွေးနွေးတဲ့အခါ သူတို့ဘက်မှာလည်း တချို့ကိစ္စအတွက် အခက်အခဲတွေရှိနေတယ်။ အလုပ်သမားရေးရာအနေနဲ့ ဆောင်ရွက်နေသလို ပြည်ထဲရေးနဲ့ လဝကဥပဒေအရ ဆောင်ရွက်နေတာတွေလည်း ရှိတဲ့အတွက် နှစ်ဖက်ဆွေးနွေးပြီး ညှိနှိုင်းယူရပါတယ်။

ပြီးတော့ သူတို့ဘက်က အလုပ်သမားခေါ်တဲ့အခါ ပွဲစားတွေက စက်ရုံရဲ့ HR မန်နေဂျာဆီကနေတစ်ဆင့် လူတွေကို ပိုပြီးခေါ်တယ်။ တကယ်ခန့်တာထက် ပိုခေါ်တော့ ပိုတဲ့ အလုပ်သမားတွေဟာ အမှန်အလုပ်လုပ်ဖို့ ခေါ်တဲ့နေရာမှာ မဟုတ်ဘဲ တခြားအလုပ်နေရာတွေရောက်တယ်။ ဒါတွေကိုပြေလည်ဖို့ အမှန်တကယ်လိုအပ်တဲ့ အရေအတွက်ကို စိစစ်ပြီးတောင်းဖို့ ဆွေးနွေးခဲ့တယ်။ အလုပ်ခန့်မယ် ပြောပြီး အလုပ်သမားခေါ်ပြီးမှ မခန့်ရင်လည်း အရေးယူပေးဖို့ ဆွေးနွေးခဲ့တယ်။ အေဂျင်စီနဲ့လုပ်ရင် အေဂျင်စီကို အရေးယူပေးပါ။ စာချုပ်ပါအတိုင်း လုပ်ဆောင်မပေးရင် အလုပ်ရှင်ကိုလည်း အရေးယူပေးပါလို့ ဆွေးနွေးတာမျိုးရှိပါတယ်။

ထိုင်းဘက်ကနေ ဆွေးနွေးညှိနှိုင်းတာလည်းရှိတယ်။ ထိုင်းနိုင်ငံက အလုပ်ရှင်တွေဘက်က မြန်မာနိုင်ငံဘက်ကို တောင်းဆိုတာကတော့ ဒီဘက် process က ကြန့်ကြာမှုရှိတယ်။ တစ်ခါတစ်လေ သူတို့က အလုပ်အတွက် လိုအပ်လို့ခေါ်တဲ့အချိန်မှာ အလုပ်သမားက ကြန့်ကြာမှုရှိနေရင် ရှိတဲ့လူကိုခေါ်ပြီးအလုပ်လုပ်ရတယ်။ ဒါမျိုးတွေလည်း ရှိပါတယ်။ ဒါ့ကြောင့် အလုပ်ခေါ်စာရပြီး ၄၅ ရက်အတွင်းမှာ အလုပ်သမားတွေကို စေလွှတ်နိုင်အောင် လုပ်ပေးပါဆိုပြီး ညှိနှိုင်းပါတယ်။

ပြီးတော့ (၆)နှစ်ကျော်တဲ့ အလုပ်သမားတွေကို သူတို့က PR မပေးချင်ဘူး။ မြန်မာဘက်ကလည်း PR မရရင်နေပါစေ၊ အလုပ်လုပ်ဖို့အတွက် အဆင်ပြေနိုင်ဖို့ ဆွေးနွေးခဲ့တယ်။ ဆက်လက်အလုပ်လုပ်ချင်သူတွေက ကျန်းမာရေးမကောင်းတဲ့သူတွေနဲ့ အသက် (၅၅) နှစ်ထက် ကြီးတဲ့သူ မပါရဆိုတာကို ထိုင်းဘက်က ဆွေးနွေးတယ်”ဟု အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ဆိုသည်။

ဆက်လက်၍ တရားဝင်လမ်းကြောင်းမှ သွားရောက်ခြင်းသည် ကောင်းမွန်လုံခြုံသော လုပ်ငန်းခွင်ရရှိခြင်းကို ဖြစ်စေကြောင်းနှင့် စပ်လျဉ်းပြီး “တရားဝင်သွားတာနဲ့ တရားမဝင် သွားတာက အများကြီးကွာပါတယ်။ တရားဝင်သွားတဲ့သူတွေကျတော့ Information ရှိပါတယ်။ အလုပ်ရှင်နဲ့ အလုပ်သမား ပွင့်ပွင့်လင်းလင်း စာချုပ်ချုပ်ပြီး သွားကြတာ။ စာချုပ်မှာ အလုပ်ရှင်က ဘယ်လောက်ပေးမယ်ဆိုတာ ပါပြီးသား။ ဘယ်နေရာမှာ အလုပ်လုပ်ရမယ်၊ နေရာထိုင်ခင်းပေးမယ်၊ အစားအသောက် ဘယ်လိုပေးမယ်၊ ဆေးကုသခွင့်တွေဘယ်လို ဆောင်ရွက်ပေးမယ်ဆိုတာတွေ ပါပြီးသားဖြစ်လို့ အလုပ်ရှင်က မလုပ်ပေးရင် တိုင်ခွင့်ရှိတယ်။ တရားဝင်ဆိုတော့ မာမာတင်းတင်းနဲ့ အပေါ်က ပြန်ရှင်းပေးလို့ရတယ်။ မတရားမှုဖြစ်တဲ့ အမှုတော်တော်များများက တရားမဝင် အလုပ်သမားတွေဖြစ်တာတွေ များတယ်။ မတရားခိုင်းစေမှုတွေ ရှိနေပေမယ့် ကျွန်တော်တို့မှာ Information မရှိတော့ ဘာမှမသိရဘူး။ အမှုဖြစ်မှသိရတယ်။ တိုင်ကြားမှသိရတယ်”ဟု ပြောပြသည်။

ပြည်ပသို့ အလုပ်အကိုင်ရှာဖွေပေးသည့် တရားဝင်အေဂျင်စီ ၂၄၀ ကျော်ရှိကြောင်းသိရှိရပြီး ထိုင်းနိုင်ငံသို့ သီးသန့်အလုပ်သမားစေလွှတ်သည့် အေဂျင်စီ (၇၉) ခုရှိကြောင်း အဆိုပါဝန်ကြီးဌာနမှ သိရှိရသည်။

အလုပ်သမားများ အနေဖြင့် သတင်းအချက်အလက်များ သိရှိလိုလျှင်သော်လည်းကောင်း၊ အခက်အခဲတစ်စုံတစ်ရာ ပေါ်ပေါက်လာလျှင်သော်လည်းကောင်း၊ ကူညီဆောင်ရွက်ပေးနိုင်ရေးနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် Complaint Mechanism Center ကို နေပြည်တော် (၀၆၇-၄၃၀၁၈၄၊ ၄၃၀၂၈၄)နှင့် ရန်ကုန် (၀၁-၆၅၀၀၈၉၊ ၆၅၀၀၈၇)တို့ကို ဖွင့်လှစ်ထားပြီး အလုပ်သမားများ၏ အခွင့်အရေးကိစ္စများအတွက် ၂၄ နာရီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်သည့် အလုပ်သမားများအတွက် တရားမဝင်သွားရောက်မှု လျော့နည်းပပျောက်စေရေး၊ အလုပ်သမားဥပဒေနှင့်အညီ အခွင့်အရေးများ အပြည့်အဝရရှိစေရေး၊ ကာကွယ်စောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရေး၊ ရွှေ့ပြောင်းအလုပ်သမားများ အဝင်/အထွက်စာရင်းနှင့် သတင်းအချက်အလက်များ စုဆောင်းနိုင်ရန်အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ပြည်ပထွက်ခွာနှင့် ပြည်ပဆိုက်ရောက်တို့တွင် မြန်မာ ရွှေ့ပြောင်းအလုပ်သမားများ သတင်းပို့ရာနေရာများကို ဖွင့်လှစ်ထားရှိကြောင်း သိရသည်။ **(ရှင်မင်း)**

## ရန်ကင်းကလေးဆေးရုံတွင် အေဘီ သွေးလိုအပ်နေ

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ရန်ကင်းကလေးအထူးကုဆေးရုံကြီးတွင် ကလေးလူနာများအတွက် အသက်ကယ်တင်ရန် သွေးများလိုအပ်လျက်ရှိကြောင်း သိရသည်။

လတ်တလောလိုအပ်လျက်ရှိသော သွေးအမျိုးအစားမှာ အေဘီဖြစ်ပြီး သွေးလှူဒါန်းလိုသူများ ရန်ကင်းကလေးအထူးကုဆေးရုံကြီးသို့ လာရောက်လှူဒါန်းနိုင်သည်။ (၀၆၇)

# အပြည်ပြည်ဆိုင်ရာပရိဘောဂပြပွဲကို စင်ကာပူနိုင်ငံ၌ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

အပြည်ပြည်ဆိုင်ရာ ပရိဘောဂပြပွဲ (International Furniture Fair Singapore -IFFS) ကို စင်ကာပူနိုင်ငံရှိ Singapore EXPO(စင်ကာပူခန်းမ)၌ မတ် ၁၀ ရက်မှ ၁၃ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အဆိုပါပြပွဲ၌ မြန်မာနိုင်ငံကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်းနှင့် သစ်အခြေခံ ပရိဘောဂ လုပ်ငန်းရှင်များအသင်းတို့က ပူးပေါင်းခင်းကျင်းပြသသွားမည်ဖြစ်သည်။



အဆိုပါပြပွဲ၌ မြန်မာနိုင်ငံ ကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်းနှင့် သစ်အခြေခံ ပရိဘောဂ လုပ်ငန်းရှင်များအသင်းတို့က ပူးပေါင်းခင်းကျင်း ပြသခြင်းအားဖြင့် ပြည်တွင်းရှိထုတ်ကုန်များနှင့် လက်မှုပညာရပ်များ၏ ဒီဇိုင်းထုတ်ကုန်များကို နိုင်ငံတကာမှ သိစေရန်ဖြစ်ကြောင်း၊ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ လာရောက်ခင်းကျင်းပြသကြမည့် နိုင်ငံတကာမှ ထုတ်ကုန်များနှင့် ဒီဇိုင်းများ၊ ၎င်းတို့ခင်းကျင်းပြသမည့် ပြကွက်များကို အသင်းနှစ်သင်းမှ လေ့လာသိရှိရန်အတွက်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ပါဝင်ပြသလိုက်ခြင်းအားဖြင့် လာမည့်ကာလများ၌ ကျင်းပပြုလုပ်မည့်ပွဲများတွင်လည်း အခြားသူများမှ ဝင်ရောက်ခင်းကျင်း ပြသလိုပါက မိမိတို့အတွေ့အကြုံဖြင့် ပူးပေါင်းစည်းရုံးနိုင်ရန်အတွက်ဖြစ်ကြောင်း သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးညဏ်ဝင်းက ပြောသည်။

သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးညဏ်ဝင်းက "ဒီပြပွဲမှာ အသင်းဝင်တွေ ပူးပေါင်းပါဝင်ပြသဖို့ကို စင်ကာပူနိုင်ငံက Singapore Furniture Industry Council က ဖိတ်ခဲ့တာပါ။ ကျွန်တော်တို့ အသင်းအနေနဲ့ကတော့ ပထမဆုံးဝင်ရောက်ပြသတာပါ။ မြန်မာနိုင်ငံကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်းကတော့ ကုမ္ပဏီများအနေနဲ့ နှစ်စဉ်ပြသလျက်ရှိပြီး နိုင်ငံတကာဈေးကွက်မှာ ဈေးကွက်အနေအထား အသင့်အတင့်နေရာရနေပါပြီ။ ပြပွဲမှာခင်းကျင်းပြသရောင်းချသွားမယ့် ပစ္စည်းဈေးနှုန်းကတော့ စင်ကာပူဒေါ်လာ ၁၀၀ ကျော်ကနေ အထက်ကိုရှိနေပါလိမ့်မယ်။ ကျွန်တော်တို့နိုင်ငံမှာ သစ်ကုန်ကြမ်းတွေရှိနေတယ်ဆိုတာ နိုင်ငံတကာကလည်းသိတယ်လေ။ အရည်အသွေးမီတဲ့ ပရိဘောဂတွေ နိုင်ငံတကာကို ထိုးဖောက်နိုင်ဖို့ကလည်း နည်းနေတော့ ဒီလိုပြပွဲတွေပြုလုပ်ခြင်းအားဖြင့် နိုင်ငံတကာကလည်း ပြည်တွင်းပရိဘောဂထုတ်ကုန်တွေကို သိရှိလာတော့မှာပါ။ ကျွန်တော်တို့အတွက်လည်း ပြပွဲအတွေ့အကြုံတွေ ရရှိပြီဆိုရင်တော့ နှစ်စဉ် ဒီထက်ပိုပြီးများများပြသသွားနိုင်မှာပါ။ နိုင်ငံတော်အတွက်လည်း များစွာအကျိုးရှိပါတယ်"ဟု ဆိုသည်။

စင်ကာပူနိုင်ငံရှိ Singapore Furniture Industry Council သို့ မြန်မာနိုင်ငံမှ သွားရောက်ခင်းကျင်းပြသမည့်အသင်း နှစ်သင်းအတွက် ပြပွဲ၌ မီတာ ၁၀၀ ပတ်လည်နေရာ ပေးထားပြီး ပြပွဲအတွင်း သစ်အခြေခံ ပရိဘောဂလုပ်ငန်းရှင်များအသင်းမှ ကုမ္ပဏီ နှစ်ခုနှင့် မြန်မာနိုင်ငံ ကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်းမှ ကုမ္ပဏီ လေးခုတို့ဖြင့် ပြခန်းပေါင်း ၁၀ ခန်း ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်းသိရကာ ပြပွဲလာပရိသတ် ၇၀၀၀ ကျော်ထိ မျှော်မှန်းထားကြောင်း သိရသည်။

ထို့အပြင် မြန်မာနိုင်ငံသစ်တောထွက် ပစ္စည်းလုပ်ငန်းရှင်များ အသင်းချုပ်နှင့် စင်ကာပူနိုင်ငံမှ Singapore Furniture Industry Council တို့မှာ လာမည့် စက်တင်ဘာလ၌ နိုင်ငံတကာအဆင့် ကုန်စည်ပြပွဲများကျင်းပနိုင်ရန်အတွက် MoU လက်မှတ်ရေးထိုးပြီးပါက စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံတွင် ပရိဘောဂပြပွဲအား လာရောက်ခင်းကျင်းပြသမည်ဖြစ်ပြီး မြန်မာနိုင်ငံမှလည်း စင်ကာပူနိုင်ငံ၌ ပရိဘောဂပြပွဲအား နှစ်စဉ်ခင်းကျင်းပြသနိုင်တော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်မှ သိရသည်။

**စိုးဝင်း(MLA)**

## ကျောက်တော်မြို့နယ်၌ သုတအလင်းရောင် စာကြည့်တိုက်ဖွင့်

**ကျောက်တော် ဖေဖော်ဝါရီ ၂၃**

ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်လျက်ရှိရာ ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျောက်တော်မြို့နယ် ကျောက်ဖြူကျေးရွာ ကိုယ့်အားကိုယ်ကိုး သုတအလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၀ နာရီတွင် စာကြည့်တိုက်အဆောက်အအုံရှေ့၌ ဖွင့်လှစ်ခဲ့ရာ လက်ထောက်ပညာရေးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့က အသီးသီး အမှာစကားပြောကြားကြပြီး စာကြည့်တိုက်ဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဦးဇေယျာလင်းက စာကြည့်တိုက်ဖြစ်မြောက်လာပုံကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေများပေးအပ်ကာ မြို့နယ်ပြန်/ဆက်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြသန်းက စာအုပ်စာစောင်များ၊ ဂျာနယ်များလှူဒါန်းကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကော့သောင်းမြို့အနီး ပင်လယ်ပြင်အတွင်း ငါးဖမ်းစက်လှေ မီးလောင် နစ်မြုပ်မှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နေ ဦးမင်းဦး ပိုင်ဆိုင်သော ခိုင်လင်းစိုး(၁၈၀)အမည်ရှိ ငါးကဲ့လှေသည် ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၄နာရီခွဲခန့်တွင် ကော့သောင်းမြို့မှ ပင်လယ်ပြင်သို့ ငါးကဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ရန် ထွက်ခွာလာစဉ် ဘုတ်ပြင်းမြို့ အနောက်ဘက် ၃၅ မိုင်ခန့်အကွာသို့ အရောက်၌ ရေယာဉ်ရှိ စက်မကြီး၏ Turbo အပူရှိန်လွန်ကဲပြီး စက်ခန်းအတွင်း မီးစတင်လောင်ကျွမ်းရာမှ ရေယာဉ်တစ်စင်းလုံး မီးလောင်ကျွမ်းကာ နစ်မြုပ်မှုဖြစ်ပွားခဲ့သည်။



ရေယာဉ် မီးလောင်ရာနေရာသို့ တပ်မတော်(ရေ)မှ စစ်ရေယာဉ်တစ်စင်းသွားရောက်၍ ရှာဖွေကူညီကယ်ဆယ်မှုများ ဆောင်ရွက်ပေးခဲ့ရာ လှေသား ၁၆ ဦးအား ကယ်ဆယ်နိုင်ပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




## တာချီလိတ်မြို့နယ် ပါခုတ်ပူးပေါင်းစစ်ဆေးရေးစခန်း၌ စိတ်ကြွဆေးပြား သိန်း ၆၀ ကျော် သိမ်းဆည်းရမိ

**တာချီလိတ် ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ပါခုတ်ကျေးရွာပူးပေါင်းစစ်ဆေးရေးစခန်း၌ WY စာတန်းပါ စိတ်ကြွဆေးပြား သိန်း ၆၀ ကျော်ကို ယနေ့ နံနက် ၁၀ နာရီခွဲက သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ ရဲအုပ် ရဲဝင်းထွန်း ဦးစီးအဖွဲ့နှင့် ပါခုတ်ပြည်သူ့စစ်အဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ) ကျေးရွာအုပ်စု ပါခုတ်ပူးပေါင်းစစ်ဆေးရေးစခန်းတွင် တာချီလိတ်မြို့ဘက်မှ ဝမ်ပုံဘက်သို့ အိုက်ကျွမ် မောင်းနှင်လာပြီး အိုက်ကစ်လိုက်ပါလာသည့် SKAT ခြောက်ဘီးယာဉ်အမျိုးအစား အပြာရောင် မော်တော်ယာဉ်အား သဲကျောက်တင်ဆောင်မောင်းနှင်လာစဉ် ရပ်တန့်စစ်ဆေးရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေခဲ့ရာ ယာဉ်နောက်ခန်းတွင် တင်ဆောင်လာသည့် သဲကျောက်များအောက်ရှိ ကြမ်းခင်း၌ နှစ်ထပ်အံဝှက်အတွင်းမှ အစိမ်းရောင် ကျော်ပိုးအိတ်များဖြင့် ထည့်လျက် ကျော်ပိုးအိတ်တစ်လုံးလျှင် စိတ်ကြွဆေးပြား ၆၀၀၀ စီပါ အထုပ် ၃၀၊ ဆေးပြား ၁၈၀၀၀၀ ခန့်၊ ယင်းကဲ့သို့ ကျောပိုးအိတ်ပေါင်း ၃၅ လုံး စုစုပေါင်း စိတ်ကြွဆေးပြား ၆၃၀၀၀၀၀၊ အလေးချိန် ၆၃၀ ကီလိုဂရမ်ခန့်နှင့် မိုဘိုင်းဖုန်း ငါးလုံးနှင့်အတူ သိမ်းဆည်းရမိသည်။

အဆိုပါ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူ အိုက်ကျွမ် နှင့် အိုက်ကစ်တို့နှစ်ဦးအား ဝမ်ပုံနယ်မြေရဲစခန်းက မယ(ပ)၃/၂၀၁၆၊ မူး/စိတ်ပုဒ်မ ၁၅/၁၉(က)/၂၁ အရ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## စက်ရေတွင်းဖွင့်

**ကွမ်းခြံကုန်း ဖေဖော်ဝါရီ ၂၃**

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ကော့ခနိမ်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရန်ပုံငွေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော စက်ရေတွင်း(တွင်းနက်)ဖွင့်ပွဲ အခမ်းအနားကို အဆိုပါကျေးရွာ စက်ရေတွင်းရှေ့တွင် ဖေဖော်ဝါရီ ၁၀ ရက်က ပြုလုပ်ခဲ့သည်။ အဆိုပါ စက်ရေတွင်းအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ငွေကျပ် ၉၂ ဒသမ ၃၅ သန်း အကုန်ကျခံ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး လေးလက်မ စက်ရေတွင်း၊ ဂါလန် ၂၀၀၀ ဆံ့ ရေစုကန်၊ ရေစက်ရုံ အဆောက်အအုံများပါဝင်၍ Golden Hours ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**(ကြေးမုံ)**

## ချင်းပြည်နယ် မင်းတပ်မြို့ဈေး မီးလောင်ကျွမ်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ချင်းပြည်နယ် မင်းတပ်မြို့ မြို့မဈေးကြီးအား ယနေ့မွန်းလွဲ ၁၂ နာရီခွဲကျော်က အသားသတ်ခုံမှစတင်၍ မီးလောင်ကျွမ်းခဲ့ရာ ဈေးဆိုင်ခန်းပေါင်း ၂၅ ခန်း မီးလောင်ဆုံးရှုံးခဲ့ကြောင်း ကနဦးသတင်းအရ သိရသည်။

အဆိုပါ မီးလောင်ကျွမ်းရာသို့ မီးသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ် နှစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ကြရာ ညနေ ၃ နာရီကျော်တွင် မီးညွှန့် ကျိုးသွားခဲ့သည်။ ယင်းမီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

**(ငိုင်းအောင်-ချင်း)**



## မူးယစ်ဟူသမျှ ဆန့်ကျင်ကြ၊ ရှောင်လေဝေးဝေး မူးယစ်ဆေး

အနုပညာ

# စာမေးပွဲပြီးရင် အနုပညာအလုပ်ကို ရာနှုန်းပြည့်ဆက်လုပ်သွားမယ့် ဂျူးစံသာ



***မကြာခင်ကာလတွင် စာမေးပွဲဖြေဆိုဖို့ရှိတာကြောင့် အနုပညာအလုပ်တွေ သိပ်မလုပ်ဖြစ်ဘဲ အားလပ်ချိန်မှာတော့ မြန်မာပြည်အနှံ့ ခရီးသွားချင်တယ်ဆိုတဲ့ အလှမယ်ဂျူးစံသာကို ယခုလိုဆက်သွယ်မေးမြန်းဖြစ်ခဲ့ပါတယ်-***

**လတ်တလောအနုပညာလှုပ်ရှားမှုအကြောင်း ပြောပေးပါ-**

လတ်တလော ဓာတ်ပုံတွေရိုက်ဖြစ်တယ်၊ ရှိုးလျှောက်ဖြစ်တယ်။ အဲဒီလောက်ပါပဲ။ စာမေးပွဲက မတ်လထဲမှာဆိုတော့ ကျောင်းပုံမှန်တက်ဖြစ်နေတာများပါတယ်။ အွန်လိုင်းရှော့ပင်းတွေအတွက် ဓာတ်ပုံတွေရိုက်ပေးဖြစ်တယ်၊ အွန်လိုင်းက အင်္ကျီကြော်ငြာတွေအတွက် ဓာတ်ပုံတွေရိုက်ပေးဖြစ်တယ်။ ဒီဇိုင်နာတွေလုပ်တဲ့ ရှိုးပွဲတွေလျှောက်ဖြစ်ပါတယ်။

**ကျောင်းတက်နေတာကဘယ်နှစ် ရောက်ပြီလဲ-**

တတိယနှစ် ရူပဗေဒဘာသာရပ်နဲ့ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှာ Day တက်နေပါတယ်။

**သင်္ကြန်အတွက် ဘာအစီအစဉ်ရှိလဲ-**

လောလောဆယ်တော့ အစီအစဉ်မရှိသေးပါဘူး။ ခရီးထွက်ဖြစ်မလား၊ ရန်ကုန်သင်္ကြန်မှာပဲရှိနေမလားဆိုတာ မသေချာသေးပါဘူး။

**အားလပ်ရက်တွေမှာ ခရီးသွားမယ်ဆိုရင် ဘယ်လိုနေရာမျိုးတွေ သဘောကျလဲ-**

ပြည်တွင်းမှာဆိုရင် မြန်မာနိုင်ငံအနှံ့သွားချင်ပါတယ်။ နိုင်ငံအနှံ့မရောက်ဖူးသေးတော့ ရောက်ဖူးချင်ပါတယ်။ ပြည်ပမှာအသွားချင်ဆုံးနေရာဆိုရင်တော့ ပဲရစ်ပါ။ တခြားနေရာတွေလည်းသွားချင်ပါတယ်။

**စာမေးပွဲဖြေဖို့အတွက် ပြင်ဆင်မှုကရော-**

ဘာသာအားလုံးကိုတော့ ကြိုးစားလေ့လာနေပါတယ်။ စာသင်တာလည်းမပြီးသေးတော့ အကုန်လုံးတော့မရသေးပါဘူး။ စာမေးပွဲဖြေဖို့ အာရုံစိုက်ပြီး လေ့လာနေပါတယ်။ စာမေးပွဲနီးလို့ ဘာသာရပ်တွေကိုကြိုးစားသင်ယူပါတယ်။

**စာမေးပွဲပြီးရင် ဘာတွေဆက်လုပ်ဖြစ်မလဲ -**

အနုပညာအလုပ်ကို ရာနှုန်းပြည့်ဆက်လုပ်သွားမှာပါ။ စာမေးပွဲရှိတဲ့ရက်ကလွဲလို့ပေါ့။

**အဆိုတော်နဲ့ သရုပ်ဆောင်လုပ်ဖို့အတွက်ရော အစီအစဉ်ရှိလား-**

သီချင်းဆိုတာဝါသနာပါတော့ အဆိုပိုင်းကိုလုပ်ဖို့ သီချင်းတွေ ဝယ်ထားတာတော့ ရှိပါတယ်။ အများကြီးတော့ မလုပ်ထားပါဘူး။ စာမေးပွဲလည်းရှိတော့ စာမေးပွဲပြီးမှ တစိုက်မတ်မတ်လုပ်ဖြစ်မယ်။ တစ်ပုဒ်၊ နှစ်ပုဒ် စလုပ်ဖြစ်မယ်ထင်ပါတယ်။

**အားပေးတဲ့ ပရိသတ်တွေအတွက် စကားလက်ဆောင်ပါးပေးပါဦး-**

အခုအချိန်အထိ ဖေ့စ်ဘွတ်ခ်မှာရော၊ အပြင်မှာရော၊ ဖုန်းနဲ့ပါအားပေးကြတဲ့ ပရိသတ်တွေကို ကျေးဇူးအများကြီးတင်ပါတယ်။ အတတ်နိုင်ဆုံး ကြိုးစားနေပါတယ်။ ဒါပေမယ့် ကျောင်းတက်နေရတော့အနုပညာအလုပ်ကို သိပ်ပြီးမလုပ်နိုင်ပါဘူး။ ကျောင်းတစ်ဖက် အလုပ်တစ်ဖက်နဲ့ဆိုတော့ ပရိသတ်တွေဖြစ်စေချင်တဲ့အတိုင်း အပြည့်အဝ မလုပ်နိုင်သေးတဲ့အတွက် ခွင့်လွှတ်နားလည်ပေးကြပါလို့ပြောချင်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**မင်းလှသား**



## ဒန်နီရယ်လ်ကမ့်ပ်ဘဲလ်နဲ့အတူ တွေ့ရတဲ့ လူးဝစ်တွန်လင်စန်

နာမည်ကျော်ဗြိတိန်ပေါ့ပ်တေးဂီတအဖွဲ့ "One Direction"မှ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ လူးဝစ်တွန်လင်စန်ဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၀ရက်က လော့စ်အန်ဂျလိစ်မှာရှိတဲ့ စားသောက်ဆိုင်တစ်ဆိုင်ကနေ ဟောလိဝုဒ်ရဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ဒန်နီရယ်လ်ကမ့်ပ်ဘဲလ်ရဲ့ လက်ကိုဆွဲပြီး ထွက်လာခဲ့တာကို တွေ့လိုက်ရကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

သူတို့နှစ်ဦးကို ဟောလိဝုဒ်ရဲ့လမ်းတွေပေါ်မှာ မကြာခဏဆိုသလို တွေ့မြင်နေခဲ့ရပေမယ့် သူတို့နှစ်ဦးစလုံးက ချစ်သူတွေဖြစ်နေကြတယ်ဆိုတာမျိုး ဒီနေ့အထိ တရားဝင်ထုတ်ဖော်ပြောကြားခြင်း မရှိသေးပါဘူး။ သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့နှစ်အတွင်းက စတင်လက်တွဲခဲ့ကြတာဖြစ်ပါတယ်။

ဒါပေမယ့် မကြာသေးမီက ဒီဇိုင်နာတစ်ဦးဖြစ်သူ ဘရီရာနာဂျက်ဝ့ါသ်က လူးဝစ်နဲ့ ရရှိခဲ့တဲ့ ရင်သွေးလေးဖြစ်တဲ့ သားယောကျ်ားလေးတစ်ဦးကို မွေးဖွားခဲ့ပါတယ်။ လူးဝစ်က သူ့ရဲ့သားလေးကို ဖရက်ဒီလို့ အမည်ပေးထားပြီး ဖရက်ဒီနဲ့အတူရိုက်ကူးထားတဲ့ ဓာတ်ပုံကိုလည်း သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပါတယ်။ လူးဝစ်က ဘရီရာနာနဲ့ သူ့ရဲ့ကြားက ဆက်ဆံရေးအကြောင်းကိုလည်း ပြတ်ပြတ်သားသား ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ပါဘူး။ ဒ့ါကြောင့် လူးဝစ်ရဲ့ချစ်သူဟာ ဘယ်သူလဲဆိုတာ ခုထိဝေခွဲမရ ဖြစ်နေရပြီး မီဒီယာတွေအကြားမှာလည်း လူးဝစ်ရဲ့အချစ်ရေးဟာ စိတ်ဝင်စားစရာ ကိစ္စတစ်ရပ် ဖြစ်နေခဲ့ပါတယ်။



## ကင်မ်စုယန်း တောင်ကိုရီးယားသို့ အရေးပေါ် ပြန်ခဲ့ရ



တောင်ကိုရီးယားမင်းသမီး ကင်မ်စုယန်းဟာ ထိုင်းနိုင်ငံ ဖူးခတ်ကမ်းခြေမှာ ကြော်ငြာသွားရောက်ရိုက်ကူးနေရာကနေ ဒဏ်ရာပြဿနာကြောင့် ရိုက်ကူးရေးလုပ်ငန်းများကိုဖျက်ကာ တောင်ကိုရီးယားသို့ အရေးပေါ်ပြန်လာခဲ့ရကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းမှာ ဖော်ပြခဲ့ပါတယ်။

မင်းသမီးဟာ ဖူးခတ်ကမ်းခြေမှာ ကြော်ငြာရိုက်ကူးနေစဉ် ခြေထောက်မှာ ဒဏ်ရာအပြင်းအထန်ရရှိခဲ့တာကြောင့် လတ်တလောရိုက်ကူးနေတဲ့ ကြော်ငြာရော၊ သူ့ရဲ့ရုပ်ရှင်သစ် "Pure Love"ရဲ့ ပရိုမိုးရှင်းပွဲအတွက် ရိုက်ကူးရေးလုပ်ငန်းတွေကိုပါ ဖျက်ကာ ဆေးကုသဖို့အတွက် တောင်ကိုရီးယားကို ချက်ချင်းပြန်ခဲ့ရတာဖြစ်ကြောင်း သိရပါတယ်။

ယခုလို ထိခိုက်ဒဏ်ရာရခဲ့မှုကြောင့် ခြေထောက်ကျိုးသွားတာမျိုး မရှိပေမယ့် လဲကျစဉ်က ခြေထောက်ကို လိမ်ချိုးလိုက်သလိုဖြစ်ခဲ့ပြီး ပေါင်ရင်းကနေစကာ ဒဏ်ရာများရရှိခဲ့တာကြောင့် လတ်တလောမှာ လမ်းလျှောက်ဖို့ရန်ပင် အခက်အခဲများရှိနေကြောင်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်။**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၄ - ၂ -၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့် -နှောင်းခေတ်တေးပဒေသာ |
| ၆း၁၅ | ဝတ်စားဆင်ယင်မှုပြပွဲ |
| ၆း၄၅ | တေးဂီတအစီအစဉ် |
| ၇း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြေတဲ့နှင်းဆီ" (အပိုင်း-၆၉) |
| ၇း၄၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေထီးဆောင်းမိသားစု" (အပိုင်း-၁၅) |
| ၈း၄၅ | Catch Asia News |
| ၈း၅၅ | "အစုန်အဆန်" (ထူးသာ၊ အကယ်ဒမီ ခင်မိုမို့အေး၊ ပန်းသော်တာ) [ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)၊အောင်မိုး (Paris)] |
| ၉း၂၀ | ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်သံစုံတီးဝိုင်းကြီးနှင့် မြန်မာ့အသံခေတ်ပေါ်တေးဂီတ ပူးပေါင်းဖျော်ဖြေတင်ဆက်မှု အစီအစဉ် |
| ၉း၃၀ | မြန်မာရုပ်ရှင် (ဖြူ/မည်း) "မြခြူသံ"(မြတ်လေး၊ ကြည်ကြည်ဌေး၊ တံတွေးသိန်းတန်၊ မာမာအေး) (ဒါရိုက်တာ-ဗိုလ်ကလေး တင့်အောင်) |

### mitv

| | |
|---|---|
| 07:26 | Products Of Myanmar - Stone Of The Heavens |
| 07:51 | One of the Useful Purposes of Bamboo |
| 08:26 | Myanmar Childhood Games (Ep - II) |
| 08:34 | Lawka Nandar Wildlife Sanctuary And Its Rare Star Tortoises |
| 09:26 | Myanmar Leading Woman: May Sabe Phyu @ L. Hkawn Htoi |
| 09:39 | Oboist and His Life |
| 10:26 | Myanmar's Export: Mango |
| 10:36 | "Myanmar's Traditions and Culture" Novicehood in Myanmar |
| 07:26 | Travelogue: A Tour in Korea (Part-6) |
| 07:47 | A Star for Great Achievement |
| 08:26 | Myanmar Traditional Identity (EP- 3) The Sphinx Of Egypt And The Manousiha Of Myanmar |
| 08:40 | A Tea Business: Pankwan (Part-2) |
| 08:51 | Indian Footsteps |

### MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ် |
| ၅း၄၀ | "မှားနေရင်ပြုပြင်ပါ" တရားတော် (ဓမ္မဒူတဒေါက်တာ အရှင်ပညိဿရာဘိဝံသ) |
| ၈း၀၀ | "မင်္ဂလာပါ" The Morning Show |
| ၁၁း၂၀ | ဟင်းချက်ရအောင် |
| ၁၁း၄၀ | MRTV-4 Stage |
| ၁၂း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ဓဝင်ကုန်သည်" (အပိုင်း-၁၉) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြှား" (အပိုင်း-၂၆) |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၁၂) |
| ၄း၀၅ | Cartoon Series (Welcome To Sky Ville) |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၁၃) |
| ၇း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြှား" (အပိုင်း-၂၇) |
| ၈း၂၀ | ရသစုံညွှန်းတမ်းများ |
| ၈း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၃၂) |
| ၉း၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ဓဝင်ကုန်သည်" (အပိုင်း-၂၀) |
| ၁၀း၁၅ | Let's Talk 11;15 World of Knowledge (Apocalypse; The Second World War The Great Landing) |

### မြန်မာ့ရုပ်မြင်သံကြား News Channel

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း(ဆက်သွယ်ရေးကဏ္ဍ အပြောင်းအလဲနှင့် တိုးတက်လာမည့် စီးပွားရေးလုပ်ငန်းများ) (အပိုင်း-၁) |
| ၈း၃၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၈း၅၀ | "နိုင်ငံတကာနှင့် ရင်ပေါင်တန်း မြန်မာ့ဆေးလောကအစွမ်း" |
| ၉း၃၅ | ၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲအ ထောက်အကူပြု ဘာသာရပ်ဆိုင်ရာများ (အင်္ဂလိပ်စာဘာသာရပ်) |
| ၁၀း၃၅ | အောင်မြင်သူနှင့်အတူ "ဦးတင်အေး" (ရွှေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ) |
| ၁၁း၃၅ | မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ် |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၉၀) |
| ၁း၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်"(အပိုင်း-၉) |
| ၁း၅၀ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း(ဆက်သွယ်ရေးကဏ္ဍ အပြောင်းအလဲနှင့် တိုးတက်လာမည့် စီးပွားရေးလုပ်ငန်းများ) (အပိုင်း-၁) |
| ၂း၁၀ | ဂီတမဟာပျော်စရာ (ပန်းဟောဝန်) |
| ၂း၃၅ | မြန်မာ့ဝလေ့ရိုးရာလက်ဝှေ့ (မိုက်ရိုင်းနှင့် ဂျစ်တူး) |
| ၃း၁၅ | ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာများ (သချာင်္ဘာသာရပ်) |
| ၃း၄၅ | AFC CUP 2016 (LIVE) (သုဝဏ္ဏအားကစားကွင်း) (Yangon United (Vs) South China) |
| ၆း၁၅ | Football Magazine (ရန်ကုန်ယူနိုက်တက်) |
| ၆း၃၅ | ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲက ဘဝ "ဘာကြောင့်လဲ" (ငှက်ပျော်ကြော်၊ သခင်၊ ဒေါ်ခင်ခင်ကြီး)(ဒါရိုက်တာ-မိုက်တီး) |
| ၇း၁၀ | AFC CUP 2016 (LIVE) (မလေးရှားနိုင်ငံ) (ပထမပိုင်း) (Johar Darul TH'ZIM (Vs) Ayeyawady United) |
| ၈း၀၀ | ပြည်တွင်းသတင်း -AFC CUP 2016 (LIVE) (မလေးရှားနိုင်ငံ) (ဒုတိယပိုင်း) (Johar Darul TH'ZIM (Vs) Ayeyawady United) -နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၉၁) -သုခုမရင်ခွင်အငြိမ့်သဘင် "မောင်လူချောတို့အဖွဲ့" (မင်းသမီး-ဆောင်းနှင်းဝေဝေ) (လူရွှင်တော်-ဗေကြီး၊ အရှည်ကြီး၊ သာဦး၊ ကံထူး) (ဒါရိုက်တာ- ဖုန်းမြင့်အောင်) |

# မန်ယူအသင်း အက်ဖ်အေဖလားကွာတားဖိုင်နယ်သို့ လွယ်ကူစွာတက်လှမ်း

မန်ယူအသင်းသည် အက်ဖ်အေဖလား ၁၆ သင်း အဆင့်ပြိုင်ပွဲတွင် ရှရူးဘူရီတောင်းအသင်းအား သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် ကွာတားဖိုင်နယ်အဆင့်သို့ လွယ်ကူစွာပင် တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

ထို့ကြောင့် အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်တွင် ပရီမီယာလိဂ်ပြိုင်ဘက် ဝက်စ်ဟမ်းအသင်းအား အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ ဧည့်ခံကစားရမည်ဖြစ်သည်။ ရှရူးဘူရီတောင်းအသင်းအား သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် မန်ယူအသင်းအတွက် သွင်းဂိုးများကို စမောလင်း၊ မာတာနှင့် လင်းဂတ်တို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။




အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်များကို မဲခွဲဆုံးဖြတ်ပြီးချိန်တွင် ရီးဒင်းအသင်းသည် ခရစ္စတယ်ပဲလေ့အသင်းနှင့်လည်းကောင်း၊ မန်ယူအသင်းသည် ဝက်စ်ဟမ်းအသင်းနှင့်လည်းကောင်း၊ အဲဗာတန်အသင်းသည် ချယ်လ်ဆီးအသင်းနှင့်လည်းကောင်း၊ ဝက်ဖို့ဒ်အသင်းသည် အာဆင်နယ်အသင်းနှင့် ဟားလ်စီးတီးအသင်းတို့ပြန်ကန်ပွဲမှ အနိုင်ရရှိသည့် အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ငွေကြယ် – စုစည်းရေးသားသည်

## ပရီမီယာလိဂ်မှာ ဘာစီလိုနာ၏ အဓိကပြိုင်ဘက်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌဖွင့်ဟ

ပရီမီယာလိဂ်သည် လာလီဂါပြိုင်ဘက် ရီးယဲလ်မက်ဒရစ်အသင်းထက် ဘာစီလိုနာအသင်းအတွက် အဓိကပြိုင်ဘက်ဖြစ်ကြောင်း ဘာစီလိုနာအသင်းဥက္ကဋ္ဌ မာရီယာဘာတိုမူးက ပြောကြားခဲ့သည်။

အင်္ဂလန်အသင်း ၂၀ သည် လာမည့်ဘောလုံးရာသီမှစတင်ကာ ပြိုင်ပွဲအသီးသီးမှ ရုပ်မြင်သံကြား ပြည်တွင်းတိုက်ရိုက်ထုတ်လွှင့်မှုအတွက် ရရှိသော ပေါင် ၅ ဒသမ ၁၃၆ ဘီလီယံကို ရှယ်ယာခွဲဝေရရှိမည်ဖြစ်သည်။

ထို့ကြောင့် လက်ရှိအချိန်မှစတင်ကာ ပရီမီယာလိဂ်ကလပ်အသင်းများသည် ဘဏ္ဍာရေးအခြေအနေ တိုးမြှင့်ရရှိမည်ဖြစ်သောကြောင့် ရုပ်မြင်သံကြား တိုက်ရိုက်ထုတ်လွှင့်မှုဆိုင်ရာ ဘဏ္ဍာရေးကဏ္ဍတွင် ဘာစီလိုနာအသင်းအတွက် ပြိုင်ဘက်ဖြစ်လာမည်ဟု အသင်းဥက္ကဋ္ဌ မာရီယာဘာတိုမူးက ပြောကြားခဲ့သည်။ ပရီမီယာလိဂ်သည် ဘောလုံးအားကစားနည်းတွင် အကောင်းဆုံးပြိုင်ပွဲတစ်ခုဖြစ်ပြီး ပရိသတ်စိတ်ဝင်စားမှုနှင့် အခွန်ရရှိမှုတွင် အများဆုံးပြိုင်ပွဲတစ်ခုလည်းဖြစ်သည်။

ထိုသို့ ဘာစီလိုနာအသင်းဥက္ကဋ္ဌ မာရီယာဘာတိုမူးအနေဖြင့် စိုးရိမ်ပူပန်လျက်ရှိသော်လည်း အသင်း၏လက်ရှိရလဒ်ပိုင်းသည် အကောင်းဆုံးအနေအထားသို့ ရောက်ရှိနေပြီး ပြိုင်ပွဲအရပ်ရပ်တွင် အောင်မြင်မှုရရှိနေဆဲအသင်းဖြစ်သည်။ ဘာစီလိုနာအသင်းသည် တောင်အမေရိကအခြေစိုက်တိုက်စစ်မှူးသုံးဦး၏ စွမ်းဆောင်ရည်များကြောင့် လာလီဂါအမှတ်ပေးဇယားတွင် အဆင့်(၂)နေရာမှ အက်သလက်တီကိုမက်ဒရစ်အသင်းအား ရှစ်မှတ်အထိ ဖြတ်ထားနိုင်ခဲ့ပြီး တောင်အမေရိကတိုက်စစ်အတွဲဖြစ်သည့် မက်ဆီ၊ နေမာနှင့်ဆွာရက်ဇ်တို့၏ ယခုနှစ်ဘောလုံးရာသီစုစုပေါင်း သွင်းဂိုး ၉၁ ဂိုးအထိရှိလာခဲ့သည်။ တိုက်စစ်မှူး မက်ဆီသည် သွင်းဂိုး ၂၇ ဂိုး၊ တိုက်စစ်မှူး နေမာသည် ၂၃ ဂိုးနှင့် တိုက်စစ်မှူး ဆွာရက်ဇ်သည် သွင်းဂိုး ၄၁ ဂိုး စသည်ဖြင့် သွင်းယူထားကြခြင်းဖြစ်သည်။

## ကွန်တီနှင့် ချယ်လ်ဆီး သဘောတူလိုက်ပြီ

အီတလီအသင်းနည်းပြ ကွန်တီသည် ပြင်သစ်မြေ၌ ယှဉ်ပြိုင်ကစားမည့် ယူရို ၂၀၁၆ ပြိုင်ပွဲပြီးဆုံးပါက လက်ရွေးစင်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သောကြောင့် ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကိုင်တွယ်ရန်သဘောတူညီလိုက်ပြီဖြစ်ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းအနေဖြင့် လာမည့်ဘောလုံးရာသီတွင် စတမ်းဖို့ဘရစ်ချ်၏ နည်းပြသစ်အဖြစ် နည်းပြကွန်တီအား ကမ်းလှမ်းထားခဲ့သည်မှာ မော်ရင်ဟိုအား ထုတ်ပယ်ခဲ့ချိန်ကတည်းကပင် ဖြစ်ကြောင်းလည်း သိရသည်။

ချယ်လ်ဆီးအသင်းသည် လက်ရှိတွင် လစ်လပ်နေသည့်နည်းပြနေရာအတွက် ဟစ်ဒင့်ဖြင့် ရာသီကုန်အထိ အစားထိုးထားမည်ဖြစ်ပြီး ရာသီကုန်ချိန်တွင် နည်းပြဟစ်ဒင့်နေရာတွင် အီတလီနည်းပြ ကွန်တီကို အစားထိုးခန့်အပ်သွားရန်ဆုံးဖြတ်ထားခဲ့ကြောင်းလည်း သိရသည်။

နည်းပြကွန်တီသည် ဂျူဗင်တပ်အသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်စဉ်က ဘောလုံးရာသီသုံးရာသီအတွင်း အီတလီစီးရီးအေဖလားသုံးကြိမ်ဆက်တိုက်ဆွတ်ခူးပေးနိုင်ခဲ့သည့် နည်းပြတစ်ဦးဖြစ်ပြီး ၁၉၉၆ ခုနှစ်က ကစားသမားဘဝဖြင့် ဂျူဗင်တပ်အသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလားရယူဆွတ်ခူးနိုင်ခဲ့သည်။

ချယ်လ်ဆီးတိုက်စစ်မှူး အေဒင်ဟာဇက်သည် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများရှိခဲ့သော်လည်း ရီးယဲလ်မက်ဒရစ်အသင်းသို့သာ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းကသာ ၎င်းအား အကာအကွယ်ပေးနိုင်မည့်အသင်းဖြစ်ကြောင်း တိုက်စစ်မှူး ဟာဇက်က ဆက်လက်ပြောကြားခဲ့သည်။ ချယ်လ်ဆီးအသင်းကလည်း ပြီးခဲ့သည့်နှစ်က တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုရရှိထားခဲ့သည့် တိုက်စစ်မှူး ဟာဇက်ကို ရောင်းချသွားမည်ဖြစ်ကြောင်းလည်း ဆိုသည်။

တိုက်စစ်မှူး ဟာဇက်အနေဖြင့် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားမည့်အစီအစဉ် ထမြောက်အောင်မြင်ခြင်းမရှိခဲ့ပါက လာမည့်ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်း၌သာ ဆက်ကစားလိုကြောင်း အသင်းဖော်များအား ပြောကြားခဲ့သည်။

## ရီးယဲလ်မက်ဒရစ်အသင်းသို့သာ ပြောင်းရွှေ့မည်ဟု ဟာဇက်ဆို



## နိုင်ပွဲပြန်ယူမယ့် ဂျူဗင်တပ်

### စီးရီးအေရာင်ခုန်သံ – ၂၇

***အီတလီစီးရီးအေပွဲစဉ် -၂၇ ကို လာမည့် ဖေဖော်ဝါရီ ၂၇၊ ၂၈၊ ၂၉ ရက်နဲ့ မတ်လ ၁ ရက်နေ့တွေမှာ ကျင်းပသွားဖို့ ရှိနေပါတယ်။ အဆိုပါ ပွဲစဉ်မှာတော့ ဂျူဗင်တပ်နဲ့ အင်တာမီလန်၊ ဖီအိုရင်တီးနားနဲ့ နာပိုလီတို့ ဆုံတွေ့တဲ့ပွဲစဉ်တွေ ပါဝင်နေတာကြောင့် အကြိတ်အနယ် ရှိနိုင်ပြီးစိတ်ဝင်စားဖို့လည်း ကောင်းနေပါတယ်။***

ရှိုင်းမင်းမင်း

**အမ်ပိုလီ-ရိုးမား ည ၁၁း၃၀(၂၇-၂-၁၆)**

ရိုးမားက အခုနောက်ပိုင်းပွဲတွေမှာ ခြေစွမ်းပိုင်းပြန်လည်တည်ငြိမ်နေပါတယ်။ ဒါ့အပြင် ဒီပွဲမတိုင်ခင်မှာ ချန်ပီယံလိဂ်ပွဲစဉ်ကစားရဖို့ မရှိတာကြောင့်လည်း ခြေကုန်ထုတ်လာနိုင်မှာပါ။ အမ်ပိုလီကတော့ အိမ်ကွင်းဖြစ်ပေမယ့် ခြေသာမန်သာရှိပါတယ်။ ရိုးမားကသာနိုင်ပွဲရယူသွားနိုင်ဖို့ ရှိနေပါတယ်။

**အေစီမီလန်-တိုရီနို နံနက် ၂း၁၅(၂၈-၂-၁၆)**

အေစီမီလန်ရဲ့ လက်ရှိခြေက မဆိုးဘူးလို့ ဆိုနိုင်ပါတယ်။ ဥရောပဝင်ခွင့်မှန်းနိုင်တဲ့ အခြေအနေလည်းရောက်နေတဲ့အပြင် အိမ်ကွင်းပွဲစဉ်လည်းဖြစ်နေတာကြောင့် အေစီမီလန်တို့ ဒီပွဲမှာ အမှားခံမှာ မဟုတ်ပါဘူး။ တိုရီနိုခြေကလည်း သာမန်သာရှိတဲ့အတွက် အေစီမီလန်ပဲ အနိုင်ရဖို့ရှိပါတယ်။

**ပါလာမို-ဘိုလော့နာ ည ၆း၀၀(၂၈-၂-၁၆)**

ဘိုလော့နာခြေက တောက်လျှောက်နီးပါးကောင်းမွန်လာပါတယ်။ အဝေးကွင်းပွဲတွေမှာတောင် အမှတ်ရအောင် ကစားနိုင်နေပါတယ်။ ပါလာမိုကလည်း တန်းမဆင်းရဖို့ အားစိုက်လာမှာဖြစ်ပြီး အိမ်ကွင်းအားနဲ့လည်း ဖိအားပေးသွားမှာပါ။ အကြိတ်အနယ်ရှိနိုင်ပြီး သရေကျသွားဖို့ များပါတယ်။

**ကာပီ-အတ္တလန္တာ ည ၈း၃၀(၂၈-၂-၁၆)**

ကာပီက တန်းမဆင်းရဖို့တွက် နောက်ပိုင်းပွဲစဉ်တွေမှာ အားစိုက်ကစားနေပေမယ့် ခံစစ်ပိုင်းအားနည်းမှုတွေ များနေတယ်။ အတ္တလန္တာက အဝေးကွင်းပွဲတွေမှာ ခြေကျဆင်းတတ်ပေမယ့် လက်ရှိခြေစွမ်းပိုင်းကတော့ ကာပီထက် ပိုမိုကောင်းမွန်နေပါတယ်။ အိမ်ကွင်းမှာ ကာပီသရေထက်ပိုမရနိုင်ဘူး။

**ဆမ်ဒိုးရီးယား-ဖရိုစီနိုနီ ည ၈း၃၀(၂၈-၂-၁၆)**

ဆမ်ဒိုးရီးယားက တန်းမဆင်းရဖို့ ရုန်းကန်နေသလို ဒီပွဲစဉ်မှာလည်း အိမ်ကွင်းအားနဲ့ အမှတ်ပြည့်ရရှိအောင် ဖိအားပေးမှာဖြစ်ပေမယ့် လက်ရှိခြေကတော့ အားနည်းမှုတွေ များပါတယ်။ ဒါကြောင့် ဖရိုစီနိုနီတို့ အသာရဖို့ မလွယ်ပါဘူး။ အိမ်ကွင်းဖြစ်ပေမယ့် ဆမ်ဒိုးရီးယားတို့ သရေလောက်ပဲ ကစားနိုင်မယ်။

**ချီယေဗို-ဂျီနိုအာ ည ၈း၃၀(၂၈-၂-၁၆)**

ဂျီနိုအာက တန်းမဆင်းရရေး နောက်ပိုင်းပွဲတွေမှာ အားစိုက်ကစားနေပေမယ့် ခြေကတော့ သာမန်ထက်မပိုပါဘူး။ ချီယေဗိုကတော့ လက်ရှိခြေစွမ်းပိုင်းအရ ဂျီနိုအာထက် ပိုမိုကောင်းမွန်မှုရှိသလို အိမ်ကွင်းအားနဲ့လည်း ဖိအားပေးသွားမှာပါ။ ချီယေဗိုကသာ အိမ်ကွင်းမှာနိုင်ပွဲရယူနိုင်ပါလိမ့်မယ်။

**အူဒီးနီးစ်-ဗီရိုနာ ည ၈း၃၀(၂၈-၂-၁၆)**

အခုနောက်ပိုင်းပွဲစဉ်တွေမှာ ဗီရိုနာကစားပုံကကောင်းမွန်လာတယ်လို့ ဆိုနိုင်ပါတယ်။ ဒီပွဲစဉ်မှာလည်း တန်းမဆင်းရရေးအတွက် အားစိုက်ကစားလာဖို့ ရှိနေပါတယ်။ အူဒီးနီးစ်ခြေကလည်း သာမန်သာရှိလို့ ဗီရိုနာတို့ အခွင့်အရေးရနိုင်ပြီး အမှတ်ခွဲယူသွားနိုင်ဖို့ ရှိနေပါတယ်။

**ဂျူဗင်တပ်-အင်တာ နံနက် ၂း၁၅(၂၉-၂-၁၆)**

ဂျူဗင်တပ်ဟာဒီပွဲမတိုင်ခင်မှာ ချန်ပီယံလိဂ်ပွဲကစားရမှာဖြစ်လို့ ပွဲပန်းနေနိုင်ပေမယ့်နောက်ဆုံးပွဲစဉ် ၂၆ မှာ သရေကျပြီး အမှတ်လျော့ခဲ့တာကြောင့် ဒီပွဲမှာ အားစိုက်ကစားလာမှာသေချာနေပါတယ်။ အင်တာမီလန်ခြေကလည်း အကျဘက်ရောက်နေတာကြောင့် ဂျူဗင်တပ်ပဲ အနိုင်ရမယ်။

**လာဇီယို- ဆာစူအိုလို နံနက် ဝ၀း၃၀(၁-၃-၁၆)**

လာဇီယိုခြေစွမ်းပိုင်းက တည်ငြိမ်မှုအနည်းငယ်ပြန်ပြီး ကျဆင်းလာပါတယ်။ ယူရိုပါလိဂ်ပွဲစဉ်တွေကြောင့်လည်း ပွဲပန်းမှုတွေ ရှိနေနိုင်ပါတယ်။ ဒါပေမယ့် လာဇီယိုရဲ့ အိမ်ကွင်းဖြစ်သလို ဆာစူအိုလိုခြေကလည်း အကျဘက်ရောက်ရှိနေတာကြောင့် လာဇီယိုနိုင်ပွဲတော့ ရဦးမှာပါ။

**ဖီအိုရင်တီးနား-နာပိုလီ နံနက် ၂း၃၀(၁-၃-၁၆)**

နှစ်သင်းစလုံး ယူရိုပါလိဂ်ပွဲတွေကြောင့်ပွဲပန်းမှုတွေရှိနေနိုင်ကြပေမယ့် အရေးပါတဲ့ ပွဲဖြစ်တာကြောင့် အားစိုက် ကစားလာကြမှာပါ။ လက်ရှိ ခြေစွမ်းအရလည်း နှစ်သင်းစလုံး အကောင်းဆုံးအခြေအနေမှာ ရှိနေပါတယ်။ ဒါပေမယ့် နာပိုလီက တိုက်စစ်ကစားပုံ ပိုကောင်းလို့ နာပိုလီပဲကပ်နိုင်မယ်။

# လုပ်ငန်းကျွမ်းကျင်မှု စွမ်းရည်မြှင့် (ဆင့်ပွား) သင်တန်းဖွင့်လှစ်

**တန့်ဆည် ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြှင့် သင်တန်းကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉နာရီက တန့်ဆည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသင်တန်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရွှေဘိုခရိုင် ပြန်/ဆက်ဦးစီးဌာန ဒုဦးစီးမှူး ဦးကျော်နန္ဒဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းသို့ ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ ဒုဦးစီးမှူးများ၊ ဌာနတွင်း ဝန်ထမ်းများတက်ရောက်ကြသည်။ သင်တန်းတွင် ရုံးစာရေးသားနည်းနှင့် စီမံခန့်ခွဲမှုဘာသာရပ်၊ ပြည်သူ့ဆက်ဆံရေးဘာသာရပ်၊ ပြည်သူ့စာကြည့်တိုက်များ စီမံခန့်ခွဲရေးဘာသာရပ်၊ ငွေစာရင်းထိန်းသိမ်းနည်းဘာသာရပ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုံနှိပ်ခြင်းနှင့် စာအုပ်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ သတင်းမီဒီယာလုပ်ငန်းဥပဒေနှင့် နည်းပညာဥပဒေဘာသာရပ်၊ နိုင်ငံ့သမိုင်း အဆင့်ဆင့်ပြောင်းလဲတိုးတက်မှုများ ဘာသာရပ်များကို သင်တန်းနည်းပြဆရာ ခြောက်ဦးတို့မှ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

**သန်းထိုက်(ပြန်/ဆက်)**

# မိုင်းဆတ်၌မြို့မဈေးမီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်

**မိုင်းဆတ် ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်မြို့နယ် မီးသတ်ဦးစီးဌာနသည် ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ မီးဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် လစဉ်စီမံချက် ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်း၍ မြို့မဈေး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်သည်။

အဆိုပါ မီးငြိမ်းသတ်မှုသရုပ်ပြပွဲကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးသောင်းထွန်းဇော်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မင်း ဦးဆောင်သော သန္ဓေ မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၀ တို့က မီးသတ်ယာဉ် ခြောက်စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီးဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းဇော်(ပြန်/ဆက်)**



# ကျွဲ၊ နွားများအား ခွာနာ၊ လျှာနာရောဂါကာကွယ်ဆေး အခမဲ့လိုက်လံထိုးနှံပေး

**စဉ့်ကိုင် ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် မွေးမြူထားသော ကျွဲ၊ နွားများ ရောဂါမဖြစ်ပွားစေရန်အတွက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီက ကျေးရွာများအရောက် ကျွဲ၊ နွားများအား တတိယအကြိမ်မြောက် ခွာနာ၊ လျှာနာရောဂါကာကွယ်ဆေးများကို အခမဲ့ကွင်းဆင်းလိုက်လံထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကျွဲ၊ နွားများကို ခွာနာ၊ လျှာနာရောဂါကာကွယ်ဆေးများ အခမဲ့ကွင်းဆင်းထိုးနှံပေးခြင်းကို စဉ့်ကိုင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာဝင်းထွဋ်နှင့် ဒုတိယဦးစီးမှူးများဖြစ်သော ဒေါက်တာအောင်သူ၊ ဒေါက်တာခင်ချိုသဲ၊ ဒေါက်တာစိုးစိုးသန်း၊ ဒေါက်တာဝေယံကျော်တို့သည် မုံပင်ကျေးရွာ၊ ပတ္တာကျေးရွာ၊ စဉ့်ကိုင်ကြီးကျေးရွာ၊ သင်္ဂတုံကျေးရွာ၊ အုံးတုံကျေးရွာ၊ စံပြကျေးရွာ၊ ချောင်းပတ်ကျေးရွာ စသည့် ကျေးရွာများရှိ နွား ၁၃၀၁ ကောင်ကို အခမဲ့လိုက်လံထိုးနှံပေးခြင်းအပြင် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

# ပုဇွန်တောင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ပုဇွန်တောင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ မဲရုံအဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီက ပုဇွန်တောင် အ-ထ-က(၁)တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ အဖွဲ့ခွဲအဖွဲ့ဝင် ဦးအောင်ဝင်းနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဘိုဘိုက အမှာစကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ဆက်လက်ပြုလုပ်ရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဦးနှင့် အဖွဲ့ဝင်များက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ မဲရုံအဖွဲ့ဝင်များ၊ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ မဲရုံအဖွဲ့ဝင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြသည်။

**ဇော်ဝင်းမြင့်**

# ဟိုပန်မြို့အထက်တန်းကျောင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများကွင်းဆင်းပေးအပ်

**ဟိုပန် ဖေဖော်ဝါရီ ၂၃**

ကျောင်းကွင်းဆင်းစီမံချက်အရ ဟိုပန်မြို့အခြေခံပညာအထက်တန်းကျောင်းတွင် ဖေဖော်ဝါရီလ ဒုတိယပတ်၌ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးမျိုးညွန့်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးစိုင်းမျိုးမြင့်ဦးတို့သည် အသက်(၁၀)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူ ၁၈၆ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ လက်ဝယ်အရောက်ပေးအပ်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**


CitiAvenue Travels & Tours ၏ သင်္ကြန်ပိတ်ရက် နှစ်သစ်ကူးခရီးစဉ်များ

CitiAvenue Travels & Tours

- စင်ကာပူ - ဘင်တန် (6D/5N) April 12 ~ 17 (USD 1280)
- ဟောင်ကောင် - ဘာလီ (8D/7N) April 9 ~ 16 (USD 1850)
- ဟောင်ကောင် - ရှန်ဟိုင်း - ပေကျင်း (8D/7N) April 12 ~ 19 (USD 1880)
- ဟောင်ကောင် - မကာအို - ကွမ်ကျိုး - ရှန်ကျန့် (8D/7N) April 11 ~ 18 (USD 1610)
- ဒူဘိုင်း - အဘူဒါဘီ - အယ်(လ်)အိန်း (8D/7N) April 11 ~ 18 (USD 2200)
- ကိုရီးယား - ဟိုချီမင်း (9D/8N) April 10 ~ 18 (USD 2150)
- ဂျပန် (9D/8N) April 10 ~ 18 (USD 3150)
- သြစတြေးလျ (10D/9N) April 10 ~ 19 (USD 4550)
- ဥရောပ (15D/14N) April 09 ~ 23 (USD 4870)

CitiAvenue ၏ Quality ကိုယုံကြည်သော ဧည့်သည်တော်များ၏ တစ်ခဲနက်အားပေးမှုကြောင့် ခရီးစဉ်များအားလုံး အချိန်တိုအတွင်းလူပြည့်တတ်ပါသဖြင့် အောက်ပါဖုန်းနံပါတ်များကိုယခုပဲဆက်သွယ်ပြီး စာရင်းပေးလိုက်ကြရအောင်နော်။

www.facebook.com/citiavenue

အမှတ် ၁၃၉ (က)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။ 09-732356 12 / 21 09-25090 1188 / 1199 09-7800770 10/20/30/40 01-211609



**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၂၈)၊ မြေကွက်တည်နေရာအမှတ်(၂၈)၊ ဗိုလ်ချုပ်လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ (ဦးမောင်မောင်) [၁၂/ဒပန(နိုင်)၀၄၀၀၈၆]အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား ဒေါပုံမြို့နယ် တရားရုံး၏တရားမကြီးမှုအမှတ်(၆၆/၂၀၁၄)တွင် (တရားလို)ဦးသက်လွင်က(တရားပြိုင်)ဒေါ်သီသီအေးနှင့် ဦးကံမောင်တို့အပေါ် စွဲဆိုရာ တရားပြိုင်ဒေါ်သီသီအေးနှင့် ဦးကံမောင်တို့မှ ယင်းမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားလိုဖြစ်သူ ဦးသက်လွင်၏ အမည်ပေါက်ဆောင်ရွက်နိုင်ရန်အတွက် မြေကွက်နှင့်အိမ်အရောင်းအဝယ်စာချုပ်အား ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် တရားလိုဦးသက်လွင် လိုက်ပါချုပ်ဆိုဆောင်ရွက်ပေးစေရန် ချမှတ်သည့် ၂-၁၀-၂၀၁၄ရက်စွဲပါ စီရင်ချက်ဒီကရီနှင့် တရားမဇာရီမှုအမှတ်(၆၁/၂၀၁၄)အမိန့်တို့ တင်ပြလျက် (တရားရှုံး)ဒေါ်သီသီအေးနှင့်ဦးကံမောင် ကိုယ်စား၊ ဒေါပုံမြို့နယ် တရားရုံးဘီလစ် ဦးဆောင်းလွင်ဦးမှ အရောင်းအဝယ်စာချုပ်ချုပ်ရန်မြေပုံကူးတင်ပြ၍ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက် မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**အမြန်ငှားလိုသည် (Ishikawa Real Estate Co.,ltd)**

မြို့နယ်စုံရှိ ကွန်ဒို၊ လုံးချင်း၊ တိုက်ခန်းများ ငှားရမ်းလိုပါသောကြောင့် ပိုင်ရှင်ကိုယ်တိုင် အမြန်ဆုံး ဆက်သွယ်ပေးပါရန်။

ဖုန်း-၀၉-၂၅၀၆၆၀၉၀၁၊ ၀၉-၇၉၅၉၄၂၂၄၀



**အများသိစေရန်ကြေညာချက်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့၊ မြို့မရပ်ကွက်၊ ဆိပ်တော်ကြီးရပ်၊ ကွင်းအမှတ်(၄)၊ ဦးပိုင်နံပါတ်-၅၈၊ ဧရိယာ(၀. ၁၀၁)ဧကရှိ အိမ်နှင့်ခြံမြေသည် ဒေါ်နု[၅/ပလဘ(နိုင်)၀၀၉၁၈၂] ပိုင်ဆိုင်သည့်ပစ္စည်းဖြစ်ပါသည်။ ဒေါ်နု၏ သဘောတူခွင့်ပြုချက်မရှိဘဲ ပစ္စည်း၏တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ အခြားနည်းလွှဲပြောင်းခြင်း မပြုရန် တားမြစ်ပါသည်။ လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်နု**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစောဝင်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၆၁/၈၉)**
**(၄)၊ ဦးထွန်းစိန်လမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၂၅၄၁၄၃၃၇၁**



**ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အရှေ့ရွှေဂုံတိုင်၊ အောင်ချမ်းသာအိမ်ရာ၊ တိုက်(၂)၊ အခန်း(၄၀၈)နှင့်ပတ်သက်၍ အများသိစေရန်**

အထက်ပါတိုက်ခန်းကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးကိုကိုနိုင်နှင့် ဒေါ်ချိုချိုညွန့်တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ နှစ်ပတ်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်မြင့်မြင့်အေး**
**ဖုန်း-၀၉-၇၈၅၀၄၀၉၆၃**



**ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်၍ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန်ကြေညာချက်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (အဖ)ဦးဇင်အောင်၏သား မောင်အောင်ကျော်ဇေယျဇင် [၁၂/စခန(နိုင်)၀၀၀၁၁၉]၏ လွှဲအပ်ညွှန်ကြားချက်အရ သက်ဆိုင်သူနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်တော်၏ မိတ်ဆွေ မောင်အောင်ကျော်ဇေယျဇင်နှင့် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ (အဖ) ဦးအောင်စန်း၏သမီး မမျိုးပပအောင်တို့သည် (၅-၅-၉၅)ရက်တွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြပါသည်။ မောင်အောင်ကျော်ဇေယျဇင်နှင့် မမျိုးပပအောင်တို့သည် စိတ်သဘောထားချင်းမတိုက်ဆိုင်ကြသဖြင့် ၂၂-၄-၂၀၁၁ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပါသည်။ ယင်းနေ့နောက်ပိုင်းမှစ၍ တစ်ဦးနှင့်တစ်ဦးဆက်သွယ်ခြင်း၊ ဆက်ဆံခြင်း(လုံး၀)ပြုလုပ်ခဲ့ခြင်းမရှိသည်မှာလည်း (၅)နှစ်ကျော် ရှိခဲ့ပြီဖြစ်ပါသည်။ ထို့ကြောင့် မောင်အောင်ကျော်ဇေယျဇင်နှင့် မမျိုးပပအောင်တို့သည် တစ်ဦးနှင့်တစ်ဦး လုံး၀သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မောင်အောင်ကျော်ဇေယျဇင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးအောင်(စဉ်-၆၉၁၄) B.A,R.L, D.B.L,B.D.S**
**(တရားလွှတ်တော်ရှေ့နေ)**
**အမှတ်-၁၆၀၊ ငုဝါလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-73002607**

ကျန်းမာရေးဆောင်းပါး

# ဘေးမဖြစ်စေရန် ရေနွေးကျိုချက်ခြင်းဥပဒေသ

**à ကြည်လွင်မြင့်(မုဒြာ)**

ရေနွေးကို ကျွန်ုပ်တို့ နေ့စဉ်သောက်သုံးကြသည်။

ရေကို မီးဖြင့်ကျိုချက်လျှင် ရေနွေးဟုခေါ်ကြသည်။ ထိုရေနွေးတွင် လက်ဖက်ခြောက်ခပ်၍ သောက်လျှင် ရေနွေးကြမ်း၊ အဖန်ရည်ဟုခေါ်ကြသည်။ ထိုရေနွေးဖြင့်ပင် လက်ဖက်ရည်၊ ကော်ဖီ စသည်ဖြင့်ဖျော်ရန်လည်း အသုံးပြုကြသည်။ ဟင်းသီးဟင်းရွက်များချက်ပြုတ်သောအခါ ရသောဟင်းရည်သည်လည်း ရေနွေးပင်ဖြစ်သည်။ ဆေးရွက်၊ ဆေးမြစ်များကိုပြုတ်၍ သောက်သောဆေးရည်သည်လည်း ရေနွေးပင်ဖြစ်သည်။ ရေနွေးကို အအေးခံပြီး သောက်သုံးလျှင် ရေကျက်အေးဟုခေါ်သည်။

စာရေးသူ၏လက်ဝယ်ရှိသော ရှေးဟောင်းဆေးကျမ်းတစ်ဆူဖြစ်သည့် 'စတုသာရသင်္ခေပဆေးကျမ်း'တွင် ရေနွေးအကြောင်းကို စုံလင်စွာဖော်ပြထားသည်။

(၁) ရေနွေးအကျိုးရှစ်ပါး
(၂) ရေချက်နည်းဥပဒေသ
(၃) အဆိပ်ဖြစ်သည့်ရေချက်ပုံ
(၄) ဥတုအားလျော်စွာရေချက်ပုံတို့ကို အတိအကျ ရေးသားဖော်ပြထားသည်။



ထိုကျမ်းမှ ပါဠိနှင့်အနက်ယှဉ်တွဲရေးထားသော လေးနက်သည့်စာကို ပေါ့ပါးစေရန်အတွက် ပါဠိများကိုဖယ်ပြီး ဖော်ပြလိုသည်။ အချို့နေရာများတွင် ပါဠိနှင့်အနက်ပူးတွဲဖော်ပြမှသာ လေးနက်မှုရှိသဖြင့် မူရင်းအတိုင်းဖော်ပြပါမည်။

**(၁) ရေနွေးအကျိုးရှစ်ပါး**

အနာရောဂါရှိသမျှကာလပတ်လုံး သလိပ်၊ သည်းခြေ၊ လေဟူသော ဒေါသသုံးပါးကိုငြိမ်းစေရန်၊ နိုင်၍ငြိမ်စေရန် ဘာဝပ္ပကာသဆေးကျမ်း၊ အာယုဗေဒဆေးကျမ်း၊ မာနုန္တြီဆေးကျမ်း စသော ရှေးဆေးကျမ်းအစောင်စောင်နှင့် တကွ ဝိနည်းပါဠိတော်ဝယ် မြတ်စွာဘုရားဟောကြားတော်မူသော အကျိုးရှစ်ပါးနှင့်ပြည့်စုံသည်ဟု ဟောတော်မူသည်နှင့်အညီ ရေနွေးကိုသာ သောက်စေရမည်ဟု မှတ်ယူရမည်။

တဏှာယံ-ရေမွတ်သိပ်သောအခါ၌လည်းကောင်း၊ ဝါတကပဇ္ဇရေ-လေဖျား၊ သလိပ်ဖျား၌လည်းကောင်း၊ ဥဏှံသလိလံ-ရေနွေးကိုသောက်ရာ၏။ တက္တဖံ-ထိုသလိပ်ကို၊ ဝိလယံ-ကြေအောင်၊ နိတွာ-ဆောင်၍၊ တဏှာ-မကြာမကြာ ရေမွတ်သိပ်ခြင်းသည်၊ အာသုံ-လျင်စွာ၊ နိတတ္တတေ-ဆုတ်နစ်ပျောက်ကင်းလေ၏။

ဤစာအရ မကြာခဏရေငတ်ခြင်းမဖြစ်အောင် ရေနွေး (ရေနွေးကြမ်း)ကိုသာ သောက်သုံးရမည်ဖြစ်သည်။

**(၂) ရေချက်နည်းဥပဒေသ**

ရေနွေးဟူ၍ပင်ဆိုသော်လည်း မီးဖြင့် ရေကိုပူရုံ၊ နွေးရုံသာချက်သောရေသည် ဆေးဖြစ်သောရေနွေးမဟုတ်ပါ။ ရှစ်ခွက်တစ်ခွက်၊ လေးခွက်တစ်ခွက်၊ နှစ်ခွက်တစ်ခွက်တင်အောင် ချက်ပြီးသောရေသည်သာလျှင် ဆေးဖြစ်သောရေနွေးဖြစ်သည်ဟု မှတ်ယူထားရမည်။

**(၃) အဆိပ်ဖြစ်သည့်ရေချက်ပုံ**

ဤသို့ စီရင်ကျိုချက်သောရေနွေးသည် ဆေးဖြစ်သည်ဟုဆိုသော်လည်း ရေနွေးမှန်သမျှကို မမှတ်အပ်။ အချို့သောရေနွေးသည် ဆေးမဖြစ်သည့်အပြင် ဘေးဥပါဒ်ဖြစ်စေတတ်သော အဆိပ်ပင်ဖြစ်ပါသေးသည်ဟု အထူးသဖြင့် မှတ်ယူထားရမည်။ (ကျမ်း၏သဘောလေးနက်အောင် ပါဠိဖြင့်တွဲ၍ ဖော်ပြပါမည်။)

သရိတံ-ချက်ပြီးသော၊ သီတံ-အေးသော၊ ပုနောတ္တံ-တစ်ဖန်ပြန်၍နွေးအပ်သော၊ တောယံ-ရေသည်၊ ဝိသသမံ-အဆိပ်နှင့်တူသည်၊ ဘဝေ-ဖြစ်၏။ နိယုဟောဝိ-အားထုတ်၍ မကျိုမချက်ရသော၊ သီတံ-ရေအေးသက်သက်သည်၊ ပုနောတ္တံ-ပူရုံ၊ နွေးရုံသာကျိုချက်မှုကား၊ တထာ-ထို့အတူ ဝိသောပမံ-အဆိပ်နှင့်ဥပမာတူ၏။

ရှင်းလင်းအောင်ပြဆိုရလျှင် -

(၁) အေးသောရေနွေးကို ပူအောင်တစ်ဖန်ပြန်၍ နွေးသောက်သော ရေနွေး၊
(၂) ဆူပွက်အောင် မကျိုချက်ဘဲ ပူရုံ၊ နွေးရုံသာ ကျိုချက်ထားသောရေနွေး၊

ဤနှစ်မျိုးသည် အဆိပ်နှင့်တူသောရေနွေးဖြစ်သည်ဟုဆိုသည်။

**(၄)ဥတုအားလျော်စွာရေချက်ပုံ**

ရေနွေးကို သုံးမျိုးသုံးစားပြဆိုထားရာ ဥတုအားလျော်စွာ ကျိုချက်သောက်သုံးလျှင် သာလွန်ကောင်းမွန်၏။

ဥတုငယ်ခြောက်ပါးတို့တွင် ဝိမ္ဗန္တဥတု၊ သရဒဥတုတို့၌ ထက်ဝက်ဟူသော နှစ်ခွက်တစ်ခွက်၊ ဟေမန္တဥတု၊ သိသိရဥတုတို့၌ လေးခွက်တစ်ခွက်တင်၊ ဝသန္တဥတု၊ ဝဿာနဥတုတို့၌ ရှစ်ခွက်တစ်ခွက်တင်။

(နှစ်ခွက်တစ်ခွက်၊ လေးခွက်တစ်ခွက်တင်၊ ရှစ်ခွက်တစ်ခွက်တင်ဟူ၍ ရေနွေးကျိုပုံ သုံးမျိုးတွေ့ရသည်)

၎င်းရေနွေးသုံးမျိုးတို့မှာ-

နှစ်ခွက်တစ်ခွက်တင်ကျိုသောရေနွေးသည် လေကိုနိုင်သည်။ လေးခွက်တစ်ခွက်တင်ကျိုချက်သောရေနွေးသည် သလိပ်ကိုနိုင်သည်။ ရှစ်ခွက်တစ်ခွက်တင် ကျိုချက်သောရေနွေးသည် သည်းခြေကိုနိုင်သည်။

ထိုကဲ့သို့ သုံးပါးသောရေကျက်(ရေနွေး)တို့တွင် တစ်ပါးပါးဖြင့် ကျိုချက်၍ပြီးသဖြင့် အေးစေပြီးသော ရေကျက်အေးသည် ဒေါသသုံးပါးလုံးကိုပင်နိုင်သည်။

ရေကျက်အေးသည် အဆီဩဇာကား မရှိ။ သွေးလေရသာကြောတို့ကို ပေါ့ပါးလျင်မြန်စေတတ်သည်။ ကိုယ်လက်နွမ်းနယ်ခြင်း၊ ရေငတ်ခြင်း၊ အဖျားတို့ကိုနိုင်သည်။

သို့သော်လည်း နေ့၌ချက်အပ်သောရေကျက်အေးသည် နေ့၌သာသုံးခြင်း၊ ညဥ့်၌ချက်အပ်သောရေကျက်အေးသည် ညဥ့်၌သာသုံးခြင်းသည် အကောင်းဆုံးဖြစ်သည်။

ထို့ပြင် ဆေးအဖြစ်အသုံးပြုနေကြသော ဆင်တုံးမနွယ်၊ ကြစုသီး၊ စံကားပွင့်၊ ငုသီး၊ မုတ်၊ ကြံပြောင်း၊ ဆောင်မေခါး၊ နုပ်ချို့၊ သက်ရင်း၊ မဟာဝါ၊ ငရုတ်ကောင်း၊ စပျစ်စေ့၊ ကနခို၊ ကျောက်သွေး၊ စရို၊ မြေပုံခရမ်း၊ မုရိုးခေါက်၊ ကန့်ချုပ်နီ၊ လက်ထုပ်သီးဆန်၊ ပဥ္စကာနီသီး၊ ဒဟပ်သကိုင်း၊ ဤ ၂၁ ပါးအရေအတွက်ရှိသော ဆေးမျိုးတို့၏ သဘောတရားများကို ဆင်ခြင်စဉ်းစား မှတ်သားရမည့်အပြင် အမြစ်၊ အသီး၊ အခေါက်၊ အရွက်၊ အပွင့်၊ အဆန် စသည်များကို အမှုန့်ပြု၍သုံးလျှင် အကျိုးပေးလေးသည်၊ နှေးသည်။ အရည်ကျို၍သုံးလျှင် လျင်သည်။ မြန်သည်။

စာမျက်နှာ ၁၇ သို့




**မနွဲ့နွဲ့ဝင်း(ခ)နူရ်ဘီ(TKA-၀၉၄၇၃၁)နှင့်အများသိစေရန်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃)ရပ်ကွက်၊ (၃၆)လမ်း၊ အမှတ်(၁၉၆)၊ (၇)လွှာနေ ကိုဇော်မင်းထွန်း(ခ)မိုဟာမက်အီဆာ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

လူကြီးမင်းနှင့် ကျွန်ုပ်၏အမှုသည် ကိုဇော်မင်းထွန်း(ခ)မိုဟာမက်အီဆာတို့သည် ၃၀-၅-၂၀၁၄ရက်က အစ္စလာမ်တရားတော်အရ လက်ထပ်ပြီး၊ အသက်(၁၁)နှစ်အရွယ်ရှိ သားကြီးမင်းထက်ကိုကိုနှင့်အသက်(၁၀)နှစ်အရွယ်ရှိ သားငယ်ရဲထက်ကိုကိုတို့ ထွန်းကားခဲ့ကြောင်း ကျွန်ုပ်၏အမှုသည်က လင့်ဝတ္တရားကျေပွန်သော်လည်း၊ လူကြီးမင်းက မယားဝတ္တရား မကျေပွန်ကြောင်း၊ လူကြီးမင်းအိမ်က ဆင်းသွားသည်မှာ (၃)နှစ်ခန့်ရှိပြီး၊ စားစရိတ်ထောက်ပံ့ခဲ့သော်လည်း မယူခဲ့ကြောင်း၊ သားနှစ်ဦးမှာ ကိုဇော်မင်းထွန်း၏ အုပ်ထိန်းမှုအောက်တွင် ရှိနေကြောင်း၊ အိုလမာ အစ္စလာမ်သာသနာ့ပညာရှင်များရှေ့တွင်လည်း ကျွန်ုပ်အမှုသည် မကွာရှင်းနိုင်ပါဟု ပြောခဲ့ကြောင်း၊ လူကြီးမင်းနှင့်ကျွန်ုပ်အမှုသည်တို့မှာ မပြတ်စဲသေးသော လင်မယားဖြစ်ကြကြောင်း ကျွန်ုပ်၏ အမှုသည်၏ ညွှန်ကြားချက်အရ သိရှိရပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏အမှုသည်က လူကြီးမင်းအား တရားဝင် ကွာရှင်းပေးခြင်းမရှိသေးသောကြောင့် လူကြီးမင်းနောက်အိမ်ထောင်ပြုပါက လူကြီးမင်းနှင့်လူကြီးမင်းကို အိမ်ထောင်ပြုသူ အိမ်ထောက်ဖက်တို့အား ကျွန်ုပ်၏ အမှုသည်က ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ကိုဇော်မင်းထွန်း(ခ)မိုဟာမက်အီဆာ**

**အမှုသည်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ရှေ့နေဇလွန် ဦးလှဖေ(စဉ်-၅၈၉၄)**
**အမှတ်(၁၇)၊ ဒုတိယထပ်(ယာ)၊ ၅၄လမ်း၊**
**(အလယ်လမ်း)၊ ပုဇွန်တောင်မြို့နယ်။**
**ဖုန်း-၀၉-၅၁၂၁၆၆၇**

**သားကြီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ လူထုဓမ္မာရုံအနီး ဦးမောင်မြင့် ဘော်ဒီရုံနေ ဦးမောင်မြင့်နှင့် ဒေါ်ခင်အေးရီ (ခ) ဒေါ်ငယ် တို့၏ သားကြီး မောင်တေဇာအောင် သည် မိဘများ၏ သဘောတူညီချက်မရှိဘဲ မိမိဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားကြီးအဖြစ်မှ အမွေပြတ်စွန့်လွှတ် လိုက်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့ကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

ဦးမောင်မြင့် + ဒေါ်ခင်အေးရီ (ခ) ဒေါ်ငယ်

**တစ်ချက်တည်းကျင်းဝင်**

(HOLE IN ONE)

ဦးထွန်းထွန်းလင်း(လက်ထောက်ညွှန်ကြားရေးမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ပဲခူးခရိုင်)သည် ဟံသာဝတီဂေါက်ကွင်း၌ ၂၀၁၆ခုနှစ် ဖေဖော်ဝါရီလ ၂၀ရက်၊ မွန်းလွဲ ၂း၄၀ နာရီတွင် ကျင်းအမှတ်(၁၇)၌ကိုက်(၁၆၆)အကွာမှ TATALIC .NO-4 ဘောလုံးကို SUPER CAT 8.7, Slazenger wood(3)ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါသည်။

ယင်းအချိန် ကစားဖော်များအဖြစ် ဦးမြင့်အောင်(အာကာမြင့်မိုရ်ကုမ္ပဏီ)၊ ဦးစိုးဝင်း(နဂါးပျံပရိဘောဂ)၊ ဦးကိုကိုလတ်(အောင်တံခွန်ပွဲရုံ)တို့နှင့်အတူ ဂေါက်သီးရိုက် ကစားလျက်ရှိပါသည်။

**ကစားဖော်များ**
**ဟံသာဝတီဂေါက်ကွင်း**

ဘေးမဖြစ်စေရန် ရေနွေး ကြိုချက်ခြင်း.... စာမျက်နှာ၁၆မှ

(ဆေးကို ရေနွေးဖြင့်ကျိုချက်၍သောက်ခြင်းက အမှုန့်စားခြင်းထက် ပို၍ထိရောက်မှု လျင်မြန်သည်ဟုဆိုလိုသည်။)

ဤစတုသာရသင်္ခေပဆေးကျမ်းနှင့် ဆန္ဒသင်္ဂဟဘေသဇ္ဇဆေးကျမ်း နှစ်စောင်တွဲကို မိတ္ထီလာမြို့အနောက်ဘက် သုံးမိုင်မျှဝေးသော ကတ္တူ ကန်ရွာဇာတိ ဆရာခင်(ခေါ်) ဆရာကြီး ဦးပဏ္ဍဝက ရေးသား၍ မြန်မာသက္ကရာဇ် ၁၃၁၇ ခုနှစ် (၁၉၅၅-၁၉၅၆) ခုနှစ်ခန့်က ထုတ်ဝေသည်။

ယောမြို့စား အတွင်းဝန် ဦးဖိုးလှိုင်၏ ဥတုဘောဇနသင်္ဂဟကျမ်း၌ ရေတို့၏ဂုဏ်ကိုပြခြင်း ကဏ္ဍတွင် ဖော်ပြထားသည်မှာ-

ရေကျက်အေးဟူသည် နေ့၌ချက်သောရေကို နေ့၌သာသောက်ကောင်းသည်။ ညဥ့် ချက်သောရေကို ညဥ့်သာသောက်ကောင်းသည်။ နေ့၌ချက်သောရေကို ည၊ ညဥ့်ချက်သော ရေကို နေ့၊ ဤသို့ အေးအောင်ထား၍ သောက်လျှင် ထိုရေ၌ တေဇောဓာတ်ညှိုသောကြောင့် ကြေခဲ၏။ ဝမ်းမီးချက်၍ကျက်လျှင် ချဉ်၏၊ ဝမ်းချုပ်၏။ ဒေါသသုံးပါးလုံးကို ပျက်စေတတ်၏။ ရောဂါခပ်သိမ်းတို့၌ပင် မသင့်ချေ။ ရေကျက်အေးကို တစ်ဖန် ရေနွေးလုပ်၍သောက်လျှင် မသင့်၊ အဆိပ်နှင့်အတူဖြစ်၏ဟု အတိအလင်း သတိပေးဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပေသည်။

အချုပ်အားဖြင့်

(၁) အေးသောရေနွေး သို့မဟုတ် ရေကျက်အေးကို တစ်ဖန်ပြန်၍ နွေးသောက်ခြင်း၊

(၂) ဆူပွက်အောင်မကျိုဘဲ ပူရုံ၊ နွေးရုံသာ ကျိုချက်ထားသောရေနွေးကို သောက်ခြင်း တို့သည် အစာအိမ်ကို အဆိပ်သင့်စေ၍ ဝမ်းမီးကို ပျက်စီးစေနိုင်ကြောင်း ဆေးကျမ်းများမှ ကောက်နုတ်တင်ပြလိုက်ရပါသည်။

# အယ်လ်နီညိုကြောင့် အရေးပေါ်အခြေအနေများဖြစ်ပွားပါကဖြေရှင်းနိုင်ရန် စီစဉ်

**သထုံ ဖေဖော်ဝါရီ ၂၃**

အယ်လ်နီညိုကြောင့် မွန်ပြည်နယ် သထုံမြို့နယ်အတွင်း အပူချိန်မြင့်ထန်ပြီး မီးလောင်မှုများ ယခင်နှစ်များထက် ပိုလာနိုင်ခြင်း၊ ရေရှားပါးမှုများ ကြုံတွေ့နိုင်ခြင်း၊ စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများအပေါ် ထိခိုက်လာခြင်းနှင့် အခြားသော အန္တရာယ်များ ပေါ်ပေါက်လာပါက ပြည်သူများအား အမြန်ဆုံးကူညီနိုင်ရန် စီမံချက်များချမှတ်ဆောင်ရွက်ထားသည့်အပြင် အရေးပေါ် အခြေနေဖြစ်ပေါ်လာပါက အမြန်ဆုံးဖြေရှင်းနိုင်အောင် စီစဉ်ဆောင်ရွက်ထားကြောင်း သထုံခရိုင် မီးသတ်ဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့အနေနဲ့ကတော့ မီးဘေးအန္တရာယ်မဖြစ်ဖို့ အဓိကဆောင်ရွက်ထားတာပေါ့။ ဒါပေမယ့် အယ်လ်နီညိုကြောင့်ဖြစ်လာနိုင်တဲ့ နောက်ဆက်တွဲဆိုးကျိုးတွေဖြစ်လာရင် အမြန်ဆုံးကူညီနိုင်အောင် စီမံချက်တွေရေးဆွဲထားပြီး တပ်ဖွဲ့ဝင်တွေကို အချိန်ပြည့်အားဖြည့်ထားပါတယ်" ဟု ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြင်ထွန်းက ပြောသည်။

ယခုနှစ်တွင် ဖေဖော်ဝါရီလဆန်းပိုင်းမှ စတင်ကာ အားအလွန်ကောင်းသည့်အယ်လ်နီညိုဖြစ်စဉ်ဖြစ်ပေါ်မည်ဖြစ်ပြီး ဇွန်လနှောင်းပိုင်းမှသာ ပုံမှန်ဖြစ်စဉ်သို့ရောက်ရှိ နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ဦးစီးဌာနမှ ထုတ်ပြန်ထားရာ ယင်းဖြစ်စဉ်ကြောင့်ရေရှားပါးမှုများဖြင့်ကြုံတွေ့နိုင်သဖြင့် ရေရရှိနိုင်မည့်နေရာများအား ကြိုတင်ရှာဖွေထားကာ မီးဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက နီးစပ်ရာနေရာမှ ရေကို အမြန်ဆုံးရနိုင်အောင်စီစဉ်ထားကြောင်း ယင်းက ဆက်လက်ပြောသည်။

"ဒီမြို့မှာတော့ မီးလောင်မှု ကြီးကြီးမားမားဖြစ်တာ၊ ရေအခက်ခဲအရမ်းဖြစ်တာမျိုးတော့ နည်းပါတယ်။ ဒါပေမယ့်ဒီနှစ်မှာ အယ်လ်နီညိုကြောင့် ရာသီဥတု ဖောက်ပြန်ပြီး နောက်ဆက်တွဲ ပြဿနာတွေ ပေါ်ပေါက်လာမှာကိုတော့ စိုးရိမ်မိတယ်"ဟု ဒေသခံတစ်ဦးဖြစ်သူ ဦးသိန်းထွန်းက ပြောသည်။

သထုံခရိုင်မီးသတ်တပ်ဖွဲ့တွင် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၉ ဦး၊ အရန်မီးသတ် ၆၃၄ ဦး၊ မီးငြိမ်းသတ်ယာဉ်သုံးစီး၊ မီးသတ်စက်ယာဉ်လေးစီး၊ အပေါ့စားမီးသတ်စက် ငါးလုံးတို့ဖြင့် အရေးပေါ် အခြေအနေကြုံတွေ့လာပါက ကူညီနိုင်ရန် ပြင်ဆင်ထားသည့်အပြင် အကူယာဉ်များအဖြစ် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ်များ၊ အနီးမြို့များမှ မီးငြိမ်းသတ်ယာဉ် လေးစီး၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့များ၊ လူမှုရေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# အမျိုးသမီးများ နှစ်သက်ကြသည့် ရွှေဘိုသနပ်ခါး



**စစ်ကိုင်း ဖေဖော်ဝါရီ ၂၃**

မြန်မာ့သနပ်ခါးမှာဆေးဖက်ဝင်သလို ရှေးယခင်ကတည်းက ယနေ့တိုင် အလှအပအတွက် အသုံးပြုလျက်ရှိသည်။ သနပ်ခါးနှင့်ပတ်သက်သမျှ ရွှေဘိုသနပ်ခါးသည်နာမည်ကြီးလှသည်။ ရွှေဘိုမြို့ရောက် ဘုရားဖူးများမှာ ရွှေဘိုသနပ်ခါးကိုအလေးထားကာ ဝယ်ကြသည်။

ရွှေဘိုသနပ်ခါးမှာ ရှေးယခင်ကတည်းက နန်းသုံးတော်ဝင် သနပ်ခါးအဖြစ်ရပ်တည်လာခဲ့သည်။ ဝါဝင်းညက်ဖြူကာ မွှေးရနံ့သင်းသည့်အတွက် မြန်မာအမျိုးသမီးများ ပါးပြင်ထက် ပါးကွက်အဖြစ် တည်ရှိနေသောသနပ်ခါး ပင်ဖြစ်သည်။ အလောင်းမင်းတရား လက်ထက်တွင် ရွှေဘိုနယ် ကဗွက်ရွာမှ သနပ်ခါးကို နန်းသုံးတော်ဝင်သနပ်ခါးအဖြစ် အသိအမှတ်ပြုထားကြောင်းသိရသည်။ ရွှေဘိုခရိုင်ဧရာဝတီမြစ်အနောက်ဘက်ကမ်း သီဟတောဘုရားအောက် ဘက်နှစ်မိုင်ကျော်တွင် ရှေးအခါက သိန်းကတောနယ်မြေဟူသော နယ်မြေတစ်ကွက်ရှိခဲ့သည်။ သီဟတောဘုရား နယ်ပယ်လှူဒါန်းရန်အတွက် ရွှေကြိုးသတ်မှတ်ရာတွင် ဘုရားဝတ္တကမြေအတွင်း မပါဝင်ဘဲ ကွက်ကျန်နေသည့်အတွက် တစ်ကွက်ဟုခေါ်ခဲ့ရာမှ နောက်ပိုင်းတွင် ကဗွက်ခေါ်သောရွာအဖြစ် ယနေ့တိုင် တည်ရှိနေသည်။

ကဗွက်ရွာထွက် သနပ်ခါးမှာနန်းသုံး တော်ဝင်ဖြစ်သလို ကဗွက်ရွာနှင့်ဆက်စပ်နေသော ကုန်းတက်ရွာအနီးမှ သနပ်ခါးသည်လည်း နန်းသုံးတော်ဝင်ဖြစ်ခဲ့သည်။ ကုန်းတက်ရွာအနီး နွားချေးတောင်ပေါ်မှ သနပ်ခါးများမှာ အပွေး နီဝါရောင်ရှိကာ ရနံ့မွှေးထုံလွန်းသဖြင့် ရှေးအခါ သိန်းကတောတိုက်သူကြီးမင်းက ထိုသနပ်ခါးများကို စုဆောင်းခုတ်ယူကာ ပြည်ရွှေဘိုနန်းတော်သို့ ဆက်သွင်းကြောင်း သိရသည်။

လက်ရှိကာလတွင် ရွှေဘိုသနပ်ခါးကို အလေးအမြတ်ထားကာ ဝယ်ယူ အသုံးပြုလျက်ရှိသည်။ ရွှေဘိုမြို့သို့ ရောက်သူတိုင်း ရွှေဘိုသနပ်ခါးကို ဝယ်ယူလေ့ရှိသည်။အများအားဖြင့် ဘုရားဖူးရင်းစိတ်တိုင်းကျ ရွေးဝယ်လေ့ရှိသည်။ လက်ရှိကာလတွင် ရွှေဘိုမြို့ရှိ ရွှေတန်ဆာဘုရားတွင် ရွှေဘိုသနပ်ခါး အများစုရောင်းချပြီး နေ့စဉ် သနပ်ခါးဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။ ရွှေတန်ဆာဘုရားရှိ သနပ်ခါးဆိုင်များမှ အနယ်နယ်အရပ်ရပ်သို့ ရွှေဘိုသနပ်ခါးကို တင်ပို့ပေးလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**

UK's Top Computing Degree in Yangon

UK မှတိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့ အတွက် လျှောက်လွှာခေါ်ယူခြင်း

GUSTO INTERNATIONAL COLLEGE

၁ ။ တက္ကသိုလ်ဝင်တန်း (သို့) IGCSE အောင်မြင်ထားပြီး ပြည်တွင်းပြည်ပအလုပ်အကိုင် အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာပညာရှင် ဖြစ်လိုသူများ လျှောက်ထားနိုင်ပါသည်။
၂ ။ အဆင့်မြင့်ကွန်ပျူတာ နည်းပညာဘာသာရပ်များကို နိုင်ငံတကာတက္ကသိုလ်ကြီးများအတိုင်း Student - Centered Learning Approach ဖြင့် စာတွေ့လက်တွေ့သင်ယူရမည်ဖြစ်သည်။
၃ ။ စာသင်ကာလ ၂နှစ်တက်ရောက်ပြီး အောင်မြင်ပါက UK's Edexcel မှချီးမြှင့်သော Higher National Diploma ကိုရရှိမည်ဖြစ်သည်။
၄ ။ နောက်ဆုံးနှစ်တစ်နှစ်ကို ပြည်တွင်းရှိ GUSTO ၌ဖြစ်စေ၊ UK, USA, Australia, Singapore စသော နိုင်ငံတကာရှိ တက္ကသိုလ်ကြီးများ၌ဖြစ်စေ တက်ရောက်ပြီး B.Sc (Hons) Computing ဘွဲ့ကိုရယူနိုင်ပါသည်။
၅ ။ 2016 February Intake အတွက် ဝင်ခွင့်လျှောက်လွှာနှင့်အတူ ပညာအရည်အချင်း အထောက်အထား မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ဓါတ်ပုံ(၃)ပုံ ပူးတွဲတင်ပြပြီးလျှောက်ထားနိုင်ပါသည်။

* နယ်မှကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးသည်။

ခြံအမှတ် ၂၈၉ (အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်။ မြေနီကုန်းတံတားအနီး။ ရန်ကုန်မြို့။
Call Now : 09 862 8806, 09 789 888 222, 01 504632

March လ တန်းခွဲအတွက် February လ ၂၇ ရက်နေ့အတွင်း သင်တန်းလာရောက်အပ်နှံပါက ၁၀% Discount ရရှိပါမည်။

မိုဘိုင်းဖုန်းပြုပြင်နည်းသင်တန်း

PN IT Center

Software Course - တစ်သိန်းကျပ်
Hardware Course - တစ်သိန်းကျပ်

ကျောက်တံတားသင်တန်း 09 - 450 450 164
အမှတ် (၂၁၇) မြေညီထပ်၊ ၃၈လမ်း (အထက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မြောက်ဥက္ကလာပသင်တန်း 09 - 4200 430 85
အမှတ် (၇)၊ သုဓမ္မာလမ်းမ၊ (၅)လမ်းမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ပ ညာ ပြ ည့် ဝ န လုံး လှ ရင် သွေး ရ တ နာ များ မွေး ဖွား သ န့် စင် ရာ...

DHS

Dagon High School

Grade 9,10,11 တန်းခွဲများကို မတ်လဆန်းမှစ၍ ဖွင့်လှစ် သင်ကြားပါမည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ။

ဝန်ထမ်းအလိုရှိသည်။

ဒဂုံကိုယ်ပိုင်အထက်တန်းကျောင်းနှင့်ဘော်ဒါ
(မူလတန်း၊အလယ်တန်း၊အထက်တန်း)

ခြံအမှတ်(၈၄)၊နဝရတ်နှင်းဆီလမ်း၊ရွှေပင်လုံအိမ်ရာအပိုင်း(၃)(Rose-Park-3)၊ရောဝတီဘက်အနီး၊မြောက်ဒဂုံ။
Phone: 01-583 655, 09-731 21 329,09-51 70 881, 09-798 407123

FAME
အရိုးများကြံ့ခိုင်သန်မာဖို့အတွက်
Osteomax®
ISO 9001 : 2015
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 011384 (0615)

FAME
အဆစ်အမျက် အားဖြည့်ဖို့အတွက်
Arthrotec®
ISO 9001 : 2015
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 011382 (0615)

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ ရန်ကုန်ပုံနှိပ်စက်ရုံများ၊ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)နှင့် နေပြည်တော် ပုံနှိပ်စက်ရုံတို့မှ ထွက်ရှိသောအသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)နှင့်နေပြည်တော်ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)တို့မှ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့်စည်းကမ်းချက်များကို (၂၂-၂-၂၀၁၆) မှ(၂၅-၂-၂၀၁၆)နေ့ထိ နေ့စဉ် (၉း၃၀) နာရီမှ ညနေ (၄း၀၀) နာရီအတွင်းဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ (၂၅-၂-၂၀၁၆)ရက် ညနေ (၄း၀၀) နာရီဖြစ်ပါသည်။

၃။ ရန်ကုန်ပုံနှိပ်စက်ရုံများမှ အသုံးမပြုတော့သည့်ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို (၂၂-၂-၂၀၁၆) မှ (၂၉-၂-၂၀၁၆)နေ့ထိ နေ့စဉ် (၉း၃၀) နာရီမှ ညနေ (၄း၀၀)နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ (၂၉-၂-၂၀၁၆) ညနေ (၄း၀၀) နာရီဖြစ်ပါသည်။

၄။ သတ်မှတ်အချိန်ထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၂၅၁၉၀၈၊ ၀၂-၆၂၉၃၂၊ ၀၆၇-၄၁၂၂၀၈ထံသို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ်(၂၂၈) သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့။**


## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ပြာသာဒ်ကြီးဘုရားပေါ်တွင် မိမိတို့ကုမ္ပဏီအကြောင်းကို Facebook လူမှုကွန်ရက်ပေါ်တွင် ရေးသားထားသောကိစ္စနှင့်ပတ်သက်၍ တောင်းပန်ခြင်း

ပုဂံညောင်ဦးဒေသရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း၌ ၁၇-၂-၂၀၁၆ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီဝန်းကျင်တွင် ပြာသာဒ်ကြီးဘုရားပေါ်၌ ကျွန်တော်များကုမ္ပဏီ၏ ခရီးစဉ်ပြီးဆုံးပြီဖြစ်သဖြင့် ပုဂံ၏အလှအပနှင့် ရှုခင်းများကို ခွဲခွာရခါနီး နှုတ်ဆက်ရင်းဖြင့် ပျော်ရွှင်ကခုန်မိခဲ့ပါသည်။ ဤအပြုအမူသည် ဘာသာရေးအရလည်းကောင်း၊ ယဉ်ကျေးမှုအရလည်းကောင်း လျော်ကန်မှုမရှိခဲ့ခြင်းအပေါ် အနူးအညွတ် တောင်းပန်အပ်ပါသည်။

**Lucky Time Trading Co.,Ltd.**


## သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ


**NEW MOTION** Travels & Tours

New Motion

အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်၊

ရွှေလှျားသစ်လွင် ခရီးစဉ်

- ☆ အလောင်းတော်ကဿပခရီးစဉ် (မုံရွာ၊ အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မန္တလေး) - Mar 1,18
- ☆ မန္တလေးခရီးစဉ် (မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မင်းကွန်း၊ ကျောက်စိမ်းဘုရား) - Mar 1,18
- ☆ တောင်ကြီးခရီးစဉ် (တောင်ကြီး ၊ အင်းလေး၊ ပင်းတယ၊ ကလော) - Mar 1,18
- ☆ ပုဂံခရီးစဉ် (ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ) - Mar 1,18
- ☆ ပုဂံ-ရွှေစက်တော်ခရီးစဉ် ( မင်းဘူး၊ ရွှေစက်တော်၊ မကွေး၊ ပုဂံ၊ ပုပ္ပါး) - Mar 1,18

အမှတ်-16၊ ကျွန်းတောလမ်း၊ စမ်းချောင်း။ Ph; 527 922, 538 811, 09 492 529 11, 09 492 529 22, 09 731 489 22



**DOZO**

**FASHION DESIGN TECHNICAL SCHOOL**

DawThidaWin B.Sc (Dip in Fashion Design, Japan)
ThetHnin Aye (BA.Fashion Design, Japan)

1991ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖွင့်လှစ်ခဲ့သော နိုင်ငံတကာအဆင့်မီ Fashion Design School ဖြစ်သည်။ Design, Pattern, Cutting, Sewing များကို တိကျမှန်ကန်သော Japan နိုင်ငံမှ နောက်ဆုံး ပေါ်နည်းစနစ်များဖြင့်သင်ကြားပေးလျက်ရှိသည်။

Courses: Basic, Advance, Fashion Illustration, Pattern Magic, Drapping, Hand Made, Wedding Dress, Children Wear's, မြန်မာပွဲတက်နှင့်ထိုင်မသိမ်း

Start Date : 5.3.2016(Sat,Sun),4.4.2016(Mon,Tue) . . . (ရန်ကုန်၊ မန္တလေး)

မန္တလေးတွင် သင်တန်းကျောင်းဖွင့်လှစ်နေပါပြီ။

"DoZoကျောင်းဆင်းပွဲရှိပါသဖြင့်ကျောင်းသား/ကျောင်းသူဟောင်းများ ဆက်သွယ်ကြပါရန်"

Yangon - No.506, Damaryone St, Hlaing T/S, 10 Qr, 6 ½ Miles
Mandalay - No. (Nagyi-2/94), Between 63 × 64Street, Chan MyaTharZi T/S
Phone (ရုံးချိန်တွင်း) - 09 49237715, 09 5004830, 09 420301999 www.dozofashion.com


## ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၄) ရပ်ကွက်၊ အင်ကြင်းမြိုင်လမ်း၊ အမှတ် (၃၈၀) နေ ဦးကျော်စွာမြင့် (၁/မကန (နိုင်) ၀၉၁၇၄၄) ၊ ၎င်း၏ တရားလွှတ်တော်ရှေ့နေ ဦးဝင်းထိန် (စဥ်-၄၀၅၁/၈၇) နှင့် အများသိစေရန် သတိပေးဖြေရှင်းချက်

ကျွန်ုပ်တို့၏ အမှုသည်တစ်ဦးဖြစ်သူ ဒေါ်အေးအေးခန့် (ခ) ဒေါ်ခင်စမ်းကြည် (၁၂/သလန (နိုင်) ၀၁၉၂၈၇) ၏ လွှဲအပ်ချက်အရ ကြေညာအပ်ပါသည်။

၁။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇) ရက်နေ့ထုတ်ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၅) တွင် ဦးကျော်စွာမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ နှင့် ဥပဒေအတိုင်ပင်ခံ ဦးဝင်းထိန်က ဒေါ်အေးအေးခန့် (ခ) ဒေါ်ခင်စမ်းကြည် (၁၂/သလန (နိုင်) ၀၁၉၂၈၇) ၊ အခန်း (၁၀၁) ၊ ယောမင်းကြီးကွန်ဒို၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသိစေရန်ဟူသော ခေါင်းစဉ်ဖြင့် ကြေညာချက်ထည့်သွင်းခဲ့ပါသည်။

၂။ ယင်းကြေညာချက်မှာ ကျွန်ုပ်တို့၏ အမှုသည်တစ်ဦးတည်းကိုသာသိရှိစေရန် ရည်ညွှန်း၍ ကြေညာထားခြင်းဖြစ်ပြီး အများပြည်သူသိရှိစေရန် ရည်ညွှန်းချက်တစ်စုံတစ်ရာမပါရှိပါ။

၃။ ယင်းကြော်ငြာစာတွင် ကျွန်ုပ်တို့အမှုသည်၏ နေရပ်လိပ်စာအပြည့်အစုံကို နိုင်ငံသားစီစစ်ရေးကတ်ပြားအမှတ်ပါမကျန်ဖော်ပြထားခြင်းကြောင့် ကျွန်ုပ်တို့၏အမှုသည်ထံသို့ တိုက်ရိုက်ဆက်သွယ်အကြောင်းကြားဆောင်ရွက်နိုင်သည်မှာ သံသယဖြစ်ဖွယ်မရှိပါ။ ကြေညာချက်ပါ စကားရပ်များ နှင့် အကြောင်းအရာများကို ကြည့်လျှင် နှစ်ဦးနှစ်ဖက်တိုက်ရိုက်ဆက်သွယ်အကြောင်းကြားခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်း၊ ပြေလည်မှုမရှိလျှင် တရားတဘောင်စွဲဆိုခြင်းများကို ဥပဒေနည်းလမ်းအရ ဆောင်ရွက်နိုင်သော ပြဿနာအမျိုးအစားဖြစ်ပါသည်။ အများပြည်သူသိရှိရန်လည်း မလိုအပ်ပါ။

၄။ သို့ရာတွင် ဦးကျော်စွာမြင့် နှင့် ၎င်း၏တရားလွှတ်တော်ရှေ့နေတို့၏ ဆောင်ရွက်ချက်မှာဂုဏ်သိက္ခာတည်ကြည်စွာဖြင့် နေထိုင်လျက်ရှိသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ် ဂုဏ်သိက္ခာထိခိုက်ညှိုးနွမ်းစေရန် နှင့် ယင်းပုဂ္ဂိုလ်၏လုပ်ငန်းအား ထိခိုက်ပျက်စီးစေရန် တမင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း တွေ့ရပါသည်။

၅။ ထို့ပြင် ဦးကျော်စွာမြင့်၏ကြော်ငြာမဖော်ပြမီ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်နေ့ ၊ မြန်မာ့အလင်းသတင်းစာတွင် ကျွန်ုပ်တို့အမှုသည်၏ လွှဲအပ်ချက်အရ တရားလွှတ်တော်ရှေ့နေကြီး ဦးတင်ထွန်း ( **Johnian**) ကလည်း ကျွန်ုပ်တို့အမှုသည်၏ ဂုဏ်သရေကိုသော်လည်းကောင်း၊ လုပ်ငန်းဂုဏ်သတင်းကိုသော်လည်းကောင်း၊ ထိခိုက်ပျက်စီးစေမည့် ပြောဆို၊ ပြုမူ၊ ရေးသားခြင်းများမပြုလုပ်ရန် အတိအလင်းကြေညာခဲ့ပြီးဖြစ်ပါသည်။

၆။ ယခုဖြစ်ရပ်မှာ ကျွန်ုပ်တို့အမှုသည်၏ ဂုဏ်သိက္ခာ နှင့် လုပ်ငန်းအား ထိခိုက်နစ်နာစေရန် ကြေညာခြင်းဖြစ်ကြောင်းပေါ်ပေါက်သဖြင့် ဦးကျော်စွာမြင့်နှင့် ၎င်း၏လွှဲအပ်ချက်အရ ကြေညာသူ တရားလွှတ်တော်ရှေ့နေ ဦးဝင်းထိန်တို့အား ယင်းတို့၏ (၁၇-၂-၂၀၁၆) နေ့သတင်းစာကြော်ငြာကို ခြွင်းချက်မရှိ ရုပ်သိမ်းကြောင်း နှင့် တောင်းပန်ကြောင်းကို ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ဤသတင်းစာတွင် ဖော်ပြပေးရန် လေးနက်စွာဖြင့် သတိပေးအပ်ပါသည်။ အကယ်၍ လိုက်နာမှုမရှိလျှင် ကျွန်ုပ်တို့၏အမှုသည်က ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ ထို့ပြင် ဦးကျော်စွာမြင့်၏လွှဲအပ်ချက်အရ တရားလွှတ်တော်ရှေ့နေ ဦးဝင်းထိန်၏ကြေညာချက်များမှာ မှားယွင်းကြောင်း သတိပေးဖြေရှင်းချက်ကို ၎င်းတို့ထံသို့ သီးခြားပေးပို့ပြီးဖြစ်ကြောင်း အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးခန့် (ခ) ဒေါ်ခင်စမ်းကြည်၏လွှဲအပ်ချက်အရ -
ဦးဇော်လင်း
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၉၇)
ရန်ကုန်မြို့။

ဒေါ်နေရည်လင်း **LL.B, D.I.L, D.B.L, Dip.in Global English**
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၄၀)
ရုံး-အမှတ် (၉/၁၁) ၊ အခန်း (၀၀၄) ၊ မြေညီထပ်၊ ၃၆-လမ်း (အောက်) ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၇၃၁၉၉၅၅၀ ၊ ၀၉ ၂၅၀၀၀၂၇၁၀

ကြော်ငြာ



## ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ကျိုက်ထိုမြို့-မွန်ပြည်နယ်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်အတွင်းရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ် ကျောက်လုံးတော်ကြီးအား သုံးနှစ်လျှင်တစ်ကြိမ် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့ရာ ၂၀၁၅-၂၀၁၆ခုနှစ်ပွဲတော်ကာလတွင် သုံးနှစ်ပြည့်မြောက်ပြီဖြစ်၍ ၁၃၇၇ခုနှစ်၊တပေါင်းလပြည့်နေ့(ဗုဒ္ဓဟူးနေ့)၊၂၃-၃-၂၀၁၆ရက်နေ့တွင် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲကို ကျိုက်ထီးရိုးရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

## ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ၁၉၇၅-၁၉၇၉ ခုနှစ် ဓာတုဗေဒ/ကုန်ထုတ်ဓာတုဗေဒ ကျောင်းသား၊ ကျောင်းသူများ၏ မြတ်ဆရာပူဇော်ကန်တော့ပွဲ ဖိတ်ကြားလွှာ

မြတ်ဆရာများအား "သတ္တမအကြိမ်မြောက်"ကိုယ်တိုင်ကန်တော့နိုင်ရန်အတွက် ကျောင်းသား၊ ကျောင်းသူများအား ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

နေ့ရက် - (၁၃၇၇ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်)၊ ၂၈-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့)

အချိန် - မွန်းလွဲ ၂း၀၀နာရီ မှ ၅း၀၀ နာရီ

နေရာ - Novotal Yangon Max Hotel, (Grand Ballroom)
ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

မှတ်ချက် - အလှူငွေထည့်ဝင်သည်ဖြစ်စေ၊ မထည့်ဝင်သည်ဖြစ်စေ ဖော်ပြပါနေ့ရက် မွန်းလွဲ ၁း၀၀နာရီ အရောက် မပျက်မကွက် ဆက်ဆက်ကြွရောက်ကြပါရန်။







KBZSC

KBZ STIRLING COLEMAN SECURITIES CO., LTD.

## ရန်ကုန်စတော့အိပ်ချိန်း၌ အစုရှယ်ယာအရောင်းအဝယ်ပြုလိုသူများအား ဖိတ်ခေါ်ခြင်း

၁။ ၂၀၁၆ခုနှစ် မတ်လတွင် ရန်ကုန်စတော့အိပ်ချိန်း၌ ရှယ်ယာများစတင်ရောင်းချရန် ပြင်ဆင်ဆောင်ရွက်နေသည့် အများပိုင်ကုမ္ပဏီများဖြစ်သော FMI နှင့် မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်တို့တွင် အစုရှယ်ယာဝယ်ယူထားသူများသာမက၊ အများပိုင်ကုမ္ပဏီများတွင် အစုရှယ်ယာဝယ်ယူထားခြင်း မရှိသေးသူများ အပါအဝင်၊ ရန်ကုန်စတော့အိပ်ချိန်း၌ အစုရှယ်ယာအရောင်းအဝယ်ပြုလုပ်ရန်အတွက် လိုအပ်သည့် ငွေချေးသက်သေခံလက်မှတ်စာရင်း securities account ဖွင့်လှစ်နိုင်ပါရန် KBZ SC ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမှ လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါ securities account ဖွင့်လှစ်နိုင်ရေးအတွက် စာရင်းဖွင့်လှစ်လိုသူကိုယ်တိုင် (တစ်ဦးချင်းဖြစ်စေ/အစုစပ်ဖြစ်စေ/ကုမ္ပဏီအနေဖြင့်ဖြစ်စေ) အောက်ဖော်ပြပါ KBZ SC ရုံးချုပ်နှင့် KBZ ဘဏ်ခွဲများသို့ လာရောက်ပါရန်နှင့် သက်ဆိုင်ရာနိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဘဏ်တစ်ခုခု၌ ငွေစာရင်းဖွင့်လှစ်ထားသည့် ဘဏ်ငွေစာရင်းစာအုပ်၊ ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်၊ ဒါရိုက်တာအစည်းအဝေးဆုံးဖြတ်ချက်နှင့် FMI၊ မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်း(စ်)ပတ်ဘလစ်လီမိတက်၏ အစုရှယ်ယာရှင်များအနေဖြင့် သက်ဆိုင်ရာ ကုမ္ပဏီကထုတ်ပေးသည့် အစုရှယ်ယာပိုင်ဆိုင်ကြောင်း ထောက်ခံချက် တစ်ပါတည်းယူဆောင်လာရန် လိုအပ်ပါသည်။

၃။ Securities account ဖွင့်လှစ်ခြင်းကို စိတ်ပါဝင်စားသူ နိုင်ငံသားတိုင်းနှင့် မြန်မာကုမ္ပဏီများအနေဖြင့် FMI ကုမ္ပဏီ၏ အစုရှယ်ယာရှင်များအတွက် ၂၅-၁-၂၀၁၆ ရက်မှစတင်ပြီးလည်းကောင်း၊ မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်၏ အစုရှယ်ယာရှင်များအတွက် ၂၅-၂-၂၀၁၆ ရက်မှစတင်၍လည်းကောင်း အောက်ဖော်ပြပါ KBZ SC ရုံးချုပ်နှင့် KBZ ဘဏ်ခွဲများတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**KBZ SCရုံးချုပ်-အမှတ်(၁၀၅)၊ မြေညီထပ်၊ Strand Square၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

| | | |
|---|---|---|
| ၁။ မြန်မာစင်တာဘဏ်ခွဲ (ရန်ကုန်) | ၁၁။ သစ္စာလမ်းဘဏ်ခွဲ (ရန်ကုန်) | ၂၁။ လမ်း၈၀ဘဏ်ခွဲ (မန္တလေး) |
| ၂။ အင်းယားလမ်းဘဏ်ခွဲ (ရန်ကုန်) | ၁၂။ ထီးတန်းဘဏ်ခွဲ (ရန်ကုန်) | ၂၂။ မင်္ဂလာဈေးဘဏ်ခွဲ (မန္တလေး) |
| ၃။ ရန်ကင်းဘဏ်ခွဲ (ရန်ကုန်) | ၁၃။ အလုံ-ထော်လီကွေ့ဘဏ်ခွဲ | ၂၃။ ပြည်ကြီးတံခွန်ဘဏ်ခွဲ (မန္တလေး) |
| ၄။ တက္ကသိုလ်လမ်းဘဏ်ခွဲ-၂ (ရန်ကုန်) | ၁၄။ လှိုင်သာယာဘဏ်ခွဲ-၅ (ရန်ကုန်) | ၂၄။ ရတနာပုံဈေးဘဏ်ခွဲ (မန္တလေး) |
| ၅။ ဗိုလ်မြတ်ထွန်းလမ်းဘဏ်ခွဲ (ရန်ကုန်) | ၁၅။ ၇မိုင်ဘဏ်ခွဲ (ရန်ကုန်) | ၂၅။ မန္တလေးဘဏ်ခွဲ-၁ |
| ၆။ လှိုင်သာယာဘဏ်ခွဲ-၄ (ရန်ကုန်) | ၁၆။ ဗိုလ်အောင်ကျော်လမ်းဘဏ်ခွဲ (ရန်ကုန်) | ၂၆။ မန္တလေးဘဏ်ခွဲ-၂ |
| ၇။ ၉ မိုင်ဘဏ်ခွဲ (ရန်ကုန်) | ၁၇။ မြောက်ဒဂုံဘဏ်ခွဲ-၃ (ရန်ကုန်) | ၂၇။ မန္တလေးဘဏ်ခွဲ-၄ |
| ၈။ ဒဂုံစင်တာဘဏ်ခွဲ (ရန်ကုန်) | ၁၈။ ခိုင်ရွှေဝါလမ်းဘဏ်ခွဲ (ရန်ကုန်) | ၂၈။ မန္တလေးဘဏ်ခွဲ-၈ |
| ၉။ လမင်းသာယာကွန်ဒိုဘဏ်ခွဲ (ရန်ကုန်) | ၁၉။ မြောက်ဥက္ကလာဘဏ်ခွဲ-၂ (ရန်ကုန်) | ၂၉။ မန္တလေးဘဏ်ခွဲ-၉ |
| ၁၀။ စံပြဈေးဘဏ်ခွဲ | ၂၀။ သုမင်္ဂလာလမ်းဘဏ်ခွဲ (ရန်ကုန်) | ၃၀။ မန္တလေးဘဏ်ခွဲ-၁၀ |

၄။ အစုရှယ်ယာအရောင်းအဝယ်ပြုလိုသူများအနေဖြင့် securities account ဖွင့်လှစ်နိုင်ရေးနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုသည်များကို KBZ SC ရုံးချုပ်၏ ဖုန်း-၀၁-၂၃၀၇၃၀၀~၂၃၀၇၃၀၂၊ အီးမေးလ်-clientservices@kbzsc.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း လေးစားစွာဖိတ်ခေါ်အပ်ပါသည်။

**KBZ Stirling Coleman Securities Company Limited**

日本語能力試験

JLPT Japanese-Language Proficiency Test

ဇူလိုင်(၃)ရက် ၂၀၁၆ တွင် မန္တလေးမြို့၌ ကျင်းပမည့်

### ဂျပန်ဘာသာအရည်အချင်းစစ် စာမေးပွဲ(JLPT- 2016)

**စာမေးပွဲ လျှောက်လွှာများ စတင်လက်ခံခြင်း**

**၁။ လျှောက်လွှာလက်ခံခြင်း ( မန္တလေး)**

လျှောက်လွှာလက်ခံမည့်ကာလ - 1.3.2016 ~ 7.3.2016 ( 9:30 ~ 16:00 ) ပိတ်ရက်မရှိပါ။

နေရာ - HITO Center

၁၂ လမ်းနှင့် ၈၀ လမ်းထောင့် ၊ မန္တလေးမြို့။ ဖုန်း - 02 31762

**၂။ လျှောက်လွှာလက်ခံခြင်း ( ရန်ကုန် )**

လျှောက်လွှာလက်ခံမည့်ကာလ - 9.3.2016 ~ 15.3.2016 ( 9:30 ~ 16:00 ) ပိတ်ရက်မရှိပါ။

နေရာ - MAJA Office

ပုလဲကွန်ဒို၊ တိုက် (စီ)၊ (၇)လွှာ၊အခန်း (၇၀၇)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း - 09 8612151 , 09 262602121

- ယခုနှစ်မှစ၍ လျှောက်လွှာကြေး၊စာမေးပွဲကြေးများကို မြန်မာကျပ်ငွေဖြင့်သာ လက်ခံပါမည်။
- လျှောက်လွှာများကို အင်တာနက်မှ ဆွဲယူကာဖြည့်သွင်း၍လည်း လျှောက်လွှာတင်နိုင်ပါသည်။

အသေးစိတ်သိရှိလိုသည်များကို MAJA facebook တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

http://www.facebook.com/MyanmarAssociationOfJapanAlumniMAJA

**VICTORIA UNIVERSITY COLLEGE**

**Education for All**

"မိမိနှစ်သက်ရာ ဘာသာရပ်ရွေးချယ်သင်ယူခွင့်နှင့်မြန်မာနိုင်ငံပညာရေးမြှင့်တင်မှု လိုအပ်ချက်များ"

ဟောပြောမည့်သူ - ဒေါက်တာနေဝင်းနိုင်

ကျင်းပမည့်နေ့ - ၂၉.၂.၂၀၁၆ (တနင်္လာနေ့)

ကျင်းပမည့်အချိန် - နံနက် (၁၀း၀၀ နာရီ မှ ၁၂း၀၀ နာရီ) အထိ

ကျင်းပမည့်နေရာ - Ball Room - Sule Shangri-La Hotel၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့။

Facebook စာမျက်နှာတွင် စိတ်ဝင်စားမှုအမြင့်ဆုံး MBBS Programme အကြောင်းအသေးစိတ်သိလိုသူများ၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများ၊ ဘွဲ့ရများနှင့် ပညာသင်ယူပြီး အလုပ်အကိုင် အခွင့်အလမ်းအကြောင်းသိရှိလိုသူများအားလုံး တက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

- ခုံနေရာအတွက် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

ကျောင်းသားရေးရာဌာန - Victoria University College

အမှတ်(၁၆၆)၊အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၅၄၁၃၈၉၊ ၅၄၁၅၅၀၊ ၅၅၆၃၈၉၊ ၅၄၉၅၁၅၊ ၀၉၂၅၉၂၇၁၀၉၄၊ ၀၉၂၆၃၀၃၆၀၄၄။



# ရွှေဟောင်းသမိုင်းဝင် ကျိုက်မှော်ဝန်းရေလယ်စေတီတော် (၁၀၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့၊ ရွှေဟောင်းသမိုင်းဝင် ကျိုက်မှော်ဝန်းရေလယ်စေတီတော်မြတ်ကြီး၏ (၁၀၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို (တပေါင်းလဆန်း ၇ ရက်မှ လပြည့်နေ့) မတ်လ ၁၅ ရက်မှ ၂၃ ရက်ထိ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ့ပူဇာအစီအစဉ်များဖြင့် ကျင်းပပါမည်။

တပေါင်းလဆန်း ၇ ရက် နံနက်တွင် ပွဲတော်ဖွင့်ပွဲကျင်းပပြီး၊ (လဆန်း ၇၊ ၈၊ ၉) ည ၇နာရီ ဓမ္မပူဇာတရားပွဲများနှင့် (လဆန်း ၁၀ ရက်မှ လပြည့်နေ့)အထိ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ လပြည့်အရုဏ်တွင် စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်းနှင့် ဆွမ်းတော်ကြီးကပ်လှူပူဇော်ခြင်း၊ မွန်းလွဲ ၁ နာရီတွင် ဘုရားအမှူးရှိသော ပင့်သံဃာ(၁၈၁)ပါးတို့အား သံဃာ့ပူဇာဆွမ်းဆန်စိမ်းလောင်းလှူပြီး၊ ညနေ ၆ နာရီတွင် ရေလယ်စေတီတော်မြတ်ကြီးအား ဆီမီးမျှောပူဇော်မည်ဖြစ်ပါသဖြင့် သဒ္ဓါကြည်လင်ပါရမီရှင်များ ကြွရောက်ကြည်ညိုလှူဒါန်းပူဇော်နိုင်ပါရန် ဖိတ်ကြားပါသည်။

ပျော်ပွဲရွှင်ပွဲအဖြစ် သစ္စာမေတ္တာရွှေမန်း(ချမ်းသာ)ဇာတ်သဘင်နှင့် မြန်မာ့ရိုးရာခြင်းလုံးအလှခတ်ပြပွဲများ၊ ဈေးပွဲတော်များ စီစဉ်ထားပါသည်။ ဈေးဆိုင်ခန်းအတွက် လူဟောင်းများအား မတ်လ ၈ ရက်မှ ၁၀ ရက်အထိ၊ လူသစ်များအား မတ်လ ၁၁ ရက်မှ ၁၃ ရက်အထိ ရောင်းချပေးမည်ဖြစ်၍ ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး(ဖုန်း-၀၉-၄၅၁၃၆၄၅၇၉)သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်းနှင့် ကျိုက်မှော်ဝန်းရေလယ်စေတီတော်မှ အနယ်နယ်အရပ်ရပ်သို့ အလှူခံအဖွဲ့များစေလွှတ်ထားခြင်းမရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဂေါပကအဖွဲ့**
**ရွှေဟောင်းသမိုင်းဝင်ကျိုက်မှော်ဝန်းရေလယ်စေတီတော်၊ ကျောက်တန်းမြို့**

ထက်အောင်လင်း 09-73040151
H.A.L TRAVELS
ချောင်းသာ (သီးသန့်)
09-49215713,09-258135556

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

## M.R.T.V ဝန်ထမ်းဟောင်းများအသင်း၏ ၂၀၁၅-ခုနှစ် နှစ်ပတ်လည်တွေ့ဆုံပွဲ

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀)ပြည့် နှစ်ပတ်လည်ဂုဏ်ပြုအထိမ်းအမှတ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများအသင်း၏ ၂၀၁၅ခုနှစ် နှစ်ပတ်လည်တွေ့ဆုံပွဲကို ဗဟန်းမြို့နယ် M-3 ခန်းမ၌ ၂၈-၂-၂၀၁၆ ရက်၊ (တနင်္ဂနွေနေ့) ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ M.R.T.V ဝန်ထမ်းဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

(လက်မှတ်များကို တစ်စောင်လျှင် ၅၀၀၀ိ/-နှုန်းဖြင့်၊ အမှုဆောင်များထံတွင်လည်းကောင်း၊ ယင်းနေ့ M-3 တွင်လည်းကောင်း ဝယ်ယူနိုင်ပါသည်။

**အမှုဆောင်အဖွဲ့**
**M.R.T.V ဝန်ထမ်းဟောင်းများအသင်း**






ကြော်ငြာ

# အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးစောထွန်းရီ**

**ဦးစီးအရာရှိ(ငြိမ်း) ဆည်မြောင်းဦးစီးဌာန**

**အသက်(၆၈)နှစ်**

ဗိုလ်ကြီးမျိုးထွန်းဦး (DSA-36) (ငြိမ်း) (လက်ထောက်မန်နေဂျာ၊ ကမ္ဘောဇဘဏ်၊ မော်လမြိုင်)၏ ချစ်လှစွာသောဖခင်ဖြစ်သူ ဦးစောထွန်းရီသည် ၂၂-၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၄ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၆)မှ သူငယ်ချင်းများ**

---

**အရာခံဗိုလ်ကျော်လွင်(ငြိမ်း)**

**တပ်မတော်(လေ-၇၄၈၆)**

**အသက် (၇၈)နှစ်**

ပျော်ဘွယ်မြို့နယ်၊ အလယ်ကုန်းကျေးရွာနေ (ဦးလှဘော်-ဒေါ်ငြိမ်း)တို့၏သား၊ (ဦးအုန်းမောင်-ဒေါ်တင်မေ) တို့၏ သားသမက်၊ မှော်ဘီမြို့၊ အမှတ်(၃၃)၊ တိုးချဲ့(၄)ရပ်ကွက်နေ ဒေါ်ညွန့်မှီ၏ခင်ပွန်း၊ ဦးညွန့်လွင်(ကျောင်းအုပ်ကြီး၊ အထက၊ လက်ခုပ်ကုန်း)၊ ဦးဟန်ထက်အောင်-ဒေါ်တင်တင်ကျော် (အုတ်စက်ရုံ၊ မှော်ဘီ)၊ ဒေါ်ချယ်ရီလွင် (အထကပြ၊ တပ်ကြီးကုန်း)၊ ဗိုလ်ကြီးထွန်းထွန်းနိုင်(ငြိမ်း)တို့၏ဖခင်၊ဗိုလ်ကြီးပြည့်ဖြိုး(ကမြိုင်)၊ မရတနာထက် (နည်းပညာတက္ကသိုလ်၊ မှော်ဘီ)တို့၏အဘိုးသည် ၂၃-၂-၂၀၁၆ (အင်္ဂါနေ့) နံနက် ၈ နာရီ တွင်ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရားရဟန်းသိမ်ကျောင်းဒါယကာ**

**ဦးကံကြီးအောင် (၆၄)နှစ်**

**(သံတွဲမြို့၊ ကင်းမော်ရွာ)**

သံတွဲမြို့၊ ဝါးနွယ်ပြင်ရွာနေ (ဦးအောင်ချစ်-ဒေါ်မခွေး)တို့၏သားကြီး၊ သံတွဲမြို့၊ ကင်းမော်ရွာ၊ လမ်းမတော် အမှတ်(၃၂၀)နေ (ဦးဘအေး)-ဒေါ်မြရီတို့၏သားသမက်၊ ဒေါ်တင်ရီ၊ ဒေါ်စမ်းမြင့်တို့၏မောင်၊ ဦးတင်သိန်း၊ ဦးတင်ရွှေ၊ ဒေါ်ယဉ်မေ၊ ဦးဇော်လင်းအောင်တို့၏ အစ်ကိုကြီး၊ မအေးအေးနွယ်၊ မောင်ဝင်းနွယ်-မတင်မိုးဝေ၊ မောင်အောင်ဖြိုးထက်တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ ဒေါ်ဝင်းကြွယ်၏ချစ်လှစွာသောခင်ပွန်း၊ ဦးကံကြီးအောင်သည် ၂၂-၂-၂၀၁၆ (တနင်္လာနေ့) ည ၁၂နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ် (၁၅၄/၂) (၁၀)လမ်း၊ (၁၄/၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

---

**ဦးခင်ဇော်ထွန်း (၆၄)နှစ်**

**B.E Civil (1977)**

**Technical Field Assistant(ငြိမ်း) UNHCR**

**ဥက္ကဋ္ဌ-မေတ္တာမီးအိမ် NGO**

ရန်ကုန်မြို့၊ မဟာဗန္ဓုလလမ်း၊ အမှတ် (၂၁၃/၂၁၇)နေ [ဦးသန်းထွန်း (ဒုအထွေထွေမန်နေဂျာ၊ အထည်အလိပ်၊ ကုန်သွယ်ရေး-ငြိမ်း)-ဒေါ်ခင်မေတင့်]တို့၏ တစ်ဦးတည်းသောသား၊ သီရိပုံချို [ဦးခင်ညွန့် (စက်ရှင်မင်းကြီး-ငြိမ်း)-ဒေါ်ကြွယ်ကြွယ်ညွန့်]တို့၏သားသမက်၊ ဒေါ်ခင်ညွန့်လင်း (B.Sc Hons; Chem;)၏ခင်ပွန်း၊ မနှင်းနုယဉ် (Accounts Executive-KBA Training Centre Pte Ltd)(ခေတ္တ-Singapore)၊ ဒေါက်တာဇာနည်ကျော် (St. Ann Bay Regional Hospital) (ခေတ္တ-Jamaica)တို့၏ဖခင် ဦးခင်ဇော်ထွန်းသည် ၂၃-၂-၂၀၁၆ (အင်္ဂါနေ့) နံနက် ၂း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရားဒါယကာ**

**ဦးထွန်းရွှေ(ခ)ကင်ဟင်ကြူ**

**အသက် (၈၄)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ်(၁၀)၊ (၁၉)လမ်း၊ မြေညီထပ်နေ တန်ရုတ်ဟုန်(ခ)ဒေါ်စိန်ရုံ၏ ချစ်လှစွာသောခင်ပွန်း၊ မခင်ခင်ကြည်-ကိုသန်းထူး၊ ကိုကြည်လေး-မနှင်းနှင်းဝါ၊ ကိုသန်းအောင်-မညိုညိုလွင်တို့၏ဖခင်၊ မဆုဝတ်ရည်၊ မောင်အောင်ကောင်းခန့်၊ မောင်မြင့်မြတ်မောင်၊ မောင်ကြည်စိုးထွန်းတို့၏အဘိုးသည် ၂၂-၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၆ (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး ၍ ၂၈-၂-၂၀၁၆ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရားရဟန်းသိမ်တန်ဆောင်း၊ ဒါယိကာမကြီး**

**ဒေါ်တင်တင်မ (၈၂)နှစ်**

**(ယုဝတီဂျာနယ်)**

ရန်ကုန်မြို့နေ၊ ဗမာ့ခေတ်သတင်းစာတိုက်ပိုင်ရှင် ဒေါ်ဒဂုန်ခင်ခင်လေး၏ သမီးတူမ၊ [ဦးမောင်မောင်ပေါက်(ခ)ဦးတင်မြတ်သာ-ဒေါ်တင်တင်ညွန့်]တို့၏ သမီး၊ ဦးထွန်းကြွယ်(ယုဝတီဂျာနယ်)၏ ဇနီး၊ (ဦးအောင်ကြည်)-ဒေါ်ခင်ခင်မ၊ (ဒေါက်တာကိုကိုကြီး)-ဒေါ်ခင်ခင်ဌေးတို့၏ညီမ၊ (ဦးတင်မောင်မောင်)၏ အစ်မ၊ ဒေါ်ခင်နီလာ၊ ဦးကျော်မြင့်-ဒေါ်ခင်သီတာ (L.A,U.S.A)၊ ဦးမိုးသက်မြင့်-ဒေါ်ခင်ဥမ္မာ (L.A,U.S.A)၊ ဦးဘဏ်စိုး-ဒေါ်ခင်သန္တာ (L.A,U.S.A) တို့၏မိခင်၊ ဝင်းထိုက်ကျော်(Ricky)၊ ဖြိုးသန္တာမောင် (Michelle) စုမဒီမောင် (Sara)၊ သဲမြတ်ဖြူစင်(Maruko)တို့၏ ချစ်လှစွာသောအဘွား ဒေါ်တင်တင်မသည် ၁၈-၂-၂၀၁၆ရက် မွန်းလွဲ ၁း၂၈ နာရီတွင် Los Angeles မြို့ Methodist Hospital ၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ကျောင်း ဒါယိကာမကြီး**

**ဒေါ်ကြင်ဝင်း (၆၂)နှစ်**

**B.Sc(Maths)**

**သာလွန်ရေယာဉ်များပိုင်ရှင်**

အမှတ်(၅၁)၊ မင်းရဲကျော်စွာလမ်း (ဗဟိုလမ်း)၊ အလုံမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးဘသိန်း-ဒေါ်လှ)တို့၏ သမီးထွေး၊ ဒေါ်ခင်မေရီ [လ/ထညွှန်မှူး-ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး]၊ ဒေါ်ကျင်ကြည် [ဒု-လ/ထညွှန်မှူး-ငြိမ်း၊ စက်မှု]၊ ဦးသန့်ဇင်ထွဋ် (ရေယာဉ်ပိုင်ရှင်)တို့၏ ညီမ၊ မဆွေသီရိဝင်း (Auditor-KMA Group)၊ မောင်ဘုန်းပြည့်ညွန့် (1st M.Sc Geology)တို့၏ မိခင်၊ (ဦးကြည်အေး)၏ဇနီး ဒေါ်ကြင်ဝင်းသည် ၂၂-၂-၂၀၁၆ရက် နံနက် ၁၁း၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

# အနိစ္စ

**ဒေါ်ခင်လှ (B.A Ed, B.Ed)**

**အထက်တန်းပြ-ငြိမ်း၊မော်လမြိုင်မြို့**

**အသက် (၇၇)နှစ်**

မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်း၊ စက်တန်းရပ်၊ အမှတ် (၆၁)နေ (ဦးအောင်မြင့်-ဒေါ်အေးကျင်)တို့၏သမီး၊ ဦးစိန်မြင့် (မန်နေဂျာ-ငြိမ်း၊ ကုန်သွယ် ရေး)၏ဇနီး၊ ရန်ကုန်မြို့နေ ဒေါ်ခင်အေး၊ ဦးမိုးဝင်းမောင် (MD, Htoo Htet Trading Co., Ltd)တို့၏အစ်မ၊ ဒေါ် သန္တာဝင်း (လ/ထ စာကြည့်တိုက်မှူး၊ နည်းပညာတက္ကသိုလ်၊ မော်လမြိုင်)၊ ဦးကျော်ခိုင်မြင့်- ဒေါ်အေးအေးမူ၊ ဒေါ်နွယ်နီဝင်း-ဦးသက်နိုင် (Director, Technical Supporting, ATR Co., Singapore) တို့၏မွေးသမိခင်၊ မကြည်ဖြူခင် (အထက-၈၊ မော်လမြိုင်)၊ မစုဖြူစင်ထက်၊ မဖြူစင်သက်နိုင် (White Sands Primary School Singapore)၊ မောင်ချစ်ဖုန်းသက်နိုင် (NPS International School Singa pore) တို့၏ အဘွားသည် ၂၂-၂-၂၀၁၆ (တနင်္လာနေ့) ညနေ ၆း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် မော်လမြိုင်မြို့ ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၁၆ (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဦးမြထွေး (၇၅)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်နေ ဦးဘခင်-ဒေါ်အေးရင်၊ ဦးစောပိုး-ဒေါ်မြရင်တို့၏ သားသမက်၊ ထောက်ကြန့်မြို့၊ လမ်းဆုံပိုင်ရပ်ကွက်နေ ဒေါ်စန်းမြိုင်၊ ဦးအုန်းကျင်-ဒေါ်စန်းတင်၊ ဦးအုန်းဆိုင်-ဒေါ်ထွေးတင်၊ ဒေါ်ရင်လှိုင်၊ ဒေါ်ရင်မြိုင်၊ ထောက်ကြန့် ပဲခူးလမ်းနေ ဦးဝင်းမြိုင်-ဒေါ်တင်ယုံ၊ လမ်းဆုံပိုင်ရပ်ကွက်နေ ဦးပု-ဒေါ်ရီ၊ ဦးမြအေး-ဒေါ်သန်းညွန့်၊ ပ/စံပြရပ်ကွက်နေ ဦးစိန်ဖေ-ဒေါ်ခင်ဝင်းတို့၏ညီ/မောင်၊ ဦးခင်မောင်အေး-ဒေါ်အေးအေးဝင်း၊ ဈေးရပ်ကွက်နေ ကိုကြည်ဝင်း၊ ကိုမြင့်အောင်တို့၏ အစ်ကို၊ ကိုဇော်မျိုးဦး-မခင်စန္ဒာတူး၊ မောင်တင်ထူးအောင်-မနော်အဲလေကလဲ၊ မောင်စိုးညွှန့်အောင်-မယဉ်မင်းခိုင်၊ မောင်ပိုင်သက်စိုး-မမေမြတ်သူ၊ မောင်ကျော်စွာလင်း(ခ)မော်စီ-မနန်းမြမြအေးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးကိုးယောက်တို့၏အဘိုး ထောက်ကြန့် ဈေးရပ်ကွက်၊ ပဲခူးလမ်း၊ အမှတ် (၁၁) နေ ဒေါ်ညွန့်သိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးမြထွေး (ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး)သည် ၂၃-၂-၂၀၁၆(အင်္ဂါနေ့) မွန်းလွဲ ၁း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထောက်ကြန့်မြို့၊ မြို့ရှောင်လမ်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေညီအစ်ကိုမောင်နှမများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**မမြင့်စံပယ်ထွန်း(ခ)မစံပယ်**

**B.A (Law)**

**အသက် (၃၃)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း၊ အမှတ် (၅၂/၅၄)နေ (ဦးကျော်ကြီး-ဒေါ်ညွန့်ရင်)တို့၏မြေး၊ ဦးလှဌေး(ခ)ဦးထွန်းထွန်း-(ဒေါ်အေးအေးမြင့်)တို့၏သမီးငယ်၊ ဦးအောင်သန်း-ဒေါ်ဖြူဖြူဝင်း (သစ်လုံးရောင်း-ငြိမ်း)တို့၏ သမီးချွေးမ၊ ဒေါ်ညွန့်ညွန့်တင်၏ တူမ၊ မခင်သန္တာအောင်၊ ဦးအောင်ကိုဦး-မစန္ဒာတို့၏ညီမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ (၁)ရပ်ကွက်၊ ငှက်ပျောတောလမ်းသွယ်နေ ဦးရန်မျိုးအောင်၏ ချစ်လှစွာသောဇနီး၊ မောင်ထက်ပိုင်ဖြိုး၊ မောင်သုတအောင် (အထက-၄၊ မင်္ဂလာတောင်ညွန့်)တို့၏ မိခင်သည် ၂၃-၂-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ခင်ထားဦး (၉၁)နှစ်**

**မြို့နယ်ပညာရေးမှူး(ငြိမ်း) လူမှုထူးချွန်(ပထမဆင့်) မဟာအောင်မြေမြို့နယ်၊**

**မိခင်နှင့်ကလေးစောင့်ရှောက်မှုအသင်းဥက္ကဋ္ဌဟောင်း**

ရွှေဘိုမြို့၊ စာရေးတန်းရပ်နေ ပထမဆုံး ခေတ်ပေါ် မောင်ရင်မောင် မမယ်မဝတ္ထု စာရေးဆရာကြီး၊ [ဂျိမ်း(စ်)လှကျော်-ဒေါ်ခင်လေးငယ်]တို့၏မြေး၊ (ဦးဘကျော်-ဒေါ်တင်တင်)တို့၏သမီး၊ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ (ဆ/၄၇)၊ (၁၀)လမ်းနေ ဦးအေးထွန်း (မြန်မာသစ်လုပ်ငန်း၊ ရောင်း/စက် မန်နေဂျာ-ငြိမ်း)၏ဇနီး၊ ဒေါက်တာမွန်မွန်ဂျိမ်း(စ်)လှကျော် (တွဲဖက်ပါမောက္ခ၊ နိုင်ငံတကာဆက်ဆံရေးပညာဌာန၊ ရတနာပုံတက္ကသိုလ်)၏မိခင်သည် ၂၂-၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၆း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ဆေးတက္ကသိုလ်(မန္တလေး) ခန္ဓာဗေဒဌာနသို့ လှူဒါန်းပြီးဖြစ်ပါကြောင်း။ [၂၄-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ဇရပ်၊ ရေတွင်း၊ ရေကန် ဒါယကာကြီး**

**ဦးအောင်ကျော် (၇၇)နှစ်**

**(မိုးကုတ်မြို့စေတနာ ကုသိုလ်ဖြစ်ဆေးခန်းမတည်အလှူရှင်)**

မိုးကုတ်မြို့၊ ရှမ်းစုရပ်နှင့် ရန်ကုန်မြို့၊ အမှတ် (၃၂၀/ဘီ)၊ ဦးဝိစာရလမ်းနေ ဒေါ်ကြည်ကြည်ထွန်း၏ခင်ပွန်း၊ ဒေါ်သီဂီထွန်း၊ (ဦးချိုချိုနိုင်)-ဒေါ်မိုးမိုး၊ ဦးသန်းနောင်၊ ဒေါ်အိသီတာထွန်းတို့၏ဖခင်ကြီး၊ ကိုအာကာမင်း-မပွင့်ဖြိုးအောင်၊ ကိုဖြိုးထက်မင်း-မမြတ်မြတ်သူ၊ ကိုသက်ထွန်းဦး-မနော်ဇွန်ယဉ်ဝေမြတ်တို့၏အဘိုး၊ ရွှန်းလဲ့ဝေဦး၏ဘိုးဘိုးကြီးသည် ၂၂-၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၆း၀၇ နာရီတွင် စင်ကာပူနိုင်ငံ Mount Elizabeth ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှ ၁၂း၃၀နာရီထိ အမှတ် (၃၂၀/ဘီ) နေအိမ်သို့ ရက်လည်တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဒေါ်ခင်တင်(ပုလော-တို) (၆၉)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ တိုကျေးရွာနေ (ဦးဘချိန်-ဒေါ် မိမိစိန်)တို့၏သမီး၊ ဦးမြစိန်-ဒေါ်ခင်ရှင်၊ (ဦးဘသန်းစိန်)-ဒေါ်ခင်ပိုးတို့၏ညီမ၊ ဦးမြင့်အောင်-ဒေါ်ချစ်သန်း၊ ဦးဝင်းကြွယ်-ဒေါ်သန်းဝင်း၊ ဦးမောင်သောင်း-ဒေါ်ခင်နှင်းတို့၏အစ်မ၊ တူ/တူမ ၂၈ ယောက်တို့၏အဒေါ်၊ ရန်ကုန်မြို့၊ အမှတ် (၂၀)၊ သီရိမင်္ဂလာလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ခင်တင်သည် ၂၂-၂-၂၀၁၆ (တနင်္လာနေ့) ည ၇း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၆ (အင်္ဂါနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၁၆ (သောကြာနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အမှတ် (၂၂)၊ ဦးလူနီလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးရွှေပြည်- ဒေါ်ချောစုအောင်တို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**မအေးမြဖြူ(မိုးကုတ်) (၄၃)နှစ်**

မိုးကုတ်မြို့၊ ရှမ်းစုရပ်နေ (အဖွားအုန်း)၊ (ဦးခင်-ဒေါ်ကျော့မေ)တို့၏မြစ်၊ ရန်ကုန်မြို့နေ (ဦးထွန်း-ဒေါ်ရွှေအိမ်)၊ (ဦးညွန့်မောင်)-ဒေါ်ထားကြည်တို့၏မြေး၊ ဦးဝင်းလွင်-ဒေါ်စန်းစန်းလွင်တို့၏တူမ၊ ပါမောက္ခဒေါက်တာဇေယျာထွန်း-ဒေါ်သန်းသန်းဌေးတို့၏တစ်ဦးတည်းသော ချစ်လှစွာသောသမီး၊ ကိုဘိုဘိုသုန်-မငုဝါနိုင်၊ ကိုမင်းပြည်စုံ-မဇင်နွယ်တို့၏ချစ်လှစွာသောအစ်မ၊ မြတ်သီရိဘို၏ကြီးကြီးသည် ၂၃-၂-၂၀၁၆(အင်္ဂါနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၆(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဒေါ်ခင်တင် (၆၉)နှစ်**

**တိုကျေးရွာ၊ ပုလောမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ တိုကျေးရွာနေ (ဦးဘချိန်-ဒေါ်မိမိစိန်)တို့၏သမီး၊ ဦးမြစိန်-ဒေါ်ခင်ရှင်၊ (ဦးဘသန်းစိန်)-ဒေါ်ခင်ပိုးတို့၏ညီမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ အမှတ် (၂၀/G)၊ သီရိမင်္ဂလာလမ်းနေ ဦးမြင့်အောင်-ဒေါ်ချစ်သန်း၊ ဦးဝင်းကြွယ်-ဒေါ်သန်းဝင်း၊ ဦးမောင်သောင်း-ဒေါ်ခင်နှင်းတို့၏ အစ်မ၊ တူ/တူမ ၂၈ယောက်တို့၏ အဒေါ် ဒေါ်ခင်တင်သည် ၂၂-၂-၂၀၁၆ (တနင်္လာနေ့) ည ၇း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၆(အင်္ဂါနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၁၆ (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ်(၂၂)၊ ဦးလူနီလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးရွှေပြည်-ဒေါ်ချောစုအောင်တို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**မောင်ချမ်းမြေ့အောင်(ခ) ကိုထက်**

**အသက် (၁၈)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၆၉)၊ စိန်ချယ်လမ်းနေ (ဦးအောင်နိုင်)-ဒေါ်စမ်းစမ်းမြင့်တို့၏ ချစ်လှစွာသော တစ်ဦးတည်းသောသား၊ (Dr.ဦးထွန်းအောင်ကျော်-ဒေါ်လေးလေး)၊ (ဦးလှမြင့်-ဒေါ်သန်းရင်)တို့၏ ချစ်လှစွာသောမြေး မောင်ချမ်းမြေ့အောင်(ခ)ကိုထက်သည် ၂၀-၂-၂၀၁၆ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၆(တနင်္လာနေ့)တွင် ရေးဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဆရာမ ဒေါ်ခင်လှ (၇၇)နှစ်**

**(B.A Ed, B.Ed)**

**(အထက်တန်းပြ-ငြိမ်း)**

မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်း၊ စက်တန်းရပ်၊ အမှတ် (၆၁)နေ (ဦးအောင်မြင့်-ဒေါ်အေးကျင်)တို့၏သမီး၊ ဦးစိန်မြင့်၏ဇနီး၊ ဒေါ်သန္တာဝင်း၊ ဦးကျော် ခိုင်မြင့်-ဒေါ်အေးအေးမူ၊ ဦးသက်နိုင်- ဒေါ်နွယ်နီဝင်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၂-၂-၂၀၁၆ (တနင်္လာနေ့) ညနေ ၆း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် မော်လမြိုင်မြို့ ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၁၆ (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ကိုကျော်သူရ (၃၅)နှစ်**

(အမေညို)၏မြေး၊ အမှတ် (၄၉၇၊ ၄၉၈ ၄-A)ခေမာသီရိလမ်း၊ မေတ္တာညွန့်နေ [ဦးသိန်းဇံ (မြန်မာ့လေကြောင်း)]-ဒေါ်မြမြသန်းတို့၏သားထွေး၊ (ဦးကံညွန့်)-ဒေါ်ချိုမာတို့၏တူ၊ ကိုတိုးညွန့်-မနန်းမို့မို့အောင်တို့၏မောင်၊ ကိုဝင်းမိုး-မဇင်မာသိန်းဇံ (ParkRoyal Hotel) တို့၏ အစ်ကို၊ ကိုဝင်းမင်းအောင် (Park Royal Hotel)-မခင်သီတာစောတို့၏ အစ်ကို၊ မစုစံ၏ဦးလေး၊ မောင်မင်းခန့်ကျော် (Grade-7၊ အလက-၁၁၊ တာမွေ)၏ဖခင်သည် ၂၂-၂-၂၀၁၆ (တနင်္လာနေ့) ည ၈း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၆ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဒေါ်ခင်စု(တောင်တွင်းကြီး) (၉၁)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောတောင်ရပ်ကွက်၊ အောင်သပြေလမ်း၊ တိုက်အမှတ် (၂၇/A-1)နေ (ဆရာဝန်ကြီး ဦးဘထွန်း-ဒေါ်ငွေ-ဒေါ်တင်တင်)တို့၏သမီးကြီး၊ [ဦးဇော်ဖေ (ညွှန်မှူး-ငြိမ်း၊ ကြေး/မြေဦးစီးဌာန)]၏ဇနီး၊ ဦးတင်ထွဋ်(လက်ထောက်အတွင်းဝန်၊ စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်ခင်ဇော်ဦး၊ ဦးဇော်ဝင်း-ဒေါက်တာဒေါ်ခင်ဇော်လတ်(အထူးကုဆရာဝန်ကြီး၊ အမျိုးသားမိုငြမ်းပြု TB စာတ်ခွဲဌာန-ငြိမ်း)၊ ဦးစိုးဝင်း-ဒေါ်ခင်ဇော်ထွေး၊ ဦးမောင်မောင်ဇော်-ဒေါ်သီတာရှိန်၊ ဒေါက်တာဒေါ်ခင်ဇော်အေး(U.K)၊ ဦးဇော်ထွဋ်(နိုင်ငံခြားရေး)-ဒေါ်ခင်ဇော်ဌေးတို့၏ချစ်လှစွာသောမိခင်ကြီး၊ မအေးသီရိယဉ်၊ ဒေါက်တာမြတ်သီရိဝင်း၊ မမေ သီရိဝင်း [MMA(MDR-TB PROJ )]၊ မောင်စည်သူဇော်၊ မောင်ဟိန်းသူဇော်တို့၏အဘွားဒေါ်ခင်စုသည် ၂၂-၂-၂၀၁၆(တနင်္လာနေ့) ညနေ ၅း၅၆ နာရီ တွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်အားဆေး(၁) လမ်းမတော်သို့ လှူဒါန်းပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၁၆(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ငွေကြည် (သဲအင်းယောဂီ) (၈၃)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း(၂၀)၊ အမှတ်(၁၅၅/ခ)နေ (ဦးသန်း-ဒေါ်တင်မေ)တို့၏သမီး၊ (ဦးညို)၏ဇနီး၊ (ဦးတင်မျိုးလှိုင်)-ဒေါ်သန်းသန်းဌေး၊ ဒေါ်မူမူအေး၊ (ဦးဝင်းမောင်)-ဒေါ်သစ်သစ်၊ (ဦးခင်မောင်ညို)၊ ဦးချစ်တင်-(ဒေါ်သန်းသန်းနု)၊ ဦးအောင်သန်း-ဒေါ်အေးအေးညို (အခြေခံပညာဦးစီးဌာန၊နေပြည်တော်)၊ ဦးခင်မောင်အေး-ဒေါ်သန်းသန်းနု၊ ဦးစိုးဝင်း-ဒေါ်ဝါဝါမေတို့၏ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၈ ယောက်၊ မြစ် ၁၂ ယောက်တို့၏အဘွားသည် ၂၃-၂-၂၀၁၆ နံနက် ၄း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၆ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

**ဦးစောဝင်စတန်သာဂျော်(ခ)ဦးအောင်ဝင်း (၇၅)နှစ်**

**(လ/ထ ညွှန်-မှူးဟောင်း၊စီမံကိန်းရေးဆွဲရေးဦးစီးဌာန)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ်(၅၂)၊ တန်းမြင့်ကျောင်းလမ်း၊ တောင်သူကုန်းရပ်ကွက်နေ (ဦးဂျီသာဂျော်-ဒေါ်သိန်းမြ)တို့၏သားကြီး၊ စောဇစ်တာသာဂျော်-နော်သွဲစာ၊ ဦးနော်မန်သာဂျော်-ဒေါ်ဆွေဆွေသန်း၊ ဦးခင်မောင်ဦး-ဒေါ်ဂွန်ရှိစ်သာဂျော်၊ (ဦးအောင်သာဂျော်-ဒေါ်ဝင်နီ)၊ ဦးစောရွှေအောင်မိုး-နော်ဒိုစေး၊ စောအလက်ဇန္ဒား-နော်ခင်နှင်းလှိုင်တို့၏အစ်ကိုကြီး၊ နော်ဘဲဘေး (ဆောက်လုပ်ရေး-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ စောအယ်စိုး၊ (စောစေးခူ)-နော်ဇင်မာဝင်း(ဝေါလ်ဗီရှင်)၊ နော်သန္တာဝင်း(ပြည်တွင်းရေကြောင်း)၊ စောအယ်ဒါး (3/E JSM)-နော်ရှားရိုဖေါ၊ စောခူဒါး (C/cook JSM)-နော်မေလဲ့စိုး၊ စောအေးချမ်းမြင့်ဦး-နော်စန္ဒာဝင်း(FMI Air Ltd)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ စောဂေးလ်ဒရက်ဖြူ၊ စောစော်လမွန်တီ၊ နော် Freesiaမေဒါးတို့၏ဘိုးဘိုးကြီးသည် ၂၂-၂-၂၀၁၆ရက် ည ၈း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄-၂-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် အင်းစိန်မြို့နယ်၊ တောင်သူကုန်းကရင်နှစ်ခြင်းအသင်းတော်၌ ဈာပနဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

**ဦးမြင့်ကျော် (၅၆)နှစ်**

**မြန်မာ့မီးရထား၊ မလွှကုန်းဒီဇယ်စက်ရုံ**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ (၂)လမ်း၊ အမှတ်(၁၄၂)၊ ပထမထပ်နေ (ဦးခင်မောင်-ဒေါ်စိန်ကြည်)တို့၏သား၊ (ဦးသိန်းမောင်-ဒေါ်နှင်းစိန်)တို့၏သားသမက်၊ ဦးခင်မောင်လတ်-ဒေါ်ခင်စန်း၊ (ဦးမြင့်သိန်း)၊ ဦးခင်မောင်ဌေး-ဒေါ်သိန်းလှတို့၏ ညီ/မောင်၊ ဦးသန်းမြင့်-ဒေါ်သက်ထားခင်တို့၏အစ်ကို၊ မမေသူသန့်၏ဖခင်၊ ဒေါ်ခင်မေကြည်၏ချစ်လှစွာသောခင်ပွန်း ဦးမြင့်ကျော်သည် ၂၃-၂-၂၀၁၆ (အင်္ဂါနေ့) နံနက် ၄း၀၆နာရီတွင် အောင်ရတနာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၆(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဒေါ်ခင်မာကြည်**

**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဘိုကလေးကျောင်းလမ်း၊ အမှတ်(၁၆)နေ (ဦးမြသန်း-ဒေါ်ခင်သန်း)တို့၏သမီး၊ ဒေါ်ဝင်းကြည်၊ ဦးသိန်းဝင်း၊ ဦးမြင့်အောင်တို့၏ညီမ၊ ဒေါ်ဌေးဌေးမြင့်၊ ဒေါ်မိုးသူဇာတို့၏အစ်မ၊ ဦးမျိုးအောင်၏ ချစ်လှစွာသောဇနီး၊ မောင်အောင်ခန့်ဇော်၊ မောင်မျိုးစည်သူတို့၏ မိခင်သည် ၂၂-၂-၂၀၁၆ (တနင်္လာနေ့) ည ၁၁း၂၅နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၆(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဗိုလ်ကြီးညွှန့်ဝင်း(ငြိမ်း) အသက်(၅၀)**

**ကြည်း-၂၄၈၆၉ (YOC.42)**

ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်နေ (ဦးစောမောင်-ဒေါ်မြကြင်) (ပင်တိုင်စံ စတိုး)တို့၏သားထွေး၊ (ဦးကြိုင်-ဒေါ်တိုးရွှေ)တို့၏ သားသမက်၊ (ဦးခင်ထွန်း)၊ (ဒေါ်စန်းနွဲ့)၊ (ဦးညွန့်ရွှေ)၊ ဒေါ်အေးသိန်း၊ ဒေါ်ကြည်ကြည်အေး၊ ဦးအောင်မြင့်နိုင်၊ ဦးလှမြင့်၊ ဒေါ်ခင်ဇော်မြင့်၊ ဒေါ်ခင်မြမြ၊ ဒေါ်မာလာရီတို့၏ ညီထွေး/မောင်၊ ဒေါ်ကြူဝင်းခိုင်၏ခင်ပွန်း၊ မောင်ပိုင်သက်ဖြိုး၏ကျေးဇူးရှင်ဖခင် ဗိုလ်ကြီးညွှန့်ဝင်းသည် ၂၃-၂-၂၀၁၆(အင်္ဂါနေ့) နံနက် ၆း၄၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၆(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**ဒေါက်တာရဲသူသူ (၃၄)နှစ်**

**M.B.B.S**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အုန်းပင်လမ်း (အထက်)၊ အမှတ်(၇၉)နေ (ဦးမောင်ကို-ဒေါ်မြသိန်း)၊ (ဦးစိန်ပို-ဒေါ်စုစု)တို့၏မြေး၊ ဦးသိန်းဟန် (ဌာနမှူး-ငြိမ်း၊ မင်္ဂလာဒုံလေယာဉ်ဆိပ်ဌာန M.P.P.E)-[ဒေါ်ငွေနွဲ့နွဲ့ယဉ် (ဌာနမှူး-ငြိမ်း၊ ဘဏ္ဍာရေး၊ M.P.P.E )]တို့၏သားငယ်၊ (မောင်ရဲဝင်းထွန်း-ကိုကြီး)၊ မောင်ရဲလင်းထွန်း(ကိုငယ်)၊ တေးရေး မြင့်မိုးအောင်-မကေခိုင်စုတို့၏ညီ/မောင်၊ ဒေါက်တာဦးကျော်လွင်-(ဒေါ်မော်လီချစ်)၊ ဒေါ်မြမြစိမ်း၊ ဒေါ်အေးအေး၊ ဦးစိန်ဝင်း-ဒေါ်လှလှဇင်၊ ဒေါ်သန်းသန်းဌေး၊ ဦးကျော်နိုင်-ဒေါ်ရှုယဉ်(၇၇Cake)၊ (ဦးစိန်မောင်-ဒေါ်သောင်းတင်)၊ (ဦးသိန်းတန်)-ဒေါ်ခင်ခင်၊ (ဦးညွန့်လှိုင်)-ဒေါ်သန်းသန်းရီ၊ ဦးကြည်အောင်-ဒေါ်မြင့်မြင့်ခိုင်တို့၏ တူသည် ၂၃-၂-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၆ (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

Hot Line No-0930500100

## အယ်လ်နီညိုရာသီဥတုနှင့်ပတ်သက်သည့် အရေးကြီးအဆို ဆွေးနွေး

ပြည်သူ့လွှတ်တော်အစည်းအဝေး စာမျက်နှာ - ၇

## ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီဖွဲ့စည်းခြင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းရေးဆောင်ရွက်

အမျိုးသားလွှတ်တော်အစည်းအဝေး စာမျက်နှာ - ၇




## ဒို့တာဝန်အရေးသုံးပါးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်နိုင်ရန် တပ်မတော်က ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်၊ ကျောက်မဲမြို့နယ်များအတွင်း ရှင်းလင်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်၊ ကျောက်မဲမြို့နယ်များအတွင်း SSA(ရှက်ဆစ်) အဖွဲ့နှင့် TNLA သောင်းကျန်းသူအဖွဲ့များ တိုက်ပွဲဖြစ်ပွားမှုကြောင့် ဒေသခံပြည်သူများ ဒုက္ခများကြုံတွေ့နေမှုအပေါ် တိုက်ပွဲများ အမြန်ဆုံးရပ်ဆိုင်းနိုင်ရေးနှင့် စစ်ဘေးရှောင်ပြည်သူများ၏ လူမှုဒုက္ခများဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးတို့အတွက် ဖေဖော်ဝါရီ ၁၇ ရက်က ပြုလုပ်ခဲ့သော ပြည်သူ့လွှတ်တော်အစည်းအဝေး၌ နိုင်ငံတော်အစိုးရ၊ ရှမ်းပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးအား တိုက်တွန်းကြောင်း အရေးကြီးအဆို တင်သွင်း၍ ဆွေးနွေးဆုံးဖြတ်ပြီး အတည်ပြုခဲ့သည့်အတွက် တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒို့တာဝန်အရေးသုံးပါးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် တိုက်ပွဲဖြစ်ပွားရာဒေသများသို့ ဝင်ရောက်လှုပ်ရှားရှင်းလင်းလျက်ရှိသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်၊ ကျောက်မဲမြို့နယ်များအတွင်း SSA(ရှက်ဆစ်) အဖွဲ့နှင့် TNLA သောင်းကျန်းသူအဖွဲ့များသည် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၅ ရက်မှ ယခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်အထိ တိုက်ပွဲအကြိမ်(၂၀)ဖြစ်ပွားခဲ့ပြီး အဆိုပါလက်နက်ကိုင်အဖွဲ့များသည် ကျေးရွာများကို မီးရှို့ခြင်း၊ ရဟန်းသံဃာများကို ဖမ်းဆီးခြင်း၊ ရွာသူရွာသားများကို ဖမ်းဆီးသတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့ရာ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၅ ရက်အတွင်း ကျောက်မဲခရိုင်အတွင်းမှ ဒေသခံပြည်သူ အမျိုးသား ၁၄၆၇ ဦး၊ အမျိုးသမီး ၂၁၉၀ ဦး စုစုပေါင်း ၃၆၅၇ ဦးသည် ကျောက်မဲမြို့ပေါ်နှင့် မိုးမိတ်၊ နမ့်ခမ်းမြို့နယ်များရှိ ကျေးရွာများသို့ တိမ်းရှောင်လျက်ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၅ သို့ ✱

## မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ

## မြန်မာဖျံသွေးက ဆွစ်ဇာလန်ကို အလဲထိုး

**ရေး ဖေဖော်ဝါရီ ၂၃**

ရေးမြို့တွင် (၁၂၈)ကြိမ်မြောက်ရွှေဆံတော်စေတီနှင့် စကားတောင်စေတီဗုဒ္ဓပူဇနိယပွဲတော်၌ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများတွင် ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲက လက်ဝှေ့ ယှဉ်ပြိုင်ပွဲမကျင်းပမီ မြန်မာအဆိုတော် တေးသံရှင်များက တေးသီချင်းများသီဆိုဖျော်ဖြေညှော့ခံပေးကြသည့်အပြင် Super Stars Model Agency မှ သရုပ်ဆောင်မော်ဒယ်များကလည်း ကကွက်ဆန်းများဖြင့် ကပြဖျော်ဖြေတင်ဆက်ပေးကြသည်။

ဆက်လက်ပြီး ကလပ်အသီးသီးမှ လက်ဝှေ့အကျော်အမော်များ၏ သုံးချီကြားပွဲ ခြောက်ပွဲ တွဲဆိုင်းများ ယှဉ်ပြိုင်ထိုးပြီးနောက် အထူးစိန်ခေါ်ပွဲများဖြစ်သော ရှမ်းကို(မြန်မာ)နှင့် အန်ဒရာလူးဝစ်(ဘရာဇီး)အတွဲ ငါးချီစိန်ခေါ်ပွဲတွင် ရှမ်းကို(မြန်မာ)က သုံးချီမြောက် ၁၃ စက္ကန့်ဖြင့် အလဲထိုးအနိုင်ရရှိသွားပြီး ဖျံသွေး(မြန်မာ)နှင့် ဂျလီဂါ(ဆွစ်ဇာလန်) ငါးချီအတွဲဆိုင်းကို ဆက်လက်ယှဉ်ပြိုင်ထိုးခဲ့ရာ ဖျံသွေး(မြန်မာ)က နှစ်မိနစ် စက္ကန့် ၄၀ ဖြင့် ဂျလီဂါ(ဆွစ်ဇာလန်)အား အလဲထိုးအနိုင်ရသွားခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**






themirror.npt@gmail.com
www.facebook.com/themirrordaily